# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၁)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် မိန့်ခွန်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၈**

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးပေါ်လွင်စိန်၊


*စာမျက်နှာ ၃ ကော်လံ ၁* ●


**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ**

*စာမျက်နှာ - ၁၀*


**အီရတ်နှင့် အီရန် ဝေဟင်ပိုင်နက်များတွင် လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် တားမြစ်**

*စာမျက်နှာ - ၁၄*





# ဖက်ဒရယ်ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေးပန်းတိုင်သို့

ယနေ့ ၈ ဇန်နဝါရီ၊ ၂၀၂၀တွင် (၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတစ်ရပ် နေပြည်တော်တွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်တွင်းစစ်ဘေးဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ရခြင်းကို ကုစားနိုင်ရန်အလို့ငှာ ပြည်သူ့အစိုးရပေါ်ပေါက်ချိန်မှစကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အစဉ်တစိုက် အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ပေသည်။ ထိုလက်နက်ကိုင် ပဋိပက္ခသည်ကား လွတ်လပ်ရေးနှင့် ဖွားဖက်တော်ဖြစ်သည့် ပြင်းထန်ပူလောင်လှသော ရှည်ကြာစစ်ဖြစ်ခဲ့လေရာ အချိန်တိုကာလအတွင်း ရပ်စဲနိုင်ရန် ခက်ခဲနေမည်ဟု ပြည်သူတို့ နားလည်ကြပြီးဖြစ်ပါသည်။

နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို ဦးတည်ကာ ချမှတ်လျှောက်လှမ်းရသည့် ရည်မှန်းချက်ပန်းတိုင်ဟူသည်မှာ ခက်ခဲသည်ဆိုရုံမျှနှင့် လက်လျှော့ရသည်မဟုတ်ဘဲ မရအရ ကြိုးပမ်းအားထုတ်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

ထို့အတွက် တရားဝင်ဆွေးနွေးပွဲများကို တစ်နှစ်ကျော်ကြာ ကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်စတင်နိုင်သည့် ဆုံစည်းမှုအဖြစ် ယနေ့ညှိနှိုင်းအစည်းအဝေးကို သတ်မှတ်ရမည်ဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံကို နိုင်ငံရေးအနှစ်သာရပြည့်ပြည့်ဖြင့် ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အရေးကြီးသော အကြိုပြင်ဆင်မှုဟု ဆိုရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းတွင် ပြောကြားသွားခဲ့ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဟူသည် အမှန်တကယ်လိုအပ်ချက်ဖြစ်ကြောင်း ပြည်သူလူထုက ရင်နှင့်ရင်းကာ ခံစားနားလည်ကြပြီးဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်း၌ လူတို့အကြား မတူညီမှုများ၊ သဘောထားချင်းမတိုက်ဆိုင်မှုများ ဆိုသည်က ရှိနေကြမည်ပဲဖြစ်ပါသည်။ ထိုမတူညီမှုများကြားတွင် အားလုံးအတွက် ဘုံတူညီသည့်သဘောထားမှာ နိုင်ငံသားတို့ကြား တန်းတူညီမျှရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ဖြစ်သည်ဟု ဆိုလျှင် မမှားနိုင်ပါ။

လူဟူသည် သဘာဝဗီဇအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းနေလိုမည်သာ။ ကြမ်းတမ်းမှုများ၊ စစ်မက်ဖြစ်ပွားမှုများ၊ ခိုက်ရန်ဒေါသများ၊ သတ်ဖြတ်နှိပ်စက်မှုများကို မည်သို့သော ပုံမှန်လူသားကမှ လိုလားမည်မဟုတ်ပါ။ ထို့ကြောင့် လူသားတို့သည် ပန်းများပွင့်လန်းသည်ကို မြင်လိုသည်။ မွေးပျံ့သင်းကြိုင်မှုကိုသာ ခံစားလိုသည်။ ငြိမ်းချမ်းမှု၏အရသာဖြင့် ထုံလွှမ်းလိုသည်သာ ဖြစ်ပါသည်။ မည်သို့သော ပြည်သူလူထုအစိတ်အပိုင်းကမှ ခိုက်ရန်ဖြစ်ပွားမှု၊ စစ်ဘေးဒဏ်တို့ဖြင့် ကြုံတွေ့နေရမှုတို့ကို မလိုလားပါချေ။

သို့သော်လည်း ညှိနှိုင်းလို့မရသည့် လက်နက်ကိုင်ပဋိပက္ခများကို နှစ်ရှည်လများ ကြုံတွေ့နေရခြင်းဖြင့် နိုင်ငံသည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ဆုတ်ယုတ်မှုများဖြင့်သာ ဆက်တိုက်တွေ့ဆုံကာ ကပ်ဘေးအမျိုးမျိုးသင့်နေသည်ကား သင်ခန်းစာယူစရာဖြစ်ဖို့ လိုချေပြီ။ တိုင်းရင်းသားတို့ကြား တောင့်တလွန်းလှပြီဖြစ်သော မျှော်လင့်ချက်ကြီးဖြစ်သည့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးက နိုင်ငံသားအားလုံး၏ ပန်းတိုင်ဖြစ်နေပြီ။

ပြည်သူတို့က အရောက်လှမ်းချင်သည့် ပန်းတိုင်ကို မည်သည့်အတွက်ကြောင့် မလျှောက်ရဲရမည်နည်း။ အမှန်တော့ သည်ပန်းတိုင်သည် ယနေ့မှ ရုတ်တရက်ပေါ်လာသည့် စိတ်ကူးမဟုတ်ဘဲ မိမိတို့၏ ရှေးအစဉ်အဆက်မှစကာ အိပ်မက်ခဲ့ကြသည့် အမွေအနှစ်အိပ်မက်ဖြစ်ပါသည်။ သည်ပန်းတိုင်သည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတို့အတွက် ချမှတ်လျှောက်လှမ်းနေသည် မဟုတ်ဘဲ နိုင်ငံသားအားလုံး၏ အကျိုးကို မျှော်ကိုးကာ ချီတက်နေကြခြင်းဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရေးအတွက် အခြေခံသဘောတူညီမှုများကိုလည်း ရရှိထားကြပြီးဖြစ်ရာ ယနေ့ဆွေးနွေးပွဲများက ထိုသဘောတူညီချက်များကို ပိုမိုအောင်မြင်အောင် ညှိနှိုင်းနိုင်ကြပါစေကြောင်း မင်္ဂလာနှစ်သစ်တွင် ဆုမွန်တောင်းလိုက်ရပါသည်။ ငြိမ်းချမ်းသည့် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အမြန်ဆုံး တည်ဆောက်နိုင်ပါစေသတည်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမြင့်ဇော်<br>အထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) | ဦးအောင်မြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## ကလေးမြို့တွင် သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့လှူဒါန်းနိုင်

**ကလေး ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ ( ၁၃ ) တွင် အသက် ၆၅ နှစ်နှင့်အထက် ကူညီထောက်ပံ့မှု လိုအပ်သော ဘိုးဘွားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးတို့အတွက် လူမျိုးဘာသာမရွေး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရန် ရည်ရွယ်၍ ကလေးမြို့ ဘိုးဘွားရိပ်သာကို ယမန်နှစ်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိဘိုးဘွားရိပ်သာတွင် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများဖြစ်သော မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်၊ မော်လိုက်မြို့နယ်၊ တမူးမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် ကလေးမြို့နယ်များမှ ဘိုးဘွား ၂၂ ဦးကို ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ အဆိုပါ ဘိုးဘွားများအား ကျွေးမွေးထောက်ပံ့လှူဒါန်းလိုလျှင်ဖြစ်စေ၊ ငွေပဒေသာပင်သို့ ထည့်ဝင်လှူဒါန်းလိုလျှင်ဖြစ်စေ ဘိုးဘွားရိပ်သာ ရုံးဖုန်း- ၀၉ ၉၅၅၈၈၉၁၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုကျော် (ကလေး)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း အောက်လွှတ်တော်အမတ် Mr.Nakatani Gen နှင့် Mr.Hamada Yasukazu တို့အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း အောက်လွှတ်တော်အမတ် Mr.Nakatani Gen နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း အောက်လွှတ်တော်အမတ် Mr.Hamada Yasukazu တို့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီပေးနေသည့် ကိစ္စများဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ အကူအညီ ပေးအပ်နေသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

## ထိုင်းနိုင်ငံ Kasikorn Bank မှ မြန်မာနိုင်ငံ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်သို့ ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ထည့်ဝင်ခြင်း အဆိုပြုလွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံ Kasikorn Bank (K Bank) မှ မြန်မာနိုင်ငံ ရောဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (A Bank) သို့ ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ထည့်ဝင်ခြင်း အဆိုပြုလွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ် ထရာဆရီမိုင်းသရီဖိတပ်၊ ထိုင်းဗဟိုဘဏ်မှ Assistant Governor Mrs.Nawaron Dejusuvan၊ A Bank နှင့် K Bank တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် နှစ်နိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (A Bank) အနေဖြင့် ထိုင်းနိုင်ငံအခြေစိုက် Kasikorn Bank (K Bank) ထံမှ အကျိုးတူရင်းနှီးမြှုပ်နှံမှု (Equity Participation) လက်ခံဆောင်ရွက်နိုင်ရန်အတွက် A Bank နှင့် K Bank တို့မှ လက်ရှိဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ထည့်ဝင်ခြင်း အဆိုပြုလွှာများကို ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြခဲ့ကြသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**





အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

● *ရှေ့ဖုံးမှ*

နိုင်ငံတော်တိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦးတို့ တက်ရောက်ကြပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောမိုရှေး၊ (DKBA) စစ်ရေးဌာနမှူး စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာနော်ကပေါ်ထူး၊ တွဲဖက်အတွင်းရေးမှူး စောကျော်ညွှန့်၊ (KNU) ကရင်အမျိုးသားအစည်းအရုံး အထွေထွေ အတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင် ပဒိုစောအယ်ကလူစေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာခွန်ဆာ၊ အတွင်းရေးမှူး ကျာဆော်လမွန်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ အထွေထွေ အတွင်းရေးမှူး ဆလိုင်းထလာဟေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ- ၆ တွင် သီးခြားဖော်ပြထားပါသည်။)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း။

### မျှော်လင့်ချက်ရောင်နီဦးလည်းဖြစ်

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "ဒီနေ့ကျင်းပတဲ့ (၈)ကြိမ်မြောက် JICM အစည်းအဝေးဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်စဦးမှ ပထမဆုံးကျင်းပတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြမှာဖြစ်လို့ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စိတ်ဆန္ဒပြင်းပြနေကြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးရဲ့ မျှော်လင့်ချက်ရောင်နီဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂၈)ရက်က ကျင်းပခဲ့တဲ့ (၇)ကြိမ်မြောက် JICM အစည်းအဝေးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးများရပ်တန့်မှုကိုလည်း နိဂုံးချုပ်စေတဲ့နေ့ ဖြစ်ပါတယ်။

### စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး

"ယခုလို အစည်းအဝေးမှာ တက်ရောက်လာသူများ အားလုံးအနေနဲ့လည်း နိုင်ငံသူနိုင်ငံသားများအားလုံး လိုလားတောင့်တနေကြတဲ့ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အမြန်ဆုံးရရှိရေး အတွက်ကို ဦးတည်ချက်ထားရေးရှုပြီး တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆွေးနွေးသွားကြဖို့နှင့် ဆွေးနွေးချက်ရလဒ်များကို အချိန်မဆိုင်းဘဲ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ဖို့လည်း အရေးကြီးကြောင်း သတိပြုကြစေလိုပါတယ်။

### အမြန်ဆုံးရလဒ်ကောင်းများပြသ

"ဒီလိုဦးတည်ချက်ထား ရေးရှုညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း အချိန်အတိုဆုံးနဲ့ အောင်မြင်တဲ့ဆွေးနွေးမှု ရလဒ်ကောင်းများရရှိဖို့လည်း အထူးပဲလိုအပ်ပါတယ်။ ပိုးသာကုန် မောင်ပုံစောင်းမတတ် ဆိုသလို အချိန်ကုန်ခံ၊ ငွေကုန်ခံပြီး ဆွေးနွေးနေမှုသာရှိပြီး ရလဒ်ကောင်း အဖြေမရှိခဲ့ရင်၊ မရခဲ့ရင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး မျှော်လင့်ချက်ဟာလည်း သဲထဲရေသွန်သလို ဖြစ်နေမှာပဲဆိုတာ ကျွန်တော်တို့ အားလုံးက သတိပြုကြဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် ၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအရရော၊ ငြိမ်းချမ်းရေးအရရော အရေးကြီးတဲ့နှစ်၊ စိန်ခေါ်မှုများနဲ့ ပြည့်နှက်နေတဲ့နှစ်ဆိုတာလည်း သတိမမေ့ကြဘဲ ကန့်သတ်ချက်ကြားမှ စိန်ခေါ်မှုအသီးသီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာကျော်လွှားသွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူတစ်ရပ်လုံးက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မြန်မာ့နည်းမြန်မာ့ဟန်နဲ့ လျှောက်လှမ်းနေတဲ့ နိုင်ငံဖြစ်တဲ့အပြင် ထပ်မံ၍လည်း ပိုမိုပြီးပြည့်စုံနိုင်မယ့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ဖို့လည်း နိုင်ငံရေးပိုင်းမှာရော၊ တပ်ပိုင်းဆိုင်ရာ ထာဝရငြိမ်းချမ်းရေးကိစ္စရပ်များကိုလည်း ပြင်းပြတဲ့ဆန္ဒရှိနေကြတဲ့ ပြည်သူများ လိုလားချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ဆက်လက် အကောင်အထည်ဖော်သွားနိုင်ဖို့ ယခု JICM အစည်းအဝေးမှာ တိုက်တွန်းပြောကြားလိုပါတယ်။ ရလဒ်ကောင်း အဖြေ တစ်ရက်စောရရင် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများ တစ်ရက်စောပြီး စိတ်ချမ်းသာပျော်ရွှင်မှုခံစားရမှာဖြစ်တဲ့အပြင် ခေတ်မီနိုင်ငံတော်ကြီးဆီ တစ်ရက်စောရောက်အောင် အင်တိုက်အားတိုက် ယခုထက်ပိုမိုစွမ်းဆောင်နိုင်ကြမှာဖြစ်လို့ EAO အသီးသီးကရော အစိုးရ၊ တပ်ပိုင်းဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များကပါ ဆွေးနွေးညှိနှိုင်းအဖြေရှာရာမှာ အချိန်ကာလယန္တရားကို အတိုဆုံးလျှော့ချနိုင်သမျှ လျှော့ချပြီး အမြန်ဆုံးရလဒ်ကောင်းများ ပြသနိုင်ရေး ကြိုးပမ်းပေးကြဖို့လည်း ပြောကြားလိုပါတယ်။

"ဒီလိုအချိန်ကန့်သတ်ချက်ယန္တရား လျှော့ချနိုင်ဖို့ အတွက်ဆိုရင် နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းအဖြေရှာရာမှာ တောင်းဆိုတဲ့ဘက်ကလည်း ဖြစ်နိုင်ခြေရှိတာကိုသာ တောင်းဆိုဆွေးနွေးညှိနှိုင်းရင် လိုက်လျောဖို့ ဖြစ်နိုင်ခြေ ရှိ/မရှိ ဆောင်ရွက်ပေးရမည့် နိုင်ငံတော်အစိုးရဘက်မှာလည်း ညှိနှိုင်းအဖြေရှာရာမှာ အချိန်များစွာကြန့်ကြာမှုကို ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။

### လောကရဲ့နိယာမတစ်ခုလည်းဖြစ်

"ကျွန်တော်တင်ပြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့တာ ၂၀၁၉ ခုနှစ် အကုန်အထိဆိုရင် (၉) နှစ်ပြည့်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ (၁၀) နှစ်ခရီးကိုတောင် လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ဒီမိုကရေစီသက်တမ်းနုပင်နုငြားသော်လည်း လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ဟာ ဒီမိုကရေစီနှင့်ပတ်သက်တဲ့ တည်ဆဲအခြေခံဥပဒေဖြစ်သည်နှင့်အညီ ပေးထားတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တူညီတဲ့ရပိုင်ခွင့်၊ တူညီတဲ့လုပ်ငန်းတာဝန်၊ တူညီတဲ့ အာဏာခွဲဝေမှုနှင့် အခွင့်အရေးများ အားလုံးဟာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို မတူညီသော ဒီမိုကရေစီအခွင့်ရေး၊ ဒေသအပေါ် အခြေခံတဲ့ ဒီမိုကရေစီ၊ လူမျိုးအလိုက်ပေါ်အခြေခံတဲ့ ဒီမိုကရေစီ မဖြစ်ရလေအောင် စုပေါင်းစဉ်းစားမှုအားမှတစ်ဆင့် ရရှိလာတဲ့ရလဒ်ဖြစ်လို့ (၉)နှစ်တာကာလအတွင်း ကြီးမားတဲ့ ဒီမိုကရေစီကျင့်စဉ် ဖောက်လွဲဖောက်ပြန်မှုများ၊ ဒီမိုကရေစီနောက်ကြောင်းပြန်လှည့်မှုများအပါအဝင် ဒီမိုကရေစီလမ်းကြောင်းပေါ်မှသွေဖည်မှုများ လုံးဝနီးပါးမဖြစ်ပေါ်သလောက် ဖြစ်စေခဲ့တာဟာလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ယနေ့ကမ္ဘာကြီး၏ Globalization ဖြစ်စဉ်များ၊ IT ခေတ်ရဲ့ ပြောင်းလဲတိုးတက်မှု ဖြစ်စဉ်ဖြစ်ရပ်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အတိုင်းအတာတစ်ခုအထိသာ ပြည့်စုံမှာဖြစ်ပြီး (၉)နှစ်ခရီး ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့တဲ့ အတွေ့အကြုံများအရ ပြင်ဆင်သင့်တဲ့ အချက်အလက်အချို့လည်း ရှိကောင်းရှိနေမှာဖြစ်ပါတယ်။ ဘယ်အရာမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိတာဟာလည်း လောကရဲ့နိယာမတစ်ခုလည်း ဖြစ်ပါတယ်။ ဒ့ါကြောင့်မို့လို့လည်း တည်ဆဲအခြေခံဥပဒေကို ပြင်ဆင်သင့်တာ ပြင်ဆင်နိုင်ရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)ပါ ဥပဒေနဲ့အညီ ပြင်ဆင်နိုင်ရေး ဆောင်ရွက်နေတာရှိသလို တပ်မတော်မှလည်း အခန်း(၁၂)ပါ ပြင်ဆင်ရေးဥပဒေနှင့်အညီ ပြင်ဆင်နိုင်ဖို့ဆိုတာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။

### ကြီးမားတဲ့ ဟန့်တားနှောင့်ယှက်မှု

"တစ်ပိုင်းကလည်း နိုင်ငံရေးအရ UPDJC မှာ အချိန်အတိုဆုံးနဲ့ ဖြစ်နိုင်ချေရှိသည့်အချက်များပေါ်မှ အောင်မြင်မှုရလဒ် အသီးအပွင့်များရယူရန် ဆွေးနွေးသလို ထာဝရငြိမ်းချမ်းရေးအတွက်လည်း တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို JMC ဘက်ကတစ်ဆင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆွေးနွေးညှိနှိုင်းကျော်ဖြတ်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်ဘက်ယုံကြည်မှုက အရေးကြီးသလို ယုံကြည်မှုရဲ့ဆန့်ကျင်ဘက်ကတော့ စိုးရိမ်ပူပန်မှုဖြစ်ပါတယ်။ ဒီအချက်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ ကြီးမားတဲ့ ဟန့်တားနှောင့်ယှက်မှုကို ဖြစ်ပေါ်စေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၇ ခုနှစ် မေ ၂၄ ရက်က ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ ထည့်သွင်းမှာကြားခဲ့တဲ့အပြင် NCA ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ချခိုင်းတဲ့စာချုပ်မဟုတ်ကြောင်း၊ တပ်မတော်ရဲ့ငြိမ်းချမ်းရေးရပ်တည်ချက်ဟာ ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်တဲ့ NCA လမ်းကြောင်းပေါ်မှာ မသွေမဖည်ခိုင်ခိုင်မာမာ ရပ်တည်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ NCA လမ်းကြောင်းလျှောက်လှမ်းရာမှာလည်း ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့အသိတရား၊ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အရှိတရားဖြစ်တဲ့အတွက် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးမူ (၆)ရပ်နှင့်အညီ ခိုင်မာစွာရပ်တည် လုပ်ဆောင်သွားမှာဖြစ်ကြောင်း ရှင်းလင်းစွာ အသိပေးထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ တပ်မတော်အပိုင်းအနေနဲ့ JICM မှာပဲဖြစ်ဖြစ် ၊ JMC မှာပဲဖြစ်ဖြစ်၊ UPDJC မှာပဲဖြစ်ဖြစ်၊ NCA လမ်းကြောင်းအတိုင်းသာ ဆက်လက် ခိုင်ခိုင်မာမာ ရပ်တည်လျက် ဆွေးနွေးညှိနှိုင်းမှု အချိန်ကာလယန္တရား လျှော့ချမှုအတွင်းမှ ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

### ဆက်လက်ကြိုးပမ်းအားထုတ်

"လုပ်ငန်းစဉ်တစ်ခု၊ တည်ဆောက်မှုတစ်ခုကို လုပ်ဆောင်ရာမှာ အခြေခံ၊ အုတ်မြစ် foundation ဆိုတာ မရှိမဖြစ်လိုအပ်ရာ ကျွန်တော်တို့ရဲ့ JICM ဟာ မြန်မာ

*စာမျက်နှာ ၄ သို့*




အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တက်ရောက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

နိုင်ငံသူ နိုင်ငံသားအားလုံး ပြင်းပြတဲ့စိတ်ဆန္ဒအရ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးနှင့် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေးအတွက် အချိန်ကာလယန္တရား လျှော့ချမှုအတွင်း ညှိနှိုင်းဆွေးနွေးကြပြီးနောက် ကောင်းမွန်တဲ့ရလဒ်အဖြေများရယူရာမှာ အဓိက Foundation တစ်ခုဖြစ်ပြီး ကျွန်တော်တို့ကလည်း Founder ဖြစ်တယ်လို့ ခံယူလျက် စိတ်ဆန္ဒပြင်းပြစွာနဲ့ အောင်မြင်မှုအသီးအပွင့်ကို ခံစားလိုကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးအတွက် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအမြန်ဆုံးရရှိအောင် ယနေ့မှစ၍ အားသွန်ခွန်စိုက်ရိုးသားမှု အမှန်တကယ်ငြိမ်းချမ်းရေး ရယူလိုမှု၊ အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုအပေါ် အခြေခံလျက် စိတ်ရှည်သည်းခံခြင်း၊ မလျှော့တဲ့ လုံ့လဝီရိယတို့ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်”ဟု ပြောကြားသည်။

### လေးနက်စွာယုံကြည်

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က “ဒီအစည်းအဝေးဖြစ်မြောက်အောင် အားတက်သရော ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များနဲ့ နှစ်ဖက်ခေါင်းဆောင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီအစည်းအဝေးမှာ ဆွေးနွေးအတည်ပြုရမယ့် အကြောင်းအရာတွေကို နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေက နှစ်ကြိမ်တိုင်တိုင် ကြိုတင်ညှိနှိုင်းပြင်ဆင်ပြီးဖြစ်လို့ ဆွေးနွေးအတည်ပြုတဲ့အခါမှာ အဆင်ပြေချောမွေ့မယ်လို့ လေးနက်စွာယုံကြည်ပါတယ်။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်။

“JICM ဟာ NCA စာချုပ်ရဲ့ အမြင့်ဆုံးယန္တရားဖြစ်သည်နှင့်အညီ တစ်နှစ်ကျော်ကြာ တည်ရှိနေတဲ့တစ်ဆို့မှုတွေ ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေကို ဒီအစည်းအဝေးကနေ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။ တစ်ဆို့မှုကျော်လွှားရေး နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေအတွက် ဆွေးနွေးညှိနှိုင်းရမယ့် အကြောင်းအရာတွေကို JICM ကနေ ချမှတ်အတည်ပြုပေးမှာ ဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေ တရားဝင်တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးအတွက် လမ်းဖွင့်ပေးရမှာ ဖြစ်ပါတယ်။ ၂၀၂၀ နှစ်လယ်လောက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေးကို ဦးတည်ပြီး လုပ်ငန်းအစီအစဉ်အဆင့်ဆင့်ကို ချမှတ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

### ဝိုင်းဝန်းအဖြေရှာကြဖို့လို

“NCA စာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အဖွဲ့အစည်းအားလုံး ပါဝင်မှသာ ပြီးပြည့်စုံအောင်မြင်မှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ဝိုင်းဝန်းအဖြေရှာကြဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်ချမှတ်ရာမှာ လက်ရှိဖြစ်ပွားနေတဲ့ အဘက်ဘက်က အခြေအနေတွေကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုကောင်းကျိုးကို ဦးထိပ်ထားပြီး ၂၀၂၀ နှစ်သစ်ကူးတဲ့အချိန်မှာ တစ်တိုင်းပြည်လုံး မျှော်လင့်စောင့်စားနေတဲ့ ရလဒ်ကောင်းတွေကို နှစ်သစ်ကူးလက်ဆောင်မွန်အဖြစ် ဒီ JICM အစည်းအဝေးကနေ ယူဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောကြားသည်။

### ဆွေးနွေးအတည်ပြု

ထို့နောက် တက်ရောက်လာကြသူများက NCA အခန်း (၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ NCA အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်းနှင့် NCA အခန်း(၆) ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ အကောင်အထည်ဖော်ရေးကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ရယူရေးကိစ္စ၊ ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်မည့် အဆင့်လိုက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုများကိစ္စ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်ကိစ္စများဖြစ်သည့် အပိုင်း (၁) NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ အပိုင်း (၂) ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အပိုင်း (၃) အခြေခံမူသဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပနိုင်ရေးကိစ္စ၊ NCA ပါ ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးအတွက် NCA အပေါ်အခြေခံ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးကိစ္စ၊ UPDJC နှင့် JMC အစည်းအဝေးများ ခေါ်ယူကျင်းပရန်ကိစ္စတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က ယနေ့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် ထူးမြတ်ပြီး မင်္ဂလာရှိသည့် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်လိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့မှုကျော်လွှားရေး ဆွေးနွေးရန်အတွက် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲများကတစ်ဆင့် ရလဒ်ကောင်းမွန်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-( ၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေးကို ယနေ့ (၈)ကြိမ်မြောက် JICM အစည်းအဝေးက မီးစိမ်းပြပေးလိုက်ပါကြောင်း၊ ထိုသို့ရလဒ်ကောင်းများရအောင် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကျင်းပပြီး ကြိုးပမ်းပြင်ဆင်ပေးခဲ့ကြသည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များနှင့် နှစ်ဖက်ခေါင်းဆောင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လေးစားဂုဏ်ပြုပါကြောင်း။

ယနေ့ အစည်းအဝေးကတစ်ဆင့် ခေါင်းဆောင်များအကြား တည်ရှိနေသည့် ယုံကြည်မှု၊ နားလည်မှု၊ အပြန်အလှန် အသိအမှတ်ပြုမှု၊ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်လျှင် အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်ကြရန်လည်း သဘောထားရှိကြပါကြောင်း၊ မိမိတို့သည် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ ဆွေးနွေးဖော်ဆွေးနွေးဖက်၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြရုံမျှမက NCA ကို ပူးတွဲပိုင်ဆိုင်သည့် သူများဖြစ်ကြသည့်အတွက် NCA နှင့်ပတ်သက်လျှင် နှစ်ဖက်စလုံးတွင် တာဝန်ကိုယ်စီ



(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေး (JICM) သဘောတူဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ သို့*



ညွန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းတို့ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ရှိကြပါကြောင်း၊ NCA အောင်မြင်မှု အသီးအပွင့်အတွက် ဂုဏ်ပြုခြင်းခံရသကဲ့သို့ တစ်ဆို့နှောင့်နှေးမှုအတွက်လည်း အပြောအဆိုခံရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် NCA အကောင်အထည်ဖော်ဆောင်မှုများ ပြီးစီးအောင်မြင်အောင် လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခု အစည်းအဝေးပြီးသည်နှင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရန်ရှိပါကြောင်း၊ ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် ယခုအစည်းအဝေးက ချမှတ်ပေးလိုက်သည့် ဆွေးနွေးသည့် အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ညှိနှိုင်းဆွေးနွေးသည့်အခါတွင်လည်း အားလုံးအကျိုးမျှော်ကိုးပြီး အလျှော့အတင်းလုပ်ရန်နှင့် လိုအပ်ပါက ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားကြစေလိုပါကြောင်း။

## ဆွေးနွေးအဖြေရှာ

တစ်ဖွဲ့ချင်းအလိုက် ဆွေးနွေးမှုနှင့် စုပေါင်းဆွေးနွေးမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆွေးနွေးမှုရလဒ်များနှင့် လုပ်ငန်းစဉ်များကို သဟဇာတဖြစ်ရန်၊ အချိတ်အဆက်မိရန် သတိထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်ရေးအတွက် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ကွင်းဆင်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် တတ်နိုင်သမျှ ကြိုးပမ်းကြစေလိုပါကြောင်း၊ အခက်အခဲ ပြဿနာများ ကြုံတွေ့ရသည့်အခါ ဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

## ဂုဏ်ယူမှတ်တမ်းတင်

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့အစည်းအဝေးတွင် သဘောတူညီချက် (၈)ချက်ကိုလည်း အောင်မြင်စွာဖြင့် နှစ်ဖက်ပြေလည်စွာ ဆွေးနွေးညှိနှိုင်းအတည်ပြုနိုင်ခဲ့သည့်အတွက် ထပ်လောင်းဂုဏ်ယူပါကြောင်း၊ JICM အစည်းအဝေး ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၈)ကြိမ်ရှိပြီဖြစ်ပြီး ယခုအကြိမ်ကဲ့သို့ အဆင်ပြေ ချောမွေ့စွာဖြင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်း၍ အောင်မြင်စေရန် ဆွေးနွေး အတည်ပြုနိုင်သည်မှာ များစွာကြည်နူးစရာ မြင်ကွင်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းမှာလည်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းအားလုံးမှ တာဝန်ရှိသူများ၏ စွမ်းဆောင်ချက်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နောက်ကွယ်မှ ယခုကဲ့သို့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ဆောင်ရွက်ပေးကြသည့် အလုပ်အမှုဆောင်အဖွဲ့များ၏ စွမ်းဆောင်ချက်ဟု ပြောမည်ဆိုပါကလည်း မမှားပါကြောင်း၊ ထို့ကြောင့် အလုပ်အမှုဆောင်အဖွဲ့များ၊ အတွင်းရေးမှူးအဖွဲ့များ အားလုံးကိုလည်း ကျေးဇူးတင်ရှိပြီး ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း။

## ရေရှည်မျှော်တွေး

ဆက်လက်၍လည်း JICM ၏ နောက်ဆက်တွဲ အကောင်အထည်ဖော် ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များကိုလည်း အတွင်းရေးမှူးအဖွဲ့များ၊ ညှိနှိုင်းဆွေးနွေးမှု အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တနေသည့် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြန်ဆုံး ဖြည့်ဆည်းနိုင်ရန်အတွက် ရေရှည်မျှော်တွေး၍ တစ်ဖက်နှင့်တစ်ဖက် အတိုးအလျှော့ဖြင့် ဆောင်ရွက်ပေးကြပြီး ဆွေးနွေးညှိနှိုင်းကြရန်လည်း မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် အကောင်အထည်ဖော်သည့်အချိန်တွင်လည်း အဖွင့်တွင် မိမိဆွေးနွေး တင်ပြသကဲ့သို့ အချိန်ကာလယန္တရားကို အတတ်နိုင်ဆုံးလျှော့ချ၍ အောင်မြင်သည့် ရလဒ် အသီးအပွင့်များ ရရှိသည့်အထိ အားလုံးဝိုင်းဝန်းကြိုးစားမှသာလျှင် မိမိတို့ လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးသို့ မလွဲမသွေ အရောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိ၏ နိဂုံးချုပ်စကားမှာ ဝမ်းသာစကားနှင့် ကျေးဇူးတင်စကားပင်ဖြစ်ပါကြောင်း၊ ပထမဆုံးအချက်မှာ မိမိတို့ ယခုအစည်းအဝေးကို အောင်အောင်မြင်မြင်ကျင်းပသွားနိုင်ခြင်းသည် နှစ်ဦးနှစ်ဖက်ကြားထဲတွင် နားလည်မှုပိုပြီးရှိလာခြင်းနှင့် တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိလာသည်ဆိုသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ ရှေ့ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်တို့ ပြောကြားသွားခဲ့သည့်အတိုင်း ယနေ့ကျင်းပသည့် JICM အစည်းအဝေးသည် ပြေပြေပြစ်ပြစ် ချောချောမောမော မြန်မြန်ဆန်ဆန်ပြီးခဲ့ပါကြောင်း၊ မိမိတို့အချင်းချင်း နားလည်မှုယူနိုင်သည့် စွမ်းအားများသည်လည်း တိုးတက်လာပါကြောင်း၊ ယင်းမှာ မိမိတို့၏ အလုပ်အမှုဆောင်အဖွဲ့များ၊ ရုံးအဖွဲ့များ၏ ကြိုးစားမှုများကြောင့် ဖြစ်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ပါကြောင်း။

ဒုတိယအချက်မှာ ယခုအစည်းအဝေးနှင့် တိုက်ရိုက်မဆက်စပ်သော်လည်း မိမိပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ အခက်အခဲနှင့် ရင်ဆိုင်နေရသည့်နေရာတွင် မိမိတို့၏ ပြည်ထောင်စုသားချင်းများ၊ အဖွဲ့အစည်းများ ဝိုင်းဝန်းပြီး အားပေးထောက်ခံပေးသည့်အတွက် မိမိတို့ အင်မတန်မှ အားတက်ရပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း။

## ကောင်းသည့် နိမိတ်ဖြစ်

တတိယအချက်အနေဖြင့် ယနေ့အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့လုံး တက်ရောက်ကြပါကြောင်း၊ ထိုသို့ ၁၀ ဖွဲ့လုံး တက်ရောက်နိုင်အောင် အင်မတန်မှ ကြိုးစားပမ်းစားလုပ်ခဲ့ရပါကြောင်း၊ ထိုသို့ စည်းစည်းလုံးလုံး စုစုဝေးဝေး အားလုံးစုံစုံလင်လင် တက်ရောက်သည့်အတွက် များစွာဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ပြည်ထောင်စုအတွက်၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ယခုအစည်းအဝေးသည် အင်မတန်မှကောင်းသည့် နိမိတ်ဖြစ်ပါကြောင်း၊ နှစ်ဦးအစတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပထမဦးဆုံး ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမဆုံး အစည်းအဝေးတွင် မိမိတို့ ယခုလိုအောင်မြင်မှုများ၊ ဝမ်းသာစရာများ၊ ကျေနပ်စရာများ များစွာဖြစ်ခဲ့ခြင်းသည် ကောင်းသည့် နိမိတ်ဖြစ်သည့်အတွက် ယခုမင်္ဂလာနှစ်သစ်ကူးသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နှစ်သစ်ကူးတစ်ခုဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့သည် ယင်းအပေါ်အခြေခံပြီး များစွာကြိုးစားပြီး အလုပ်လုပ်ရဦးမည်ဆိုသည်ကို နားလည်ပါကြောင်း၊ အစကောင်းမှ နှောင်းသေချာဆိုသည့်အတိုင်း ယခုနှစ်ကူး၊ နှစ်သစ်အစသည် အင်မတန်ကောင်းမွန်ခြင်းကြောင့် နှောင်တွင်လည်း ပိုပြီးကောင်းသော၊ ပို၍ပို၍ကောင်းသော ရလဒ်များထွက်ပေါ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့ ယုံကြည်ချက်အတိုင်း အောင်မြင်ရန်လည်း အားလုံးဝိုင်းဝန်းကြိုးစားပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းတို့က ယနေ့ညှိနှိုင်းအစည်းအဝေးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "JICM ကျင်းပပြုလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီတစ်ကြိမ်က အချိန်တိုတိုအတွင်း သဘောတူချက်တွေ ရယူနိုင်ခဲ့တဲ့ အစည်းအဝေးဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားတဲ့အတိုင်း ငြိမ်းချမ်းရေးအတွက် အတိတ်နိမိတ်ကောင်းကို ကောင်းမွန်စွာနဲ့စတင်နိုင်တဲ့ အစည်းအဝေးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေ့အစည်းအဝေးမှာ သဘောတူညီချက် ၈ ချက်ရပါတယ်။ သဘောတူညီချက်တွေဟာ NCA အခန်း (၃၊၄၊၆) အဲဒါတွေနဲ့ ပတ်သက်လို့လည်း ဆောင်ရွက်သွားမယ့်အပေါ်မှာ သဘောတူညီချက်ရပါတယ်။

## မူဘောင်သဘောတူညီချက်

"နောက်တစ်ခုကတော့ NCA အကောင်အထည်ဖော်တာနဲ့ ပတ်သက်ပြီးတော့ နှစ်ဦးနှစ်ဖက်ကြားမှာ မူဘောင်သဘောတူညီချက်တွေရယူဖို့၊ ၂၀၂၀ အလွန်မှာ ဆက်လက်ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်တွေ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေ ဒီအပေါ်မှာ JICM က ဒီကနေ့သဘောတူလိုက်ပါပြီ။ နောက်တစ်ခုကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ချုပ်ဆိုမယ့် စာချုပ်ပုံစံကိုလည်း သဘောတူညီနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်း ပထမလေးလတာ ကာလအတွင်းမှာ ကျင်းပဖို့ကို ခေါင်းဆောင်တွေဆုံးဖြတ်ခဲ့ပါတယ်။

## အောင်မြင်တဲ့ အစည်းအဝေးဖြစ်

"နောက်တစ်ချက်ကတော့ NCA အဓိပ္ပါယ်ဖွင့်ဆိုချက်တွေနဲ့ပတ်သက်လို့လည်း အလုပ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ဖို့ ခေါင်းဆောင်တွေက ချမှတ်ပေးခဲ့ပါတယ်။ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းတွေပါဝင်ဖို့ NCA အခြေခံနဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ဆိုတဲ့ အချက်ပေါ်မှာလည်း သဘောတူညီမှုရရှိခဲ့ပါတယ်။ နောက်ဆုံးအချက်ကတော့ UPDJC နဲ့ JMC အစည်းအဝေးတွေကို (၈) ကြိမ်မြောက် JICM အစည်းအဝေးအပြီး (၂) လအတွင်းမှာ ခေါ်ယူကျင်းပဖို့ဆိုတဲ့ အပေါ်မှာလည်း သဘောတူညီချက်တွေ ရပါတယ်။ အားလုံးပေါင်း (၈) ချက် သဘောတူညီချက် ရပါတယ်။ ဒီနေ့အစည်းအဝေးကတော့ အောင်မြင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ အချိန်တိုတိုအတွင်းမှာလည်း ပြီးမြောက်ခဲ့တဲ့အစည်းအဝေး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆက်ပြီးတော့လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကိုလည်း ဆက်ပြီးတော့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ JICM အစည်းအဝေးက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေ၊ သဘောတူညီချက်တွေပေါ်မှာ အခြေခံပြီးတော့ နှစ်ဦးနှစ်ဖက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## အပြောင်းအလဲတွေဖြစ်လာမယ်

"ပြည်ထောင်စုသဘောတူညီချက်မှာ ၃ ပိုင်း ပါပါတယ်။ အပိုင်း (၁) ကတော့ NCA အကောင်အထည်ဖော်မှုနဲ့ ပတ်သက်တဲ့ မူဘောင်သဘောတူညီချက်၊ မူဘောင်သဘောတူညီချက်ဆိုတာက အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်တဲ့အပိုင်းပါ။ ဒီအရာတွေကို ဘယ်လို ဆောင်ရွက်သွားကြမလဲ။ နိုင်ငံရေးဆွေးနွေးပွဲတွေကိုဘယ်လိုသွားကြမလဲဆိုတဲ့ မူဘောင်သဘောတူညီချက်တွေ ဖြစ်ပါတယ်။ အပိုင်း (၂) ကတော့ ၂၀၂၀အလွန် အဆင့်အလိုက် လုပ်ငန်းစဉ်တွေနဲ့ အဆင့်အလိုက်အကောင်အထည်ဖော်မှုတွေဖြစ်ပါတယ်။ ဒီတစ်ကြိမ်ကျင်းပမယ့် ညီလာခံက အခုအစိုးရ သက်တမ်းမှာ နောက်ဆုံးကျင်းပတဲ့ ညီလာခံဖြစ်မှာပါ။ ၂၀၂၀ ရွေးကောက်ပွဲတွေပြီးရင် နောက်ထပ်အစိုးရ အပြောင်းအလဲတွေဖြစ်လာမယ်။ ဒီအချိန်မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က ဘယ်လိုဆက်ပြီး သွားကြမလဲဆိုတဲ့အပေါ်မှာ စိုးရိမ်ပူပန်မှု ရှိပါတယ်။ စိုးရိမ်ပူပန်မှုရှိတဲ့အပေါ်မှာ အားလုံးက သဘောတူတဲ့ အဆင့်လိုက် အဆင့်လိုက် ဘယ်လိုသွားမလဲ ဘယ်အဆင့်ပြီးရင် ဘယ်လိုသွားမလဲဆိုတာကို သဘောတူညီချက်ယူမယ်။ ရရှိလာတဲ့ သဘောတူညီချက်ကို အပိုင်း(၂) ထည့်သွင်းမှာ ဖြစ်ပါတယ်။ အပိုင်း(၃)ကတော့ ဒီမိုကရေစီ နဲ့ဖက်ဒရယ်အခြေခံမူသဘောတူညီချက် တွေဖြစ်ပါတယ်။

## အပိုင်း (၃) ပိုင်း ပါဝင်

"ပြည်ထောင်စုသဘောတူညီချက် (၁) နဲ့ (၂) မှာ ၅၁ ချက်ရထားပြီးဖြစ်ပါတယ်။ ရထားပြီးတဲ့ အခြေခံမူတွေကြားမှာ ဆွေးနွေးဖို့ရှိပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်ကလည်း ဘုံအားဖြင့် သဘောတူညီထားတဲ့ ဖက်ဒရယ်အခြေခံမူတွေ ရှိတယ်။ EAOs ဘက်မှာလည်း ဘုံအားဖြင့် သဘောတူညီထားတဲ့ ဖက်ဒရယ်အခြေခံမူတွေရှိပါတယ်။ ဒါတွေနဲ့နှစ်ဦးနှစ်ဖက်ညှိနှိုင်းလိုက်မယ်ဆိုရင် အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဖက်ဒရယ်မူတွေ ရနိုင်သမျှရနိုင်ပါတယ်။ ရလာတဲ့သဘောတူညီချက်တွေကိုလည်း အပိုင်း (၃)အနေနဲ့ ထည့်ပြီးချုပ်မှာ ဖြစ်ပါတယ်။ ဒါက ပြည်ထောင်စု သဘောတူစာချုပ် အပိုင်း (၃) အနေနဲ့ လာမယ့်ညီလာခံမှာချုပ်ဆိုမှာသည် အပိုင်း (၃) ပိုင်း နဲ့ ပါဝင်မှာဖြစ်ပါတယ်။

"အဓိက ကတော့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်ဖို့ NRPC နဲ့ ငြိမ်းချမ်းရေး ကော်မရှင်က ဆောင်ရွက်နေတယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းမှာလည်း ပါပါတယ်။ အစိုးရနဲ့ EAOs ကြားမှာအစဉ်တစိုက် ဆွေးနွေးခဲ့တဲ့ကိစ္စဖြစ်တယ်။ EAOs အနေနဲ့ ညှိနှိုင်းတာတွေရှိသလိုပဲ၊ အစိုးရအပိုင်းမှာလည်း ညှိနှိုင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီလပိုင်းမှာပဲ ပြန်တွေ့ဖို့ရှိပါတယ်။ ပြီးခဲ့တဲ့လမှာ တွေ့ခဲ့တာတွေ ရှိပါတယ်။ အထူးသဖြင့် မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နဲ့ ဖြစ်ပွားနေတဲ့လက်နက်ကိုင်တိုက်ပွဲတွေနဲ့ပတ်သက်လို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးထား တာရှိပါတယ်။ ဖြစ်ပွားနေတဲ့ အရာတွေကို အမြန်ဆုံးလျှော့ချဖို့ဆိုရင် နှစ်ဖက်သဘောတူညီချက်ရဖို့လိုပါတယ်။ အဲဒါကို ကျွန်တော်တို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ တရားဝင် ဆွေးနွေးပွဲတွေလုပ်သလိုပဲ အလုပ်သဘောဆွေးနွေးပွဲတွေ လုပ်ပါတယ်။ *စာမျက်နှာ ၇ သို့*

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM တွင် ပြောကြားသည့်အဖွင့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်)

**JICM အစည်းအဝေး၏ အရေးပါမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခြင်း**

ဒီကနေ့ အစည်းအဝေးကတော့ (၈)ကြိမ်မြောက် JICM အစည်းအဝေးပဲ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးဟာ ကျွန်မတို့အားလုံး လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါတဲ့ မှတ်တိုင်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ တစ်နှစ်ကျော်ကြာကာလအတွင်းမှာ တရားဝင် ဆွေးနွေးပွဲတွေကို ပထမဆုံးအကြိမ် ပြန်လည်စတင်နိုင်တဲ့ ဆုံမှတ်တစ်ခုဖြစ်သလို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံကို အောင်အောင်မြင်မြင်၊ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ဖို့အတွက် အရေးကြီးတဲ့ အကြိုပြင်ဆင်မှုလည်း ဖြစ်ပါတယ်။

ကျွန်မတို့ အားလုံးအနေနဲ့ မတူညီတဲ့အမြင်တွေ၊ ထပ်တူမကျတဲ့ စဉ်းစားတွေးခေါ်မှုတွေ ရှိနေကြပေမယ့်လည်း ကျွန်မတို့အားလုံးရဲ့ရည်မှန်းချက်ပန်းတိုင်က အမျိုးသားတန်းတူရေးနဲ့ အမျိုးသားညီညွတ်ရေးကို အခြေခံတဲ့ “ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး” ပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်စေဖို့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့အတွက် ကျွန်မတို့ အားလုံးရဲ့ အနာဂတ်ပြည်ထောင်စုအိပ်မက်ဟာ အငြင်းပွားဖွယ်ရာမရှိ တစ်ထပ်တည်းကျနေတယ်ဆိုတာကို အားလုံးသိရှိနားလည်လက်ခံထားကြပြီး ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုကို “ဥမကွဲ သိုက်မပျက်” အရှည်သဖြင့် တည်တံ့ခိုင်မြဲစေဖို့ဆိုရင် အားလုံးသဘောတူ လက်ခံနိုင်တဲ့ “ဖက်ဒရယ်ပြည်ထောင်စုပုံစံ” နဲ့ပဲ ရှေ့ကို ဆက်သွားဖို့ ဖြစ်ပါတယ်။

“ဖက်ဒရယ်ပြည်ထောင်စုအိပ်မက်” ကို အတူတကွ အိပ်မက်မက်ကြသူတွေဖြစ်တဲ့ ကျွန်မတို့အားလုံးဟာ ပန်းတိုင်ကို စိတ်တူကိုယ်တူ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မျှော်မှန်းချက်က ဘာလဲဆိုတာ အားလုံးရဲ့ သဘောထား တစ်ထပ်တည်း ကျနေပြီးသား ဖြစ်ပါတယ်။ ဒီအပေါ်မှာ ဘယ်သူကမှ သံသယမရှိကြပါဘူး။ ဒါပေမယ့် ဒီအိပ်မက်ကို ဘယ်လို ပုံဖော်ကြမလဲ၊ ကျွန်မတို့အားလုံး သတ်မှတ်ထားပြီးသားဖြစ်တဲ့ ပန်းတိုင်ကိုရောက်အောင် ကျွန်မတို့ ဘယ်လိုသွားကြမလဲဆိုတဲ့ နည်းနာပိုင်းဆိုင်ရာမှာပဲ အမြင်မတူညီတာတွေ ရှိနေတာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ မတူညီတဲ့ နည်းနာပိုင်းဆိုင်ရာ စဉ်းစားချက်တွေကို ဘုံသဘောတူလက်ခံတဲ့ အနေအထားကို ရှာဖွေနိုင်ဖို့ သဘောတူညီချက်တွေ ချမှတ်မှာဖြစ်တဲ့အတွက် ဒီကနေ့ အစည်းအဝေးဟာ တရားဝင်အစည်းအဝေးတွေ “ပြန်လည်စတင်နိုင်ခြင်း”ဆိုတာထက် ပိုမိုသာလွန်တဲ့ နိုင်ငံရေးအနှစ်သာရကို ဖော်ပြနေပါတယ်။

**လာမည့် (၂၁)ရာစုပင်လုံညီလာခံတွင် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ရည်မှန်းချက်များ**

ကျွန်မတို့အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော်ခဲ့ချိန်မှာ NCA စာချုပ်ကို အခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ကောင်းတွေ ချမှတ်နိုင်မယ့် နိုင်ငံရေးသဘောတူညီချက်တွေ ရရှိနိုင်ဖို့ ရည်မှန်းချက်ထားရှိခဲ့ပါတယ်။ ပြန်ပြီးကြည့်ရင် နှစ်ဆယ်ရာစုပင်လုံညီလာခံနဲ့ ပြည်ထောင်စုကို အတူတကွ တည်ဆောက်ကြဖို့ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျွန်မတို့ရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ သဘောတူညီခဲ့ကြပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ဒါပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် အားလုံးမျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုကြီးက အကောင်အထည်ပေါ်မလာနိုင်ခဲ့ဘဲ လက်နက်ကိုင် ပဋိပက္ခနဲ့ ကျွန်မတို့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ မိဘ၊ ဘိုးဘွားတွေ အိပ်မက်မက်ခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဆက်လက်ပြီး တည်ဆောက်နိုင်ဖို့ အရေးကြီးတဲ့ ဖက်ဒရယ်မူတွေရှိဖို့ လိုပါတယ်။ ဒီလို ဖက်ဒရယ်မူတွေ ချမှတ်နိုင်ဖို့အတွက် မျှော်တွေးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို ကျွန်မတို့ ကျင်းပနေတာ ဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ (၃) ကြိမ်မှာ ကျွန်မတို့အားလုံး သဘောတူ ချမှတ်နိုင်ခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတွေအဖြစ် သဘောတူညီချက် (၅၁)ချက်ကို ရရှိထားပြီးဖြစ်ပါတယ်။ ရရှိထားတဲ့ (၅၁) ချက်ဟာ ကျွန်မတို့အားလုံး မျှော်မှန်းထားတဲ့ ပြည်ထောင်စုအိပ်မက်အတွက် လုံလောက်တဲ့ အခြေခံမူတွေတော့ မဟုတ်သေးပါဘူး။ အနာဂတ်ပြည်ထောင်စုကို ပုံဖော်နိုင်ဖို့ ပိုမိုပြည့်စုံ၊ ပိုမိုလွှမ်းခြုံနိုင်တဲ့ ဖက်ဒရယ်အခြေခံမူတွေ ရရှိအောင် ကျွန်မတို့ အားလုံး ဆက်လက်ပြီးတော့ ကြိုးပမ်းအားထုတ်ကြရမှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၂၀ အလွန်ကာလတွေမှာလည်း NCA အကောင်အထည် ဖော်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုဆက်ပြီး ဖော်ဆောင်ကြမလဲ ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း အားလုံး သဘောတူ လက်ခံနိုင်ပြီး သေချာရေရာတဲ့ လုပ်ငန်းစဉ်တွေ၊ ဦးစားပေး အစီအစဉ်တွေ ချမှတ်နိုင်ဖို့ဟာလည်း အထူးပဲ အရေးကြီးတယ်ဆိုတာ ကျွန်မတို့အားလုံး နားလည်လက်ခံထားကြပြီး ဖြစ်ပါတယ်။ ဒီလို ရေရှည်သဘောဆောင်တဲ့လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ခြင်းဟာ ကျွန်မတို့အားလုံး လျှောက်လှမ်းနေတဲ့ လမ်းကြောင်းကို ပိုမိုပြီး ခိုင်မာအားကောင်းအောင် အားလုံးက ဝိုင်းဝန်းစဉ်းစားကြိုးပမ်းနေကြတာဖြစ်တဲ့

> “ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟာ နှစ်ပေါင်း (၇၀) ကျော် မြန်မာ့နိုင်ငံရေးသမိုင်းက သတ်မှတ်ပြဋ္ဌာန်းပေးလိုက်တဲ့ ဒီနိုင်ငံရဲ့ ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံရေးလှုပ်ရှားမှုတွေ၊ လက်နက်ကိုင်လှုပ်ရှားမှုတွေက နှစ်ပေါင်းများစွာ တန်ဖိုးကြီးကြီးမားမားပေးဆပ်ပြီး အဖြေထွက်လာတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရေး စားပွဲဝိုင်းတွေမှာ ဝင်ထိုင်ပြီး ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ ကိုယ့်ရဲ့ လိုလားချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး ကျွန်မတို့နဲ့ ဆွေးနွေးဖို့ လိုပါတယ်။ ဒီလို ဆွေးနွေးနိုင်ဖို့အတွက်လည်း ကျွန်မတို့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပေးတာ ဖြစ်ပါတယ်။ ဖွင့်လှစ်ထားတဲ့ ငြိမ်းချမ်းရေး တံခါးကနေ ဂုဏ်သိက္ခာရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ လျှောက်လှမ်းလာခဲ့ကြဖို့ ကျွန်မအနေနဲ့ အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်”

အတွက် ကျွန်မအနေနဲ့ ဝမ်းမြောက်ဝမ်းသာရှိပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း NCA ဟာ အားလုံး ပူးတွဲပိုင်ဆိုင်တာ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တွေအားလုံးက မျှဝေပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိကြဖို့ လိုပါတယ်။ ဒီစာချုပ်ထဲကမှ ကိုယ်ကြိုက်တာကိုပဲ ယူမယ်၊ ကိုယ်မကြိုက်တာ မယူဘူး၊ ကိုယ်သဘောကျတဲ့ အပိုင်းကိုပဲ အကောင်အထည်ဖော်မယ်၊ သဘောမကျရင် အကောင်အထည် မဖော်ဘူး ဆိုတာမျိုးတွေကို ရှောင်ကြဉ်ကြဖို့ ကျွန်မအနေနဲ့ အလေးအနက် သတိပေးလိုပါတယ်။ အစုအဖွဲ့တစ်ဖွဲ့ဖွဲ့က ဒီလို ပုံစံမျိုး လိုချင်တာကိုပဲ ကွက်ပြီးယူမယ်၊ မကြိုက်တာဆိုရင် ရှောင်လွှဲနေမယ်ဆိုရင် ကျန်တဲ့အစုအဖွဲ့တွေ အားလုံးမှာလည်း အခက်အခဲတွေဖြစ်လာစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျပ်အတည်းတွေ ဆက်တိုက်ဖြစ်ပေါ်လာစေနိုင်ပါတယ်။ စာချုပ်ပေါ်မှာ ရေးထိုးထားတဲ့ လက်မှတ်တွေဟာ ကတိသစ္စာတည်ကြည်မှုနဲ့ မှန်ကန်ဖြောင့်မတ်မှုကို ကိုယ်စားပြုပါတယ်။

ပြောရရင် ကျွန်မတို့ အစိုးရအနေနဲ့ NCA မှာ စတင်ပါဝင် လက်မှတ်ထိုးခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း အစိုးရတစ်ခုနဲ့တစ်ခု လွှဲပြောင်းတာဝန်ထမ်းဆောင်တဲ့အချိန်မှာ အစိုးရအစဉ်အဆက် တာဝန်ရှိမှု၊ တာဝန်သိမှုတွေကိုလည်း လွှဲပြောင်းရယူထမ်းဆောင်ရတာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်မတို့ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပန်းတိုင်တူပေမယ့် နည်းနာပိုင်းဆိုင်ရာတွေမှာ မတူညီနိုင်သေးတာ လက်ခံနိုင်ပါတယ်။ မတူညီတာတွေကို တူညီလာအောင် ကျွန်မတို့အားလုံး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နဲ့ အဖြေရှာရမှာပဲ ဖြစ်ပါတယ်။ နည်းနာပိုင်းဆိုင်ရာ ကွဲလွဲမှုတွေကို အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုအခြေခံတွေနဲ့ ညှိနှိုင်းတိုင်ပင်မယ်ဆိုရင် ပိုပြီးအဆင်ပြေချောမွေ့ပါလိမ့်မယ်။ ဒါ့ကြောင့် ကျွန်မတို့အချင်းချင်းကြားမှာ အရေးပါတဲ့ယုံကြည်မှုတည်ဆောက်ရေးကိုလည်း မျက်ခြည်မပြတ်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**အပစ်ရပ် မထားသည့်အဖွဲ့များနှင့် NCA လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ပါဝင်လာရေး**

ကျွန်မတို့ ဒီကနေ့ တရားဝင်အစည်းအဝေးမှာ တွေ့ဆုံပြီး လက်ရှိအစိုးရရဲ့ သက်တမ်းသာမက နောက်အစိုးရလက်ထက်မှာပါ ဆက်လက်ဖော်ဆောင်နိုင်မယ့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးညှိနှိုင်းကြချိန်မှာ ပစ်ခတ်တိုက်ခိုက်မှုမရပ်စဲနိုင်သေးတဲ့ အဖွဲ့တွေ၊ NCA လက်မှတ်မထိုးနိုင်သေးတဲ့အဖွဲ့တွေ ကျန်နေပါသေးတယ်။ ဒီအဖွဲ့တွေအားလုံးနဲ့ စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံပြီး ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲဖို့၊ NCA မှာ ပါဝင်နိုင်ဖို့ ကျွန်မတို့ရဲ့ NRPC နဲ့ ငြိမ်းချမ်းရေးကော်မရှင်က ကြိုးပမ်းဆောင်ရွက်နေပါတယ်။ NCA ထီးရိပ်အောက်မှာ ရောက်ရှိလာဖို့ ကျွန်မတို့အမြဲတမ်း ဖိတ်ခေါ်ကမ်းလှမ်းနေပါတယ်။ ဒီအဖွဲ့တွေ အနေနဲ့ NCA ရဲ့ ထီးရိပ်အောက်မှာ စုပေါင်းဆွေးနွေးမှုတွေ ပြုလုပ်နိုင်သလို၊ လိုအပ်ရင် လိုအပ်သလို တစ်ဖွဲ့ချင်းနဲ့ သီးခြားဆွေးနွေးနိုင်ကြဖို့ကိုလည်း ကျွန်မတို့ အစိုးရအနေနဲ့ တံခါးဖွင့်ထားပြီး ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးနိုင်ဖို့လည်း NCA မှာလည်း အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

နှစ်ပေါင်း (၇၀)ကျော် ရှည်ကြာခဲ့ပြီ ဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကနေ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းသည်သာ လက်တွေ့ကျပြီး ထိရောက်နိုင်မယ်ဆိုတာ သင်ခန်းစာရရှိခဲ့ကြပြီး ဖြစ်ပါတယ်။ မမျှော်လင့်ဘဲ လက်နက်ကိုင်တိုက်ခိုက်မှုတွေများလာတဲ့ ကိစ္စနဲ့ ပတ်သက်လို့လည်း ကျွန်မတို့အနေနဲ့ သတိပေးချင်ပါတယ်။ လက်နက်ကိုင်ပြီး အားသာချက် ယူတာမျိုး၊ ဖြေရှင်းချက်အသစ်တွေကို စိတ်ကူးယဉ်တာမျိုးတွေနဲ့ ကျွန်မတို့ နိုင်ငံပြဿနာတွေကို ဖြေရှင်းလို့ မရနိုင်ပါဘူး။

နှစ်ပေါင်း (၇၀) ကျော် ဒီနိုင်ငံရဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ တိုင်းရင်းသားပြည်သူတွေ၊ အပြစ်မဲ့ ကလေးသူငယ်တွေရဲ့ ဒုက္ခသံသရာလည်နေတာတွေက လက်နက်ကိုင်ပဋိပက္ခရဲ့ ဆိုးကျိုးကို မျက်မြင်ကိုယ်တွေ့ သက်သေပြနေပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် အပြစ်မဲ့ပြည်သူတွေ ထိခိုက်ရတယ်၊ ကျေးရွာတွေ ထိခိုက်ရတယ်၊ ပြည်သူတွေ ဒုက္ခသည်စခန်းတွေမှာ ဆင်းဆင်းရဲရဲနေကြရတယ်။ ဒါတွေက မြင်သာတဲ့ ဆိုးကျိုးတွေပါ။ မမြင်သာတဲ့ ဆိုးကျိုးတွေက တိုက်ပွဲဖြစ်ပွားရာဒေသ၊ ဒေသခံ တိုင်းရင်းသားတွေရဲ့ အနာဂတ်တွေ မှေးမှိန်ပျောက်ကွယ်သွားရတာပဲ ဖြစ်ပါတယ်။ ရေတိုခဏ ကာလမှာတော့ မာန်မာနတွေ၊ အာဃာတတွေနဲ့ လက်နက်ကိုင်တိုက်ပွဲတွေမှာ စီးမျောနေကြပါလိမ့်မယ်။ ရေရှည်ကာလမှာတော့ ဒီလက်နက်ကိုင်တိုက်ပွဲတွေရဲ့ နောက်ကွယ်မှာ ပေးဆပ်လိုက်ရတာက ကျွန်မတို့ တိုင်းရင်းသားတွေ၊ ကျွန်မတို့ တိုင်းရင်းသားဒေသတွေဆိုတာကို တဖြည်းဖြည်းချင်း အထင်အရှား တွေ့မြင်လာကြရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟာ နှစ်ပေါင်း (၇၀)ကျော် မြန်မာ့နိုင်ငံရေးသမိုင်းက သတ်မှတ်ပြဋ္ဌာန်းပေးလိုက်တဲ့ ဒီနိုင်ငံရဲ့

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံရေးလှုပ်ရှားမှုတွေ၊ လက်နက်ကိုင်လှုပ်ရှားမှုတွေက နှစ်ပေါင်းများစွာ တန်ဖိုးကြီးကြီးမားမားပေးဆပ်ပြီး အဖြေထွက်လာတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရေး စားပွဲဝိုင်းတွေမှာ ဝင်ထိုင်ပြီး ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ ကိုယ့်ရဲ့ လိုလားချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး ကျွန်မတို့နဲ့ ဆွေးနွေးဖို့ လိုပါတယ်။ ဒီလို ဆွေးနွေးနိုင်ဖို့အတွက်လည်း ကျွန်မတို့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပေးတာ ဖြစ်ပါတယ်။ ဖွင့်လှစ်ထားတဲ့ ငြိမ်းချမ်းရေး တံခါးကနေ ဂုဏ်သိက္ခာရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ လျှောက်လှမ်းလာခဲ့ကြဖို့ ကျွန်မအနေနဲ့ အလေးအနက် တိုက်တွန်း ပြောကြားလိုပါတယ်။

### ငြိမ်းချမ်းရေးအတွက် နှစ်သစ်ကူးသန္နိဋ္ဌာန်

နိဂုံးချုပ်အနေနဲ့ ဒီကနေ့ JICM အစည်းအဝေးမှာ သဘောတူညီချက်တွေ ချမှတ်နိုင်ဖို့အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေဟာ တစ်နှစ်ကျော်ကာလအတွင်းမှာ အလွတ်သဘောနဲ့ တရားဝင်တွေ့ဆုံမှု အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြရပါတယ်။ နှစ်ဦးနှစ်ဖက် ကျေကျေလည်လည် ဖြစ်အောင်လည်း အချိန်ယူပြီး ဆွေးနွေးညှိနှိုင်း ငြင်းခုန်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းခဲ့ကြတဲ့အတွက်လည်း JICM အစည်းအဝေးကို ဒီကနေ့ ကျင်းပနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ပါဝင်ကြိုးပမ်းခဲ့ကြသူ အားလုံးအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ်မှာ တန်ဖိုးထားပြီး စိတ်ရင်းစေတနာ အပြည့်အဝနဲ့ ဆောင်ရွက်ခဲ့တာကို ကျွန်မအနေနဲ့ တန်ဖိုးထားပါတယ်။ ကျေးဇူးလည်း အထူးတင်ရှိပါတယ်။

ဒီကနေ့ JICM အစည်းအဝေးဟာ နိုင်ငံတကာနှစ်သစ်ကူးကာလမှာ စတင်ကျင်းပတဲ့ အစည်းအဝေးဖြစ်တဲ့အတွက် မင်္ဂလာရှိတယ်လို့လည်း မှတ်ယူနိုင်ပါတယ်။ နှစ်သစ်ကူးကာလတွေမှာ လူအတော်များများဟာ ပြီးခဲ့တဲ့နှစ်ဟောင်းကို ပြန်ပြောင်းသုံးသပ်ပြီး ရည်မှန်းချက်အသစ်တွေ၊ စိတ်ကူးအသစ်၊ သန္နိဋ္ဌာန်အသစ်တွေကို ချမှတ်ကြလေ့ ရှိကြပါတယ်။ ဒီအချိန်ကာလမှာ ကျင်းပတဲ့ JICM အစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံကို မဖြစ်မနေကျင်းပဖို့ သဘောတူညီကြမှာ ဖြစ်ပါတယ်။ လာမယ့် (၂၁) ရာစုပင်လုံ ညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စု သဘောတူစာချုပ်ရဲ့ပုံစံကို ဒီနေ့အစည်းအဝေးက ချမှတ်ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၂၀ အလွန် နောက်အစိုးရလက်ထက်မှာပါ ဆက်လက်ဖော်ဆောင်နိုင်မယ့် ဦးစားပေး လုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးကြဖို့လည်း ဒီနေ့ အစည်းအဝေးမှာ သဘောတူညီကြမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့ သဘောတူညီချက်တွေကို နှစ်ဆန်း နှစ်ဦးပိုင်းမှာ ကျင်းပပြုလုပ်တဲ့ ဒီကနေ့ JICM အစည်းအဝေးမှာ ချမှတ်မှာဖြစ်တဲ့အတွက် လာခြင်းကောင်းတဲ့ နှစ်သစ်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ပြောရရင် ဒီကနေ့ JICM အစည်းအဝေးဟာ နှစ်သစ်ကူးကာလမှာ ငြိမ်းချမ်းရေးသန္နိဋ္ဌာန်အသစ်တွေ ချမှတ်ကြတဲ့ သဘောလည်း ဆောင်ပါတယ်။ ဒီငြိမ်းချမ်းရေး သန္နိဋ္ဌာန်အသစ်တွေနဲ့ အစကောင်းမွန်မှုဟာ ကျွန်မတို့ အားလုံးအတွက် ခွန်အားအသစ်တွေ ဆောင်ကြဉ်းပေးပြီး (၂၁)ရာစုပင်လုံ ညီလာခံအထိ အနှောင်းသေချာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြဖို့လည်း အလေးအနက် တိုက်တွန်းပြောကြားချင်ပါတယ်။

ဒီကနေ့ အစည်းအဝေးကို တက်ရောက်လာကြတဲ့ ခေါင်းဆောင်ကြီးများအားလုံး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့ သက်ဆိုင်သူအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

*စာမျက်နှာ ၅ မှ*

"ဒီနေ့ JICM ကတော့ (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပဖို့ ဆုံးဖြတ်လိုက်တဲ့ ကာလကိုလည်း အကြမ်းဖျင်း သတ်မှတ်ပေးလိုက်ပါတယ်။ အစိုးရနဲ့ EAO တို့အကြားမှာ နိုင်ငံရေးအပိုင်း၊ တပ်ပိုင်း (၂) ပိုင်းရှိတယ်။ အဲဒီ (၂) ပိုင်းမှာ အားလုံးနဲ့ဆိုင်တဲ့ အပိုင်းတွေလည်း ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်ဖို့ အခုလုပ်တဲ့အခါမှာလည်း ယခင်လည်းဖိတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့တွေကို ဖိတ်မှာဖြစ်တယ်။ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၃ ချက်ကို သတ်မှတ်လိုက်တဲ့အတွက် ဒီမှာထည့်မယ့်သဘောတူညီချက်ရအောင် ညှိမှာဖြစ်ပါတယ်။ အဓိကကတော့ ညီလာခံကိုကျင်းပမယ်။ ညီလာခံမှာချုပ်ဆိုမယ့် စာချုပ်ပုံစံကို သတ်မှတ်ပေးလိုက်တယ်။ အဲဒီစာချုပ်ထဲမှာပါမယ့် သဘောတူညီချက်တွေရအောင် အချင်းချင်းကြားမှာ ညှိရမယ်။ ပြီးရင်တော့ UPDJC နဲ့ပြန်ပြီးတော့ ညီလာခံပြန်သွားဖို့ ရှိပါတယ်။

"ညီလာခံကိုတော့ ၂၀၂၀ နှစ်ဆန်းပိုင်း ပထမ (၄)လတာ ကာလအတွင်းဆိုတော့ အခုကစပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ အဲဒီကာလအတွင်းမှာ ကျင်းပဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒီနေ့ JICM အစည်းအဝေးမှာ အဆင်ပြေပြေ ဆုံးဖြတ်နိုင်အောင် သဘောတူညီနိုင်အောင် ကျွန်တော်တို့ကြားမှာ အများကြီး ဆွေးနွေးခဲ့ရတယ်" ဟု ပြောကြားသည်။

ထို့အတူ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းကလည်း "အားလုံးပါဝင်ရေးဆိုတဲ့ အပိုင်းက အရေးကြီးပါတယ်။ ၁၀ ဖွဲ့ထဲနဲ့ ဘယ်လိုမှ အဆင်မပြေဘူး။ ကျန်တဲ့အဖွဲ့လည်း ပါလာအောင်လို့ ကျွန်တော်တို့ EAOs ဘက်မှာလည်း ကြိုးစားနေတဲ့အပိုင်းရှိတယ်။ အစိုးရ ဘက်ကလည်း သူ့နည်းသူ့ဟန်နဲ့ ကြိုးပမ်းနေသလို၊ ကျွန်တော်တို့ဘက်ကလည်း ဝိုင်းဝန်းပြီး တင်ပြမယ်။ ပါ မပါတော့ တစ်ဖက်ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်တာမို့ ကျွန်တော်တို့ဘက်က အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းနေတဲ့ အနေအထားရှိပါတယ်။

"JICM ကနေပြီးတော့ ဆွေးနွေးမယ့် အချက်တွေ သတ်မှတ်ပြီးတော့ အခုကျွန်တော်တို့ဘက်ကလည်း ညှိနှိုင်းမယ့် ဆွေးနွေးမယ့်အဖွဲ့ရှိတယ်။ အစိုးရဘက်ကလည်း ညှိနှိုင်းမယ့်အဖွဲ့ရှိတယ်။ ညှိကြရင်နဲ့ အဆင်ပြေမယ်ဆိုရင် လုပ်ငန်းစဉ်အရဆို UPDJC ပြန်ခေါ်မယ့် အနေအထားရှိတယ်"ဟု ပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (JICM) သဘောတူဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

**"NCA အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ NCA အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင် လုပ်ဆောင်ခြင်းနှင့် NCA အခန်း(၆) ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ အကောင်အထည်ဖော်ရေးကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ရယူရေးကိစ္စ၊ ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်မည့် အဆင့်လိုက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများကိစ္စ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်ကိစ္စများဖြစ်သည့် အပိုင်း (၁) NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ အပိုင်း (၂) ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အပိုင်း (၃) အခြေခံမူသဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပနိုင်ရေးကိစ္စ၊ NCA ပါ ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးအတွက် NCA အပေါ်အခြေခံ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးကိစ္စ၊ UPDJC နှင့် JMC အစည်းအဝေးများ ခေါ်ယူကျင်းပရန်ကိစ္စတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုကြ"**

အစည်းအဝေးသို့ UPDJC အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးပေါ်လွင်စိန်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦးတို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)စစ်ရေးဌာနမှူး စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေး ကောင်စီ(KNU/KNLA-PC) တွဲဖက်အတွင်းရေးမှူး စောကျော်ညွန့်၊ (KNU)ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ် ပဒို စောတာဒိုမူး၊ ဗဟိုကော်မတီဝင် ပဒိုစောအယ်ကလူစေး၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး(LDU) အတွင်းရေးမှူး ကျာဆော်လမွန်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ အထွေထွေအတွင်းရေးမှူး ဆလိုင်းထလာဟေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆွေးနွေးပွဲများပြုလုပ်မည့် အချိန်ဇယား အဆိုပြုချက်၊ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ပြန်လည်တွေ့ဆုံမည့် အချိန်ကာလစသည်တို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

---

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဖွင့်ပွဲများမှာ မထင်မှတ်သည့်ရလဒ်များ ထွက်နိုင်သောကြောင့် အသင်းကြီးများအနေဖြင့် အာရုံစိုက်ကစားရန် လိုအပ်သလို အသင်းငယ်များ၏ မထင်မှတ်သည့် ရုန်းကန်မှုများကိုလည်း တွေ့မြင်ရဖွယ်ရှိနေသည်။

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများအနက် မကွေး၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှလွဲ၍ ကျန်ကိုးသင်းမှာ အိမ်ကွင်းလက်ခံကစားမည်ဖြစ်ပြီး MNL ပြိုင်ပွဲတစ်လျှောက် အိမ်ကွင်း အများဆုံးကျင်းပမည့် ရာသီလည်းဖြစ်သည်။ တန်းတက်အသင်းဖြစ်သည့် အား/ကာ သိပ္ပံအသင်းသည် မန္တလေး မြို့ရှိ မန္တလာသီရိကွင်းကို အိမ်ကွင်းလက်ခံကစားမည်ဖြစ်ရာ ရာသီအစပွဲစဉ်များကို ရတနာပုံအသင်းနှင့်အတူ အသုံးပြုမည်ဖြစ်သည်။ ရတနာပုံအသင်းသည် နောက်ပိုင်းပွဲများ မှသာ ဗထူးကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ၁၂ ရာသီမြောက် ကျင်းပခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၁ ရာသီတွင် ရန်ကုန်အသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ်ဗိုလ်စွဲထားသည်။ လက်ရှိချန်ပီယံအသင်းမှာ ရှမ်းယူနိုက်တက်အသင်းဖြစ်ပြီး ၂၀၁၉ ရာသီတွင် ရှုံးပွဲမရှိဘဲ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား နီးကပ်စွာနှင့် နှစ်ကာလကြာမြင့်စွာ တည်ထောင်ထားသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် ဆက်လက်တိုးချဲ့မြှင့်တင်သွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောမှုများရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နွေးထွေးလှိုက်လှဲစွာ ပြောကြားလိုပါသည်။

မိမိတို့၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံနှင့်ပြည်သူများအကြား တန်ဖိုးထားအပ်သည့် ရင်းနှီးခင်မင်မှုနှင့် နွေးထွေးမှုများကို မိမိအနေဖြင့် များစွာတန်ဖိုးထားပါသည်။ အဆိုပါ အရေးပါလှသည့် ဆက်နွှယ်မှုကို နောင်လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံ အလက်ဇန္ဒြားထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလျက် မြန်မာပြည်သူ ပြည်သားများ ရွှင်လန်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂါနာသမ္မတနိုင်ငံ သမ္မတ နာနာ အဒို ဒန်ကွာ အကူဖို-အဒို ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအား နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သပါသည်။

လာမည့်နှစ်များတွင် နှစ်နိုင်ငံနှင့် ပြည်သူများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းရေးအတွက် ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မြဲနက်ရှိုင်းစေရန် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူနိုင်ငံသားများ ငြိမ်းချမ်းသာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံသမ္မတ ရူမန် ရေ့ဒဗ်ထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဘူလ်ဂေးရီးယားပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြော၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးများ အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ ဗိုလိုဒီမီးရ် ဇီလန်းစကီးထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ယူကရိန်းပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ယူကရိန်းနိုင်ငံတို့အကြား အပြုသဘောဆောင်သော မိတ်ဖက်ဆက်ဆံရေးအပေါ် အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာမူဘောင်အောက်တွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုတို့ ရရှိစေရေး ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဖင်လန်သမ္မတနိုင်ငံ သမ္မတ ဆူလီ နီနီစတိုထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားများ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် အစွန့်ရှည်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘုံအကျိုးတူ ကဏ္ဍနယ်ပယ်အများအပြားတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ အာဆီယံဒေသတွင်း အားထုတ်ကြိုးပမ်းမှုနှင့် နှစ်နိုင်ငံအကြား အထူးတန်ဖိုးထားသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်၍ အတူတကွ ဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘွိုင်းကာ ဘောရီဖော့ဗ်ထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဘူလ်ဂေးရီးယားအစိုးရကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ၌ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီနှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၈**

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ (Core Group)နှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် Core Group ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အဆင့်ဆင့် ညှိနှိုင်းရေးဆွဲထားမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းကော်မတီ (Core Group) အဖွဲ့နှင့် UNCTFMR အဖွဲ့ဝင်များအကြား အပြန်အလှန်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ဒေါက်တာစုစုသာထွန်း (UNRC, Technical Co-chair of UNCTFMR) နှင့် Ms. Cecile Marchand (UNICEF) ဦးဆောင်သော UNCTFMR ဘက်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၈

**ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၄) အောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**သင်ယူမှုဝန်းကျင်ကောင်းဖန်တီး**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနား၌ ဝန်ကြီးဌာန ၁၈ ခုနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ကိုးခုတို့မှ အရာထမ်း ၈၃ ဦးနှင့် အမှုထမ်း ၉၃ ဦးတို့သည် ပညာရေးဝန်ကြီးဌာနက ချီးမြှင့်သော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအောင်လက်မှတ်ကို လက်ခံရရှိကြမည်ဖြစ်သောကြောင့် လှိုက်လှဲစွာချီးကျူးဂုဏ်ပြုကြောင်း၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ ဖွဲ့လုံ့လဖြင့် သင်ကြား၊ သင်ယူမှု၏ အောင်မြင်မှုကို အသိအမှတ်ပြုခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ဘဝတစ်သက်တာ သင်ယူလေ့လာသူများ၏ အရည်အသွေးတိုးတက်လာစေရန် သင်ကြား သင်ယူမှု၊ လေ့ကျင့်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုမှ အစပြု၍ သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးအားပေးလျက်ရှိကြောင်း။

**ယုံကြည်ချက်အပြည့်လုပ်နိုင်စွမ်း**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ရေးအတွက် ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများသည် မိမိတို့တတ်မြောက်ထားသော အင်္ဂလိပ်ဘာသာစကားစွမ်းရည်ဖြင့် သက်ဆိုင်ရာမိမိတို့ဝန်ကြီးဌာနအသီးသီးတွင် ပြန်လည်၍အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိလုပ်ငန်းခွင်တွင် အင်္ဂလိပ်စာကို အသုံးချနိုင်သောစွမ်းရည်သည် မိမိအလုပ်ကို ယုံကြည်ချက်အပြည့်ဖြင့် လုပ်ကိုင်နိုင်စွမ်းရှိလာမည်ဖြစ်သောကြောင့် မိမိလုပ်ငန်းခွင်တွင် အောင်မြင်မှုပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍ မိမိကိုယ်ကို ထာဝရကျောင်းသားတစ်ဦးအဖြစ်လည်းကောင်း၊ ဘဝတစ်သင်တာ သင်ယူလေ့လာသူအဖြစ်လည်းကောင်း ခံယူကာ မိမိ၏အင်္ဂလိပ်ဘာသာစကားစွမ်းရည်ကို မြှင့်တင်လျက် နိုင်ငံတော်ကို ပိုမိုအလုပ်အကျွေးပြုနိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၄) အောင်လက်မှတ်ချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**ကျွမ်းကျင်မှုလက်မှတ်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီအား အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုလက်မှတ်များကို ကိုယ်တိုင်ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဆင်း အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့ဘဝအစ ရက် (၁၀၀၀) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် လူ့ဘဝအစ ရက် (၁၀၀၀) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ကူညီပံ့ပိုးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**



ထိုလုပ်ငန်းများ လုပ်ငန်းစီမံချက်တည်ရှိရာဒေသများတွင်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအား ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

**လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အရေးကြီး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့ဘဝအစ ရက်ပေါင်း (၁၀၀၀) သည် အရေးအကြီးဆုံးသော အခိုက်အတန့်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းများတွင် လူ့ဘဝအစ ရက်ပေါင်း (၁၀၀၀) ကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ရရှိစေမည့် လုပ်ငန်းများဖြစ်သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးထောက်ပံ့ရေးလုပ်ငန်းများ၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ကူညီပံ့ပိုးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထုတစ်ဦးချင်းစီ နားလည်သဘောပေါက်စေရေးနှင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများသည် အရေးကြီးပါကြောင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ကဏ္ဍများအလိုက် တင်ပြဆွေးနွေး**

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည့် အစီအစဉ်များအား တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အခမ်းအနားအစီအစဉ်ပထမပိုင်းတွင် ပညာရေးစုံညီပွဲတော် အလံကိုင်ပင်မစစ်ကြောင်း ဦးဆောင်၍ ခရိုင်အလိုက် စစ်ကြောင်းများက ကွင်းအတွင်းသို့ နေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးစုံညီပွဲတော်ကို မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးစနစ် ဖြစ်ပေါ်လာစေရန်နှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများတွင် အားလုံး၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ပညာရေးစုံညီပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တိုင်းဒေသကြီးအဆင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကျင်းပဆောင်ရွက်ရာတွင် နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်လာခဲ့သည့် အခြေအနေများကို ပြန်ကြည့်မည်ဆိုပါက တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့အစိုးရအဖွဲ့စတင်တာဝန်ယူပြီးနောက်ပိုင်း ပညာရေးစနစ် ပြုပြင်ပြောင်းလဲနိုင်ရေး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ပညာရေးစနစ်၏ ပြုပြင်ပြောင်းလဲမှုများပေါ်တွင် စိန်ခေါ်မှုများစွာရှိမည်ဖြစ်ပြီး လိုအပ်ချက်များလည်း ရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းအခြေအနေအားလုံးကို မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှု ပထမခြေလှမ်းမှစ၍ တစ်ဆင့်ချင်း ပိုမိုကောင်းမွန်သည့် အခြေအနေကိုရောက်ရှိလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုကို ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့်သာ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ပညာနှင့်နိုင်ငံကို ထူထောင်နိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးလှအေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေတို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အမှတ် (၃ နှင့် ၄) တို့အား သရုပ်ပြခြင်း၊ စုံညီပွဲတော် ဒို့နွဲပျော် သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ခြင်းနှင့် ဘင်ခရာအဖွဲ့ စွမ်းဆောင်ရည်ပြသခြင်းတို့ကို သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် အထက (၂) ကမာရွတ်မှ ကျောင်းသား ကျောင်းသူများက “စုံညီပွဲတော် ဒို့နွဲပျော်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက်တင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



ယနေ့အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တိုင်းဒေသကြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ကုဋေဖြိုးအောင်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ငါးခုကို မေးမြန်းရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က ပြန်လည်ဖြေကြားရှင်းလင်းသည်။

လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၏ လှိုင်မြို့နယ် (၁၃) ရပ်ကွက်၊ ဗဟိုလမ်းနှင့် သီရိမြိုင်လမ်းမကြီးအတွင်းရှိ ပိတောက်ချောင်းဧရိယာအား မြေထိန်းနံရံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မရှိပါက အဘယ့်ကြောင့်ဖြစ်သည်၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လှိုင်မြို့နယ် ပိတောက်ချောင်း၏ အရှည်သည် ပေ ၈၅၀၀ ခန့်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က အရှည်အားဖြင့် ပေ ဖ၆၀ ကို မြေထိန်းနံရံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း အခြားဘက်အခြမ်းတွင် ဆောင်ရွက်ရန် ပေ ၃၄၀ ကျန်ရှိနေကြောင်း၊ ကျန်ရှိနေသည့်အပိုင်းကို မြေထိန်းနံရံဆောင်ရွက်ပေးနိုင်ရန် လာမည့်ဘတ်ဂျက်တွင် ပြန်လည်တွက်ချက်၍ တင်ပြစေမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ သို့သော်လည်း အရေးကြီးသည့် အပိုင်းဖြစ်သည့်အတွက် ပိုလျှံဘတ်ဂျက်မှ ရခဲ့လျှင်လည်း ပြုလုပ်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ မရခဲ့မှသာလျှင် လာမည့်ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေခွဲဝေရရှိမှုမှ တောင်းခံပြီး ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ကျောင်း ၇၉ ကျောင်း အားကစားကွင်းရှိ**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းအားကစားကွင်းများ၊ ကျောင်းဆေးပေးခန်းများ၊ ကျောင်းစာကြည့်တိုက်များ ထားရှိမှုအရေအတွက်နှင့် ရာခိုင်နှုန်းမည်မျှရှိသည်ကို သိရှိလိုကြောင်း၊ လိုအပ်နေသော ကျောင်းများအားလည်း မည်သည့်ကာလ၊ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းပေါင်း ၂၇၅၃ ကျောင်းရှိပြီး ယင်းတို့အနက် သီးသန့်စာကြည့်တိုက်ရှိသောကျောင်း ၅၉၆ ကျောင်း၊ မိုဘိုင်းစာကြည့်တိုက်ရှိသောကျောင်း ၁၈၇၂ ကျောင်း စုစုပေါင်း ၂၄၆၈ ကျောင်းရှိရာ ရာခိုင်နှုန်းအားဖြင့် ပြည့်မီခြင်းမရှိသေးကြောင်း၊ ကျောင်းအားကစားကွင်းရှိသော ကျောင်းမှာ ၇၉ ကျောင်းသာ ရှိသေးကြောင်း။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အဆင့်မြင့်ကျောင်းများအဖြစ် မြို့နယ်ပေါင်း ၃၃ မြို့နယ်မှ ကျောင်းပေါင်း ၆၀ ကို ထူထောင်ပြီးဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာ ဦးစီးဌာနသို့ လုပ်ငန်းအားလုံးအတွက် ကျောင်းပေါင်း ၅၁၃ ကျောင်း လျာထားတင်ပြခဲ့သော်လည်း ရရှိရန်ပုံငွေအရ ကျောင်းပေါင်း ၁၈၄ ကျောင်းသာ ခွင့်ပြုချက်ရရှိခဲ့ကြောင်း၊ ယင်း ၁၈၄ ကျောင်းတွင် အားကစားကွင်း သုံးကွင်း၊ အားကစားရုံ တစ်ရုံ၊ စာကြည့်တိုက် ခုနစ်ခုသာ လျာထားနိုင်ခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုကျောင်းများအားလုံးတွင် အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင်များနှင့် သဘာဝဘေးများအတွက်သာ ဦးစားပေးလျာထားဆောင်ရွက်ခဲ့သဖြင့် ရရှိဘဏ္ဍာငွေများ ပိုလျှံလာပါက ကျောင်းအားကစားကွင်းနှင့် ကျောင်းစာကြည့်တိုက်များအတွက် လိုအပ်သလို ဖြည့်ဆည်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အရှည် ပေ ၁၀၀၀ မြေထိန်းနံရံဆောင်ရွက်**

လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၏ လှိုင်မြို့နယ် (၁၂) ရပ်ကွက်တွင် နှစ်စဉ် ရေကြီးရေလျှံဖြစ်ပွားမှုကို ထိန်းသိမ်းနိုင်ရန်အတွက် သမိုင်းချောင်းတွင် မြေထိန်းနံရံဆောင်ရွက်ရန် လိုအပ်ပါသောကြောင့် အောင်ဓမ္မရိပ်သာ အနောက်ကျောဘက်တွင် ကျန်ရှိနေသော မြေထိန်းနံရံအပိုင်းအား ယခုလာမည့်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အရှည် ပေ ၁၀၀၀ ကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဗဟိုလမ်းနှင့် ဘုရင့်နောင်လမ်းကြားတွင် အရှည် ပေ ၁၀၀၀ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အောင်ဓမ္မရိပ်သာ နောက်ကျောမှစ၍ အရှည် ပေ ၁၀၀၀ ကို မြေထိန်းနံရံဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှည် ပေ ၁၀၀၀ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် အပိုင်းများကို ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၏ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပညာရေးမှူးရုံးအား ဖျက်သိမ်း၍ RC နှစ်ထပ်ရုံး အဆောက်အအုံသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး၏ ဘယ်၊ ညာ နှစ်ဖက်ကို ပလက်ဖောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လည်းကောင်း ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

# ရေရှည်တည်တံ့မည့် လူမှုဘဝမြင့်တင်ရေးလုပ်ငန်းကော်မတီ၏ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ရေရှည်တည်တံ့မည့် လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့်အတူ ရေရှည်တည်တံ့မည့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းကော်မတီမှ အဖွဲ့ဝင်များ၊ UNODC မှ Country Manager, Mr. Troel Vester ဦးဆောင်သော ကိုယ်စားလှယ်များ၊ ဂျာမနီနှင့် ဖင်လန်နိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။



မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ရေရှည်တည်တံ့မည့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး UNODC မှ Country Manager, Mr. Troels Vester က အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းများအပေါ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် Mr. German Ri-veros (UNODC, Rural Develop-ment and Coffee Production Expert, Taunggyi) က ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၀ ပြည့်နှစ်အတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် UNODC မှ Country Manager , Mr. Troels Vester က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

အလားအလာရှိသည့် ကစားသမား ၇၅ ဦးကို ငါးသင်းခွဲကာ လူရွေးပွဲများ ကျင်းပနေခြင်းဖြစ်သည်။

**ဂျေလိဂ်ပွဲစဉ်များ ကြည့်ရှုခွင့်ရမည်**

လူရွေးပွဲအပြီးတွင် ကစားသမား ၂၅ ဦး ရွေးချယ်မည်ဖြစ်ပြီး ဧပြီလဆန်းတွင် ဂျပန်လူငယ်ကစားသမားများနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ခြေစမ်းပွဲကစားခြင်းများ ပြုလုပ်မည့်အပြင် ဂျေလိဂ်ပွဲစဉ်များကိုလည်း ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မျိုးဆက်သစ် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်နှင့် အလားအလာရှိသည့်ကစားသမားများ အရည်အသွေးပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**မြန်မာ့ဘောလုံးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဂျပန်ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များလည်း အပါအဝင်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❏ *ကျောဖုံးမှ*

နောက်ကျန်ထွက် စက်ဘီးပြိုင်ပွဲတွင် ပထမခင်နှင်းဝေ (မကွေး)၊ ဒုတိယ ရွှေဇင်ပုလဲ (မကွေး)၊ တတိယ စိုးစန္ဒာဝင်း (တနင်္သာရီ)၊ အမျိုးသား (၁၅) ကီလိုမီတာ နောက်ကျန်ထွက် စက်ဘီးပြိုင်ပွဲတွင် ပထမ ကောင်းစည်သူ (ပဲခူး)၊ ဒုတိယ ရန်နိုင်ထက် (တနင်္သာရီ)၊ တတိယ ဆန်းသိန်းထက် (တနင်္သာရီ) တို့က အနိုင်ရရှိသွားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် ရွှေရတုခေတ်သို့ သမင်လည်ပြန်

**• • • စန်းနီလာဝင်း • • •**

**၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ကာလမှာ မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်ဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်းကာလမှာ ဒုတိယကမ္ဘာစစ်ကာလဖြစ်၍ မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် ရုပ်ရှင်ကားသစ်များ လုံးဝ ရိုက်ကူးထုတ်လုပ်နိုင်ခြင်း မရှိခဲ့ချေ။ ရုပ်ရှင်အနုပညာရှင်အချို့မှာ အလုပ်လက်မဲ့ဖြစ်သွားကြပြီး အချို့မှာ ပရိယေသနဝမ်းစာအတွက် ကုန်သည်အလုပ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြရသလို အချို့မှာ နယ်လှည့်ကာ ပြဇာတ်များက၍ အသက်မွေးဝမ်းကျောင်းမှုပြုခဲ့ကြရသည်။**




၁၉၄၆ ခုနှစ်တွင် ထိုစဉ်က ဖက်ဆစ်တော်လှန်ရေး အပြီး၌ အင်္ဂလိပ်နယ်ချဲ့အစိုးရ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်မြို့ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)ရှိ ရဲရိပ်သာတွင် ပုလိပ်မင်းကြီးရုံးဖွင့်လှစ်၍ "ရုပ်ရှင်စစ်ဆေးရေး ဆင်ဆာအဖွဲ့" တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သို့သော် ရန်ကုန်မြို့ လယ်ကောင်ရှိ ရုပ်ရှင်ရုံများကို အင်္ဂလိပ်အာဏာပိုင်များက သိမ်းယူထားကာ အင်္ဂလိပ်နှင့် အိန္ဒိယရုပ်ရှင် ဇာတ်ကားများကို ပြသနေသောကြောင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ကန်တော်ကြီးရှိ ကန်တော်မိတ်၊ ကန်တော်မင်္ဂလာ၊ ရန်ကုန်ရုပ်ရှင်ရုံနှင့် နေသူရိန်ရုပ်ရှင်ရုံများ၌သာ ပြသခဲ့ရပြီး ထိုနှစ်စက်တင်ဘာလ ၆ ရက်နေ့မှစ၍ ကာဌေးရုံတွင် အေဝမ်းဖလင်မှ"ခေတ်သစ်ဖာတစ်လုံး" ရုပ်ရှင်ဇာတ်ကားကို စတင်ပြသခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလအတွင်းမှာလည်း ရုပ်ရှင်အနုပညာရှင်များ ရုပ်ရှင်မရိုက်ခဲ့ရစေကာမူ မြန်မာ့ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် အေဝမ်းဦးတင်မောင်၊ ဦးသာဂေါင်၊ ရွှေညာမောင်၊ ဒါရိုက်တာ ဦးဘရှင်၊ ဦးတင်ဖေ၊ ဦးချစ်ရွှေ၊ ဦးကျော်ဆွေ၊ ဦးသာဆန်း၊ ဦးရွှေကို အစရှိသည့် ရုပ်ရှင်အနုပညာရှင်တို့သည် "ဗမာ့လွတ်လပ်ရေး တပ်မတော်"(ဘီအိုင်အေ)တွင် ပါဝင်ဆင်နွှဲခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင်အနုပညာရှင်တို့သည် ရုပ်ရှင်အနုပညာဖြင့် အမျိုးသားရေးနယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ပေးခဲ့ရုံသာမက အရေးကြုံသည့်အခါ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ခြင်းမှာ မြန်မာ့ရုပ်ရှင်သမိုင်းမှာသာမက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာပါ ဂုဏ်ယူမော်ကွန်းတင်ကြရမည် ဖြစ်ပါသည်။



ပထမဦးဆုံး မြန်မာမင်းသား မောင်ညီပု

ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်း၌ ဖလင်ရိုင်းများ မရရှိသည့်ကြားကပင် ဖက်ဆစ်တို့ ရန်ကုန်မြို့ကို ဗုံးကြဲခဲ့ပုံ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရန်ကုန်မြို့သို့ ဝင်ရောက်လာပုံတို့ကို သမိုင်းဝင်မှတ်တမ်းတင် ရုပ်ရှင်ကားများ ရိုက်ကူးခဲ့ကြသည်။ ရုပ်ရှင်ဇာတ်ကား အများစုမှာ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်စားလိုစိတ်၊ နယ်ချဲ့တိုင်းတစ်ပါးလက်အောက်မှ လုံးဝလွတ်မြောက်ပြီး လွတ်လပ်ရေးအရယူလိုစိတ် ဖြစ်ပေါ်လာအောင် လှုံ့ဆော်ရိုက်ကူးထုတ်လုပ် ပြသခဲ့ရာ သာဓကအားဖြင့် အရေးတော်ပုံ၊ စစ်ပြန်၊ ပြောက်ကျားဗိုလ်၊ ရန်သူနံပါတ်(၁)၊ တောင်တန်းဗိုလ်၊ မျိုးချစ်သူပုန်၊ ချိန်တန်ပြီ၊ သွေးသောက်၊ ဗမာ့သွေး၊ ဗိုလ်ချုပ်၊ နန်းတွင်းအရေးတော်ပုံ၊ စံထူး(၁)အစရှိသည့် ရုပ်ရှင်ဇာတ်ကားများမှာ လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် ရုပ်ရှင်အနုပညာဖြင့် လှုံ့ဆော်ရိုက်ကူးခဲ့သည့် ဇာတ်ကားများအဖြစ် အောင်မြင်ထင်ရှားခဲ့သည်ကို တွေ့ရှိရသည်။ "ငဘ" ရုပ်ရှင်ဇာတ်ကားမှာ ပြည်တွင်းမှာသာမက နိုင်ငံခြားသို့တင်ပို့ခဲ့ရသည့် မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရေး ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

၁၉၄၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရုပ်ရှင်နှင့် ပြဇာတ်ကုမ္ပဏီပိုင်ရှင်နှင့် အနုပညာရှင်များ စုပေါင်းပြီး "မြန်မာနိုင်ငံတော်ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး"ကို မြိုင်ပြဇာတ်ရုံအနီးရှိ မြိုင်ရိပ်သာစခန်း၌ တည်ထောင်ဖွဲ့စည်းခဲ့ကြသည်။ ထိုအစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ်ဦးတင်နွယ်၊ အတွင်းရေးမှူးအဖြစ် ဦးစိုးမောင်နှင့်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဆရာခန့်၊ ဦးဘတင်၊ ဦးတင်မောင်၊ ဦးလွန်းဖေ၊ ဦးမောင်ကြီး၊ ဦးအောင်မြတ်၊ ဦးမောင် မောင် (လန်ဒန်အတ်) တို့အပြင် အမှုဆောင် ၁၅ ဦးကို ထပ်မံရွေးချယ်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့၊ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့ နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသည်။ ဗိုလ်ချုပ်တို့ကျဆုံးပြီး မကြာမီမှာပင် ဗိုလ်ချုပ်၏ လွတ်လပ်ရေးလမ်းစဉ် မော်ကွန်းတင်သတင်းကားကို အမြန်ဆုံးစီစဉ်ရိုက်ကူးပြီး ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံကြီးလေးရုံတွင် တစ်နေ့လျှင် ငါးပွဲကျ ပြသခဲ့ပါသည်။ ထိုစဉ်က ရုပ်ရှင်ပြသ၍ ရရှိခဲ့သည့် ရန်ပုံငွေကျပ်ငါးသောင်းကို အာဇာနည်ဗိမာန် တည်ဆောက်ရေးအတွက် "မြန်မာနိုင်ငံတော် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး" က လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်ကနုန၊ မုန်တိုင်းကထန်ထန် ဖြစ်နေသည့် အချိန်ကာလတွင် မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးလုပ်ငန်းများ၌ သက်စွန့်ကြိုးပမ်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ် လေ့လာတွေ့ရှိရသည်။ ၁၉၄၉ ခုနှစ်တွင် "ရန်ကုန်အစိုးရ" ဟု သတ်မှတ်ခံရလောက်အောင်ပင် ထိုစဉ်က ကေအင်န်ဒီအို(KNDO)လက်နက်ကိုင်များသည် ရန်ကုန်မြို့ အင်းစိန်ထိအောင် ထိုးဖောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြရာ မြန်မာ့တပ်မတော်က ခုခံကာကွယ်တွန်းလှန်ပြီး အောင်ပွဲဆင်ခဲ့သည်မှာ သမိုင်းတွင် အထင်အရှားရှိခဲ့ပြီး ဖြစ်ပါသည်။

ထိုစဉ်က အင်းစိန်တိုက်ပွဲတွင် ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားနပ်ရိက္ခာပို့ရေး၊ သူနာပြုစုရေး၊ ဂီတဖြင့်ဖျော်ဖြေရေး လုပ်ငန်းများကို ရုပ်ရှင်ပြဇာတ်အစည်းအရုံးကြီးက ကြီးမှူးပြီး ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ ရှေ့တန်းစစ်မျက်နှာအထိ သက်စွန့်ကြိုးပမ်း သွားရောက်ခဲ့ကြသည်။ ထိုဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင် အနုပညာရှင်များသည် အမျိုးသားရေးနှင့် ယှဉ်လာလျှင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ရုံသာမက အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်လာလျှင် တိုင်းပြည်ကာကွယ်ရေးများကိုပါ ပါဝင်ခဲ့ကြသည်ကို ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိရပါသည်။

ထိုအချိန်က အင်းစိန်တိုက်ပွဲ၌ ရုပ်ရှင်အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ပုံနှင့် စပ်လျဉ်း၍ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာနှင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် လူထုကြီးအား မှီခို၍ စီးပွားရှာလာခဲ့ကြသော ရုပ်ရှင်သမားများသည် လူထုကိုပြန်လည်၍ ကျေးဇူးဆပ်သည့် သဘောဖြင့် လူထုအပေါ်တွင် ကျရောက်လာမည့် အန္တရာယ်အပေါင်းတို့ကို ကာကွယ်ပေးရန် အရေးကြုံနေပြီဖြစ်၍ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးဝင်များ ဖြစ်သော ပညာသည်များနှင့် ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ လူကြမ်းအစရှိသည့် ပုဂ္ဂိုလ်တို့သည်

*စာမျက်နှာ ၁၂ သို့*



ဦးတင်ဆွေ










*စာမျက်နှာ ၁၁ မှ*

စစ်လေ့ကျင့်ခန်းများနှင့် သူနာပြုပညာများကို လေ့လာနေပြီဖြစ်ကြောင်း၊ အစည်းအရုံးကြီးမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့ကြီးကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖွဲ့စည်းပြီးဖြစ်လေရာ ဓာတ်ပုံဆရာများကလည်း အင်းစိန်တိုက်ပွဲသို့ သွားရောက်ရုပ်ရှင်ရိုက်ကူးနေကြပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရှေ့တန်းစစ်မျက်နှာအင်းစိန်၊ ဒညင်းကုန်း၊ စော်ဘွားကြီးကုန်း၊ မရမ်းကုန်း၊ သမိုင်း၊ မင်္ဂလာဒုံရှိ တောင်ပိုင်းစစ်ဌာနချုပ်ရှိ အစိုးရတပ်များ၊ အီးတီအက်ဖ်တပ်၊ မုန်တိုင်းတပ်၊ ငမိုးရိပ်တပ်၊ စိန်ပြောင်းတပ်နှင့် ရဲဘော်ဖြူတပ်များသို့ ထမင်းထုပ်၊ ဆေးလိပ်၊ မီးခြစ်၊ ချိုချဉ်၊ စာနယ်ဇင်းများကို ထောက်ပံ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့တို့တွင် သမိုင်းလမ်းဆုံအနီး၌ စစ်သေနတ် အပစ်ခံရကြောင်း၊ ရှေ့တန်းနောက်တန်း နှစ်တန်းစလုံးကို ဖျော်ဖြေရေးအဖွဲ့များ စေလွှတ်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ရုပ်ရှင်ပညာသည်အပေါင်းတို့သည် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးက ကြီးမှူးသော ပြည်သူ့ကာကွယ်ရေးအဖွဲ့တွင် နေ့စဉ် ၁ နာရီမှ ၁၁ နာရီအထိ တစ်ဖွဲ့၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ တစ်ဖွဲ့နှစ်ဖွဲ့ခွဲ၍ စစ်ရေးလေ့ကျင့်နေကြသည်ကိုလည်း တွေ့ရကြောင်း၊ ထို့ပြင် ရုပ်ရှင်ပညာသည်များနှင့် ရုပ်ရှင်ကုမ္ပဏီများ အလှည့်ကျ တာဝန်ယူပြီးလျှင် စစ်မြေပြင်တွင် ကေအင်န်ဒီအို သောင်းကျန်းသူများကို တိုက်ခိုက်နေသော ဗမာ့တပ်မတော်သားများ၊ ရဲဘော်ဖြူများထံသို့ ထမင်းထုပ်၊ ဆေးလိပ်၊ သတင်းစာများ နေ့စဉ်အရောက် ပို့နေကြကြောင်း။

ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးမှ ကြီးမှူးတည်ထောင်လိုက်သော ရုပ်ရှင်နှင့် ပြဇာတ်အသင်းသားများ ပါဝင်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့၏ စစ်ဝန်ထမ်း တံဆိပ်မှာ ပခုံးဒေါက်အနီတွင် ယူအက်စ်အက်ဖ်နာမည် ရိုက်နှိပ်ထားပြီး ရိုင်ဖယ်သေနတ်နှစ်လက်ကို ကြက်ခြေခတ်သဏ္ဍာန် ရိုက်နှိပ်ထားသည်ကို တွေ့ရကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

အလားတူ ထိုစဉ်က ရုပ်ရှင်ပြဇာတ် ကာကွယ်ရေးအဖွဲ့ကြီးက ထုတ်ပြန်ခဲ့သည့် ပန်ကြားချက်နှင့် စပ်လျဉ်း၍ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာကြီး၌ –

**တိုင်းပြည်လူထုသို့–**

ကျွန်မတို့ ရုပ်ရှင်ပြဇာတ်အစည်းအရုံးဝင် အမျိုးသား၊ အမျိုးသမီးအပေါင်းတို့သည် တိုင်းပြည်လူထုအား မှီခိုအားထားရသူများဖြစ်သည့်အလျောက်၊ ပြည်သူလူထု ဒုက္ခရောက်သည့်အလျောက် ပြည်သူလူထုဒုက္ခနှင့် ရင်ဆိုင်တိုးနေရသည့်အချိန်တွင် ကျွန်မတို့ ရုပ်ရှင်ပြဇာတ်လောကအတွင်း ပါဝင်သူတို့သည် ပြည်ထောင်စုရန်သူမှန်သမျှကို ဖြိုခွင်းရန်အတွက် ပစ္စည်းအင်အား၊ လူအင်အားနှင့်ဆိုင်ရာမှ ဆောင်ရွက်နေကြ၍ ကျွန်မတို့ ခေါင်းဆောင်ကြီးများကိုယ်တိုင် ပြည်ထောင်စုရန်သူကို ချေမှုန်းလျက်ရှိသော စစ်သည်တော် ရဲဘက်များအား ထောက်ပံ့ရန်အတွက် ထမင်းထုပ်များ ကောက်ခံသိမ်းယူလျက် ရှိပါသည်။ သို့အတွက် မြို့မိမြို့ဖများက တတ်အားသမျှ ကူညီကြပါ မေတ္တာရပ်ခံပါကြောင်း။

(ပုံ) မေရှင်
**ပြန်ကြားရေးမှူး**
**ရုပ်ရှင်ပြဇာတ်ကာကွယ်ရေးအဖွဲ့**

ဟု ရေးသားဖော်ပြခဲ့သည်ကို ဂုဏ်ယူအားကျဖွယ် လေ့လာတွေ့ရှိရပါသည်။



**အကိုးအထောက်**

၁။ ကျွန်ုပ်နှင့် မြန်မာ့ရုပ်ရှင်လောက (ဒဂုဏ်ဦးဘတင်၊ စာပေဗိမာန် ၁၉၆၆)
၂။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း(၁၉၂၀–၁၉၇၀) (ဂျယ်ရီ ကြိုင်သမိုင်းအရ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၉)
၃။ အကယ်ဒမီဆုရ မြန်မာ့ရုပ်ရှင်ကားများကို ရှုမြင်သုံးသပ်ခြင်း (ကျမ်းပြုစုသူ–မောင်ထွန်းအုံ ၁၉၇၇၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်)

## အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr. Dylan Chow ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr.Dylan Chow သည် ရုပ်ရှင်ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒါရိုက်တာသည် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး ပညာသင်ယူရန်နှင့် သရုပ်ဆောင်ပညာ လေ့လာဆည်းပူးရန် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဒါရိုက်တာဆုနှင့် ထုတ်လုပ်မှုဆိုင်ရာ ရုပ်ရှင်ပညာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၎င်းသည် ဖြစ်ရပ်မှန်အပေါ် အခြေခံသည့် ဇာတ်လမ်းရေးသားမှုနှင့် ရုပ်ရှင်ဇာတ်လမ်းတိုဖန်တီးမှုများကို အစဉ်တစိုက် လုပ်ဆောင်ခဲ့ရာ ၎င်း၏ ရုပ်ရှင်ဇာတ်လမ်းတိုများသည် လော့စ်အိန်ဂျလိစ်၌ ကျင်းပသည့် ရုပ်ရှင်ပွဲတော်များတွင် ထူးချွန်ဆုများစွာ ရရှိခဲ့ကြောင်း၊ ၎င်းဆုရရုပ်ရှင်ဇာတ်လမ်းတိုများနှင့် ပတ်သက်သည့် ဇာတ်ညွှန်းဆိုင်ရာများကို ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်အတွက် ရုပ်ရှင်အနုပညာရပ်ဝန်းတစ်ခု တည်ထောင်ပြီး ရုပ်ရှင်စတူဒီယိုများ ဖွင့်လှစ်ပေးခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုလေ့လာသုံးသပ်သည့် Cinematheque Program များ ကျင်းပခြင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာဖွင့်လှစ်၍ သင်တန်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိရာ Cinematheque Program ၏ ကဏ္ဍတစ်ရပ်အဖြစ် ထိုကဲ့သို့ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

## ဂျပန်နိုင်ငံ TBS ရုပ်သံ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့နှင့် ငပလီကမ်းခြေတွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံ TBS ရုပ်သံ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေ ပုလဲကျွန်းနှင့် သဲဖြူကျွန်းတို့တွင် မှတ်တမ်းရိုက်ကူးသည်။



ဂျပန်နိုင်ငံ TBS ရုပ်သံ ရိုက်ကူးရေးအဖွဲ့ ငပလီကမ်းခြေတွင် မှတ်တမ်းရိုက်ကူးစဉ်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ၁၉ လမ်း အလယ်ရှိ စားသောက်ဆိုင်များတွင် လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ရှိ Hilton Hotel၊ Sandoway Resort၊ Ngapali Paradise Hotel နှင့် Ocean Pearl Sea Food စားသောက်ဆိုင်တို့တွင် လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်အထိ ငပလီကမ်းခြေတွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရိုက်ကူးထားရှိမှုများကို ဂျပန်နိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ TBS ရုပ်သံလိုင်း၏ “World Summers Resort” အစီအစဉ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းအောင်(FDC)**

## မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်ရှိ မိသားစုအား ထောက်ပံ့ပေးအပ်

**မိုးညို ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇေယျာတိကရပ်ကွက် ပန်းကြာညိုလမ်းတွင် နေထိုင်သည့် ဒေါ်သင်းသင်းခိုင် (၄၈ နှစ်)(အိမ်ငှါးနေသူ)အပါအဝင် မိသားစု သုံးဦး၏ နေအိမ်မှာ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယနေ့ နံနက် ၁၁ နာရီခွဲက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းသူမောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသက်ဇော်၊ ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးမြင့်ဌေးတို့က ပျက်စီးနေအိမ်တစ်လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် တစ်သိန်း၊ ဆန် ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၆၃၀၀၀ နှင့် ထောက်ပံ့ပစ္စည်း ၁၉ မျိုး တစ်အိမ်ထောင်စာအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂နာရီခွဲက မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မရက္ခိတလမ်းတွင် ကိုကိုထွန်း(ခ) ကိုထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၃ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ညနေ ၅ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၂) ရပ်ကွက်ရှိ ၎င်းငှားရမ်းနေထိုင်သည့်အိမ်ကို ဆက်လက်ရှာဖွေရာ သက်ထွေးအား တွေ့ရှိ၍ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ကွင်းဆက်အရ ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄)ရပ်ကွက် ရာဇဓိရာဇ်(၄) လမ်းရှိ ဝေလျှံ (ခ) ဝေလျှံစိုးမိုး၏ နေအိမ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၇ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမပေါ်ရှိ ၆ ကွေ့ မီးပွိုင့်အနီးတွင် မျိုးမင်းလတ် (ခ) အငယ်လေး မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၉၁ ပြား၊ ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကိုလည်းကောင်း။

ဆက်လက်၍ ညနေပိုင်းတွင် သာကေတမြို့နယ် ရှုခင်းသာပတ်လမ်းတွင် တိုယိုတာမတ်တူး အမျိုးအစားမော်တော်ယာဉ်နှင့်အတူ အောင်နိုင်၊ လှဝင်း(ခ)ဂျလားတို့ကို တွေ့ရှိရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ အိုက်စ် ၁၀ ဂရမ်နှင့် ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ဆက်လက်၍ ညပိုင်းတွင် ပူးပေါင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက် (၅၃) လမ်းရှိ အောင်နိုင် ငှားရမ်းနေထိုင်သည့် အိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၁၉၅ ပြားနှင့် အိုက်စ် ၁၀၀ ဂရမ်တို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အောင်နိုင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် တွေ့ရစဉ်။




## ဘုံချောင်း - မဲဇာဘူတာကြား မဲဇာသံတံတားပေါ်တွင် အဆန်ကုန်ရထားတွဲချော်

**အင်းတော် ဇန်နဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဇန်နဝါရီ ၈ ရက် နံနက် ၅ နာရီ ၃၅ မိနစ်ခန့်တွင် ဘုံချောင်းဘူတာမှ ထွက်ခွာလာသော စက်ခေါင်းမောင်း ဦးခင်မောင်စိုးနှင့် ရထားထိန်း ဦးစိုးလင်းတို့ လိုက်ပါလာသည့် အဆန်ကုန်ရထားသည် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မဲဇာသံပေါင်ဘေလီတံတားပေါ်တွင် ကုန်တွဲတစ်တွဲ ဘီးချော်မှုဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် မန္တလေး-မြစ်ကြီးနား အဆန်ဒုတိယအမြန်ရထားမှာ ဘုံချောင်းဘူတာတွင် ခေတ္တရပ်နားခဲ့ရပြီး ရထားလမ်းများ အချိန်မီပွင့်နိုင်ရေးအတွက် နမ်းခမ်းတွဲပြင်အဖွဲ့နှင့် ကောလင်းတွဲ ပြင်အဖွဲ့တို့မှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရာ **(အောက်ပုံ)** ညနေ ၆ နာရီခန့်တွင် ရထားပုံမှန်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**



## မြန်မာ့ရုပ်မြင်သံကြား

၉-၁-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၄၀ - "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၉:၁၀ - နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂသေနာဘိဝံသ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၉:၂၅ - လှပစုံလင်အာဆီယံတစ်ခွင်
၉:၃၅ - "ရွှေအင်းတော်မှတောင်ပေါ်ပင်လယ်
၁၀:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
၁၀:၃၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၂:၃၅ - "အယ်လ်ဘဲ့တီးနား ဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
၁၂:၄၅ - နိုင်ငံခြားဇာတ်လမ်းတွဲ

**ညပိုင်း**

၁၆:၂၀ - ရုပ်ရှင်ရာပြည့် (Promo)
၁၆:၃၅ - Soccer view
၁၇:၁၀ - NHK အစီအစဉ်
၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈:၃၀ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၂၀:၃၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
၂၀:၃၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်များ "မြန်မာစာပေမှ မဟာဂီတဖော်ကျူးခြင်း ဟောပြောသရုပ်ပြပွဲ" (အပိုင်း-၁)
- သမိုင်းကိုဖော်ပြသော ဝါကျများ "ရွာသားကြီး ဦးစိန်ဘညိုနှင့် တွေ့ဆုံခြင်း"

## ရေကြည်မြို့နယ်၌ ဝန်မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်လေးလုံးပြောင်းရွှေ့

**ရေကြည် ဇန်နဝါရီ ၈**
ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်ငူကျေးရွာအုပ်စု၌ ယနေ့နံနက် ၇ နာရီခွဲခန့်က ဝန်မြစ်ရေတိုက်စားမှုကြောင့် အလျားပေ ၁၂၀ ခန့်၊ အနံ ငါးပေခန့် မြစ်ကမ်းပါး အက်ကွဲခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် မြစ်ကမ်းနှင့် ၁၅ ပေခန့်အကွာတွင် နေထိုင်သော ဦးအုံးကြည် (၆၈နှစ်) ၏ သွပ်မိုး-ထရံကာ နေအိမ်တစ်လုံး၊ ဦးမှတ် (၈၀နှစ်) ၏ သွပ်မိုးပျဉ်ကာ နေအိမ်တစ်လုံး၊ ဦးအေးထွန်း (၄၆နှစ်)၏ ဓနိမိုး ထရံကာ နေအိမ်တစ်လုံးနှင့် ဒေါ်ပန်းအိဖြူ (၂၄ နှစ်)၏ ဓနိမိုး ထရံကာ နေအိမ်တစ်လုံးတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ရေကြည်မြို့မရဲစခန်းမှ ဒုရဲအုပ်ဘိုဘိုဟိန်း ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများက ကညင်ငူကျေးရွာအတွင်းရှိ ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

## ညောင်တုန်းမြို့၌ ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်မှုများနှင့် မြေနိမ့်ချိုင့်ဝင်ကျွံကျမှုများဖြစ်ပေါ်

**ညောင်တုန်း ဇန်နဝါရီ ၈**
ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အမှတ်(၃)ရပ်ကွက် ၂၁ လမ်းကမ်းနားနှင့် ၂၂ လမ်းကမ်းနား၊ မြို့မြစ်ကမ်းတာ အတွင်းဘက်တွင် ယမန်နေ့ ညနေပိုင်းမှစ၍ ပန်းလှိုင်မြစ်ရေ တိုက်စားမှုကြောင့် မြေနိမ့်ကျွံကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်ကာ အလျား ၃၆၅ ပေခန့်ရှိ မြေနိမ့်ချိုင့်ဝင် အက်ကွဲကြောင်းများ ထပ်မံဖြစ်ပေါ်ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ နေရာသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်မှုများနှင့် မြေနိမ့်ချိုင့်ဝင်ကျွံကျမှုများ ဖြစ်ပေါ်မှုကြောင့် ဒေသခံပြည်သူများ အလွန်စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



## ခင်ဦးမြို့နယ်၌ မော်တော်ယာဉ်နှင့်ဆိုင်ကယ် တိုက်မိ၍ လူတစ်ဦး သေဆုံး

**ခင်ဦး ဇန်နဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း လက်ပံကုန်းကျေးရွာအနီးတွင် ဇန်နဝါရီ ၇ ရက် ည ၈ နာရီ ခန့်က ဗန်းမော်မြို့နေ ကျော်စွာမိုး (၃၈ နှစ်) မောင်းနှင်လာသော ယာဉ်သည် ခင်ဦးမြို့နယ်နေ ချစ်စန်းအောင် (၂၅ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ ချစ်စန်းအောင်မှာ ဒဏ်ရာ များရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်စွာမိုး ( ၃၈ နှစ် ) နှင့် ဆိုင်ကယ်မောင်းနှင်သူ ချစ်စန်းအောင် (၂၅ နှစ်) တို့ကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ဖယ်ခုံ၊ ဟိုပုံးနှင့် ကျိုင်းတုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၅၀ ဒသမ ၅ ဧက ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၈**
ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့က ဖယ်ခုံမြို့နယ် ဆင်ဖြူကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်လက်မခန့်ရှိ ဘိန်းပင်ပေါက် ဘိန်းခင်း စုစုပေါင်း ၃၅ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ထို့အပြင် ဟိုပုံးမြို့နယ် ငိုချီးကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်းစုစုပေါင်း ကိုးဧကခန့်နှင့် ကျိုင်းတုံမြို့နယ် နောင်ဆုံ(၂)ကျေးရွာအနီး၌ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း စုစုပေါင်း ၆ ဒသမ ၅ ဧကခန့်တို့ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါသည့် ပူးပေါင်းအဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဒလမြို့နယ်တွင် အမြောက်ကျည်ဆန် ထိပ်ဖူးတစ်ခုတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**
ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင်မီးခြစ်စက်ကျေးရွာတွင် နေထိုင်သူ မောင်စူပါမင်း(ခ)ဇော်ဇော်မျိုးသည် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီခွဲခန့်တွင် ကျေးရွာအနီးရှိ ရန်ကုန်မြစ်အတွင်း ကဏန်းချိတ်ရာမှ အလျား ၂၁ လက်မ၊ လုံးပတ် ၁၉ လက်မ၊ နောက်ပိတ် ခြောက်လက်မ၊ ထိပ်အဝ နှစ်လက်မရှိ အမြောက်ကျည်ဆန်ထိပ်ဖူးကို တွေ့ရှိခဲ့သည်။

အဆိုပါ ကျည်ဆန်ထိပ်ဖူးကို ကျေးရွာသို့သယ်ဆောင်ခဲ့ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကြည်စိုးထံ အကြောင်းကြားခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာသို့ ဆက်သွယ်သတင်းပေးပို့ကာ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ဆိပ်ကမ်းမြို့နယ်၊ ဒလပျော်ဘွယ်ကြီး နယ်မြေရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များက လာရောက်ကြည့်ရှုစစ်ဆေးအတည်ပြုကာ အမြောက်ကျည်ဆန်ထိပ်ဖူးကို သယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အံ့ကြီးမောင်(ဒလ)**

# အီရတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းနှစ်ခုကို အီရန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၈

**အီရန်နိုင်ငံသည် ဇန်နဝါရီ ၈ ရက်က အီရတ်အခြေစိုက် အမေရိကန်စစ်စခန်းကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်နှင့် အီရန်အရာရှိများက ပြောကြားလိုက်သည်။ ယခုကိစ္စသည် ထိပ်တန်းအီရန်ဗိုလ်ချုပ်ကြီးကို အမေရိကန်က သုတ်သင်လိုက်ခြင်းအပေါ် အီရန်နိုင်ငံက လက်စားချေမည်ဟု ကတိပေးပြောကြားထားသည့်အပေါ် ပထမဆုံး လက်တုံ့ပြန်လိုက်ခြင်းပင် ဖြစ်သည်။**

ဒုံးကျည်များကို အီရန်ပိုင်နက်မှ အီရန်တပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်ခြင်းဖြစ်ပြီး အီရန်၏ ယခုလို တိုက်ခိုက်မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် အီရန်အကြား ထိပ်တိုက်ရင်ဆိုင်မှုသည် ပိုမိုကြီးထွားလာမည့် သဘောရှိကာ ကမ္ဘာ့လောင်စာဆီဈေးနှုန်း အတက်ဘက်သို့ ဦးတည်လျက်ရှိသည်။

ဒုံးကျည်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ဆက်စပ်မှုတစ်စုံတစ်ရာ မတွေ့ရသော်လည်း လူပေါင်း ၁၇၆ ဦး သေဆုံးခဲ့သည့် ယူကရိန်း လေယာဉ်ပျက်ကျမှုနှင့် တိုက်ရိုက်ပတ်သက် နေသလားဆိုသည့်အပေါ် စိုးရိမ်မကင်း ဖြစ်နေကြသည်။

အီရန်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အီရတ်အခြေစိုက် အမေရိကန် စစ်စခန်း ပျက်စီးသွားသည့်အပေါ် ပင်တဂွန်က ကနဦးအပျက်အစီးတန်ဖိုးကို ခန့်မှန်းတွက်ချက်လျက်ရှိကြောင်း သိရသည်။

ဒုံးကျည်များကို အီရန်က ပစ်လွှတ်တိုက်ခိုက်ခြင်းဖြစ်ပြီး အီရတ်ရှိ အိန်အယ်လ်အာဆက်နှင့် အာရ်ဘေအခြေစိုက် အမေရိကန်စစ်စခန်း အနည်းဆုံး နှစ်ခုကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အီရန်တို့၏ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သေဆုံးမှုရှိ မရှိ မသိရသေးချေ။ ပင်တဂွန်ကမူ ယခုလို အမေရိကန်နှင့် အီရန်တင်းမာမှု မြင့်မားနေသည့်အချိန်၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးစစ်ဆင်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်နေသည့်အချိန်တွင် အမေရိကန် စစ်အခြေစိုက်စခန်းများ တိုက်ခိုက်ခံရနိုင်သည့်အတွက် အမြင့်ဆုံးတပ်လှန့်နှိုးဆော်မှု လုပ်ထားကြရန် မှာကြားထားကြောင်း သိရသည်။

အမေရိကန်စစ်အခြေစိုက် စခန်းများကို ဒုံးကျည် ၂၂ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားခဲ့သည်။

ဒေသ စံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်နှင့် ၂ နာရီ ၁၅ မိနစ်ကြားတွင် အီရတ်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းများသည် ဒုံးကျည် ၂၂ စင်း ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း၊ ဒုံးကျည် ၁၇ စင်းမှာ အီရတ်နိုင်ငံ အိန်အယ်လ် အာဆက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ဦးတည်ပစ်ခတ်တိုက်ခိုက်ပြီး ကျန် ဒုံးကျည် ငါးစင်းမှာ အာရ်ဘီရှိ အမေရိကန်



အီရတ်နိုင်ငံ အယ်လ်အာဆက်လေတပ်အခြေစိုက်စခန်းရှေ့တွင် အီရတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

စစ်အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်။

အီရန်တို့၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်များလည်း သေဆုံးကြောင်း သတင်းဖော်ပြခြင်းမရှိချေ။ ယခုဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၊ ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါနှင့် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များ၏ ခေါင်းဆောင်နှင့် တခြားအမျိုးသားလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သမ္မတအိမ်ဖြူတော်တွင် အရေးပေါ် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ယူကရိန်းလေယာဉ်ပျက်ကျရာ လေယာဉ်ပေါ်လိုက်ပါလာသူ အားလုံးသေဆုံး

**ကီယက်ဗ် ဇန်နဝါရီ ၈**

လူပေါင်း၁၇၀ ထက်မနည်းတင်ဆောင်လာသော ယူကရိန်းခရီးသည်တင် ဘိုးရင်း-၇၃၇ လေယာဉ်ကြီးသည် ဇန်နဝါရီ ၈ ရက်တွင် တီဟီရန်မှ ပျံတက်ပြီး မကြာမီ ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ အားလုံး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံပိုင် သတင်းမီဒီယာက ကြေညာလိုက်သည်။

လေယာဉ်ခရီးစဉ် PS-752 ဖြင့် လိုက်ပါလာသည့် ခရီးသည်များ အားလုံး အသက်ရှင်ရန် လုံးဝမဖြစ်နိုင်တော့ကြောင်း၊ လေယာဉ်ပေါ်တွင် လူပေါင်း ၁၇၆ ဦး လိုက်ပါလာခဲ့ကြောင်း ကြက်ခြေနီတပ်ဖွဲ့ ခေါင်းဆောင် မော်တီဇာဆာလီမီက အစ်နာသတင်းအေဂျင်စီသို့ ပြောကြားလိုက်သည်။

နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် အိုင်အာရ်အင်န်အေသတင်းအေဂျင်စီက ယူကရိန်းနိုင်ငံတကာလေကြောင်းလိုင်းက စီမံခန့်ခွဲလျက်ရှိသော ယင်းလေယာဉ်ပေါ်တွင် လေယာဉ်ဝန်ထမ်းများအပါအဝင် ခရီးသည် ၁၇၆ ဦး လိုက်ပါလာခဲ့ကြောင်း ဖော်ပြခဲ့သည်။

လေယာဉ်ပေါ် လိုက်ပါလာသူ အားလုံး သေဆုံးခဲ့ကြောင်း ယူကရိန်း သမ္မတ ဗလော်ဒီမာဇီလန်စကီက အတည်ပြု ပြောကြားလိုက်သည်။ ကီယက်ဗ်သို့ ဦးတည်ပျံသန်းမည့် အဆိုပါလေယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည်များအားလုံးနှင့် လေယာဉ်ဝန်ထမ်းများအားလုံး သေဆုံးခဲ့ကြောင်း ယူကရိန်းသမ္မတက လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

ကြက်ခြေနီတပ်ဖွဲ့ ခေါင်းဆောင်က အသင်းအဖွဲ့များအားလုံးသည် သေဆုံးသူများ၏ ရုပ်အလောင်းများကို ဖော်ထုတ်ရာတွင် ဝိုင်းဝန်းကူညီနေကြောင်း ပြောကြားသည်။ ဒေသ စံတော်ချိန် နံနက် ၆ နာရီတွင် ခရီးသည် လေယာဉ်တစ်စင်း ရှာဟာရီးယားအနီးဝန်းကျင်တွင် ပျက်ကျသည့် သတင်းပေးချက်ရရှိခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ရှာဟင်ဖာသီက ပြောသည်။ ကူညီရေးအဖွဲ့အားလုံး အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့ကြောင်း ၎င်းက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ပြောကြားလိုက်သည်။ တစ်ယောက်မှ အသက်ရှင်မကျန်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယူကရိန်းလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး လေယာဉ်ပျံသန်းရာလမ်းကြောင်းကို မှတ်တမ်းတင်ထားသည့် ဘလက်ခ်ဘောက်ကို ပြန်ပေးမည်မဟုတ်ကြောင်း အီရန်လေကြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲ အလီအာဘတ်ဇာဒက်က ပြောသည်။ **အေအက်ဖ်ပီ**



လေယာဉ်ပျက်ကျမှုဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးအဖွဲ့များ အရေးပေါ်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# အီရတ်နှင့် အီရန် ဝေဟင်ပိုင်နက်များတွင် လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် တားမြစ်

**ဝါရှင်တန် ဇန်နဝါရီ ၈**

အီရတ်အခြေစိုက် အမေရိကန်စစ်အခြေစိုက်စခန်းများကို အီရန်က ဒုံးကျည်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် အမေရိကန်ပြည်ထောင်စု လေကြောင်းစီမံခန့်ခွဲရေးဌာန (အက်ဖ်အေအေ)က အီရတ်၊ အီရန်၊ အိုမန်ပင်လယ်ကွေ့ဒေသနှင့် အီရန်နှင့် ဆော်ဒီအာရေဗျရေပိုင်နက်များပေါ်တွင် အမေရိကန် လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

အက်ဖ်အေအေက အရှေ့အလယ်ပိုင်းနှင့် နိုင်ငံရေးတင်းမာမှုများ မြင့်တက်လာသလို စစ်ရေးဆောင်ရွက်ချက်များလည်း မြင့်တက်လာသဖြင့် ယခုလို အီရတ်၊ အီရန်၊ အိုမန်ပင်လယ်ကွေ့နှင့် အီရန်နှင့်ဆော်ဒီအာရေဗျ ရေပိုင်နက်များပေါ်တွင် အမေရိကန်လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် တားမြစ်ချက်များ ထွက်ပေါ်လာပြီးနောက် နိုင်ငံတကာ အဓိကလေကြောင်းလိုင်း အတော်များများကလည်း အီရတ်နှင့် အီရန်လေကြောင်း ပိုက်နက်များကို ရှောင်ရှားပြီး လမ်းကြောင်းပြောင်းလဲ ပျံသန်းမှုများပြုလုပ်ရန် တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

အီရန်နှင့် အီရတ်လေကြောင်းပိုင်နက်သည် အာရှနှင့် ဥရောပကို ဆက်သွယ်နေသည့် လမ်းကြောင်းတွင် အရေးပါသည့်အတွက် ဖလိုက်ရေဒါ ၂၄ စာရင်းဇယားများအရ အမေရိကန်လေကြောင်းလိုင်းမဟုတ်သော အခြားနိုင်ငံတကာမှ လေကြောင်းလိုင်းအတော်များများလည်း အီရန်နှင့် အီရတ်လေကြောင်းပိုင်နက်များကို ဖြတ်ကျော်ပျံသန်းမှုများပြုလုပ်နေကြောင်း သိရသည်။

အဆိုပါကိစ္စဖြစ်ပွားပြီးနောက် ပြင်သစ်လေကြောင်းလိုင်း၊ နယ်သာလန်လေကြောင်းလိုင်း၊ ဂျာမနီလေကြောင်းလိုင်း၊ ယူအေအီးလေကြောင်းလိုင်း၊ စင်ကာပူလေကြောင်းလိုင်း၊ မလေးရှားလေကြောင်းလိုင်း၊ ဗီယက်နမ်လေကြောင်းလိုင်း၊ ဂျပန်လေကြောင်းလိုင်း၊ ဟောင်ကောင်အခြေစိုက် ကေသီပစိဖိတ် လေကြောင်းလိုင်းများကလည်း အီရန်နှင့် အီရတ် လေကြောင်းပိုက်နက်များကို ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် တားမြစ်လိုက်သလို အဆိုပါလေကြောင်းပိုင်နက်များကို ဖြတ်ကျော်ပျံသန်းမှုပြုလုပ်ရမည့် ဇန်နဝါရီ ၈ ရက် လေကြောင်းခရီးစဉ်များအားလုံးကိုလည်း ဖျက်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **အေအက်ဖ်ပီ**

# အီရန်၏နျူကလီးယား အစီအစဉ်များနှင့်ပတ်သက်၍ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက စိစစ်မည်

**တီဟီရန် ဇန်နဝါရီ ၈**

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ပါ စည်းကမ်းချက်များကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာထားသည်ဖြစ်ရာ အီရန်၏ နျူကလီးယားအစီအစဉ်များအပေါ် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က စိစစ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အင်အားကြီးနိုင်ငံများနှင့် သဘောတူထားသည့် အဆိုပါ နျူကလီးယား သဘောတူစာချုပ်ထဲတွင် ယူရေနီယမ်သန့်စင်ထုတ်လုပ်မှုကို ကန့်သတ်ထားသည့် စည်းကမ်းချက်ပါရှိရာ အဆိုပါကန့်သတ်ချက်ကို အီရန်က လိုက်နာတော့မည်မဟုတ်ကြောင်း အီရန်က ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

အမေရိကန်က အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည့်အတွက် ထိုသို့ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း အီရန်က ပြောကြားခဲ့သည်။

အိုင်အေအီးအေအဖွဲ့က ယင်းကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၆ ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်၌ အိုင်အေအီးအေမှ တာဝန်ရှိသူများသည် အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကိုစောင့်ကြည့်ကာ စိစစ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် သိရှိရသမျှ အချက်အလက်များကိုလည်း အဖွဲ့ဝင်နိုင်ငံများသို့ အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

## အာဖဂန် စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျကာ လေယာဉ်မှူး နှစ်ဦးသေဆုံး

**ကဘူးလ် ဇန်နဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရက်ပြည်နယ်၌ ဇန်နဝါရီ ၈ ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးသေဆုံးခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမ်အိုင် ၃၅ ရဟတ်ယာဉ်သည် ဖာရက်ပြည်နယ် ပေါ်ချာမန်ဒေသ၌ နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပျက်ကျသွားခဲ့ပြီး ရဲရင့်သည့် လေယာဉ်ပိုင်းလော့နှစ်ဦး ဝမ်းနည်းဖွယ် သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်၌ ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ဖော်ပြထားခြင်းမရှိသော်လည်း မတော်တဆဖြစ်ရပ်အတွင်း အသက်ဆုံးရှုံးခဲ့ရသည့် လေယာဉ်မှူးနှစ်ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

## မိမိအားဖမ်းဆီးမှု နောက်ကွယ်မှ လူများကို ထုတ်ဖော်မည်ဟု ကားလို့စ်ဂွင်း ပြော

**တိုကျို ဇန်နဝါရီ ၈**

နစ်ဆန်းမော်တာကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွင်းက ၎င်းကို ဖမ်းဆီးမှုနောက်ကွယ်မှ လူများ၏ အမည်ကို ထုတ်ဖော်ပြောဆိုမည့် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့သည်ဟု အမေရိကန်ရုပ်မြင်သံကြားဌာနတစ်ခုက ထုတ်လွှင့်ခဲ့သည်။

မစ္စတာဂွင်းသည် ဇန်နဝါရီ ၈ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် သတင်းစာရှင်းလင်းပွဲမတိုင်မီ ပြီးခဲ့သည့် ရက်သတ္တပတ်က Fox Business သတင်းဌာနမှ သတင်းထောက်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို အဆိုပါသတင်းဌာနက ယခုရက်ပိုင်းအတွင်း ထုတ်လွှင့်ခဲ့သည်။

တွေ့ဆုံ မေးမြန်းမှုအတွင်း မစ္စတာ ဂွင်းက ၎င်းကိုဖမ်းဆီးခြင်းသည် ၎င်းကိုဖြုတ်ချရေးလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ နစ်ဆန်းနှင့် ရေးနော့လ် ကုမ္ပဏီနှစ်ခု ပူးပေါင်းရန် ၎င်းက လုပ်ဆောင်နေသည့်အတွက် ၎င်းကို ထုတ်ပယ်ရန် ကြံစည်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆကြောင်း မစ္စတာဂွင်းက ပြောကြားခဲ့မှုကို သတင်းဌာနက ထုတ်လွှင့်ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ

# တရုတ်နိုင်ငံကို ဆန်းကြယ်စွာရောက်ရှိလာတဲ့ အဆုတ်ရောင်ရောဂါတစ်မျိုး

*ကလျာမိုးမြင့်*

**တရုတ်နိုင်ငံအလယ်ပိုင်းမှာ ထူးဆန်းတဲ့ အဆုတ်ရောင်ရောဂါ တစ်မျိုး ဒေသခံပြည်သူ ၅၉ ဦးအထိ ကူးစက်ဖြစ်ပွားခဲ့ပြီးနောက်မှာ အာဏာပိုင်တွေဟာ နမိုးနီးယားရောဂါဖြစ်ပွားလာနိုင်တဲ့ အခြေအနေတစ်ခုကို သတိကြီးကြီးထားပြီး စောင့်ကြည့်နေရပါတယ်။ နိုင်ငံအတွင်းမှာ ယခင်ကဖြစ်ပွားခဲ့ဖူးတဲ့ ဆားစ်ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားလာမှာကိုလည်း စိုးရိမ်နေရပါတယ်။**



ဗိုင်းရပ်ကူးစက်မှုမှကာကွယ်ရန် နှာခေါင်းစည်းဝတ်ဆင်ထားကြသည့် ဒေသခံပြည်သူများ။

### အာဏာပိုင်တွေ စိုးရိမ်

လာမယ့် ဇန်နဝါရီလနှောင်းပိုင်းမှာ ရောက်ရှိလာတော့မယ့် နွေဦးပွဲတော်အချိန်ရောက်တဲ့အခါ တရုတ်နိုင်ငံရဲ့ နှစ်သစ်ကူးပွဲတော်ကျင်းပတော့မှာဖြစ်ပြီး အဲဒီအချိန်ဆိုရင် သန်းနဲ့ချီတဲ့ ပြည်သူတွေဟာ နှစ်သစ်ကူးပွဲတော်ပါဝင်ဆင်နွှဲဖို့ရာအတွက် နေရာအနှံ့ကနေ ၎င်းတို့ရဲ့ ဇာတိနေအိမ်အသီးသီးဆီ ပြန်လာကြတော့မှာမို့ ကျန်းမာရေးအာဏာပိုင်တွေက ဒီအတွက်စိုးရိမ်ပူပန်လျက်ရှိပါတယ်။

ဒေသခံပြည်သူတွေအနေနဲ့ အဖျားဝင်တာ၊ အသက်ရှူကျပ်တာနဲ့ ခန္ဓာကိုယ်မှာ နာကျင်ကိုက်ခဲတဲ့ လက္ခဏာမျိုးတွေ ဖြစ်ပေါ်လာခြင်းရှိမရှိ ဒေသခံတွေအနေနဲ့ ဂရုတစိုက်စောင့်ကြည့်ပြီး နေထိုင်ကြဖို့ သတိပေးထားပါတယ်။

### အပူချိန်စစ်ဆေး

ဇန်နဝါရီ ၇ ရက်မှာ ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲ ကယ်ရီလမ်က ကျန်းမာရေးအာဏာပိုင်တွေဟာ နယ်စပ်နေရာအားလုံးမှာ စစ်ဆေးစောင့်ကြည့်မှုတွေ အခိုင်အမာ ဆောင်ရွက်နေပြီဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဝူဟန်ကနေ ရထားနဲ့ ထွက်ခွာရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေ အားလုံးကိုလည်း ခန္ဓာကိုယ်အပူချိန် စစ်ဆေးတိုင်းတာမှုတွေ လုပ်ဆောင်ဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်ပိုင်းလောက်မှာ အမျိုးအစားခွဲခြားနိုင်ခြင်းမရှိသေးတဲ့ နမိုးနီးယားရောဂါနဲ့ ဆင်တူတဲ့ အဖျားရောဂါ ကူးစက်ဖြစ်ပွားသူ ၂၇ ဦးကို စတင်တွေ့ရှိခဲ့ရပါတယ်။ အဲဒီလို ဖြစ်ပွားရာကနေ ရက်အနည်းငယ်အကြာမှာ ကူးစက်ဖြစ်ပွားမှုဟာ ၅၉ယောက်အထိ မြန်မြန်ဆန်ဆန် မြင့်တက်လာခဲ့ပါတယ်။ အထူးသဖြင့် ရောဂါကူးစက်တဲ့လူနာတွေထဲမှာ ခုနစ်ဦးဟာ အရေးပေါ်အခြေအနေဖြစ်နေပြီး ၎င်းတို့ကို တခြားလူနာတွေနဲ့ ရောနှောမှုမရှိစေရအောင် သီးသန့်ထားရှိပြီး ကုသမှုပေးနေရတယ်လို့ ဆိုပါတယ်။ လတ်တလောမှာတော့ လူနာတွေ သေဆုံးတယ်ဆိုတဲ့ သတင်းကြားသိရခြင်းမရှိသေးပါဘူး။

### ခိုင်လုံတဲ့အထောက်အထားမရှိသေး

လက်ရှိ ရောဂါကူးစက်ဖြစ်ပွားမှုတွေနဲ့ ပတ်သက်ပြီး ရောဂါဗေဒဆိုင်ရာပညာရှင်တွေက ဆားစ်ရောဂါဖြစ်ပွားနိုင်တဲ့ အလားအလာကို ဖယ်ထုတ်ထားတယ်လို့ အာဏာပိုင်တွေက ဆိုပါတယ်။ ဆားစ်ဗိုင်းရပ်ဟာ လူကိုသေစေနိုင်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်ဖြစ်ပြီး ၂၀၀၂ခုနှစ် နဲ့ ၂၀၀၃ ခုနှစ်တို့မှာ နိုင်ငံပေါင်း ၃၇ နိုင်ငံထက်မနည်းကို ကူးစက်ပြန့်ပွားခဲ့ပြီး လူ ၈၀၀ ကျော်အထိ အသက်ဆုံးရှုံးစေခဲ့ဖူးပါတယ်။ ရောဂါကူးစက်ဖြစ်ပွားမှုဟာဆိုရင်လည်း အစိုးရရဲ့ဖုံးကွယ်မှုကြောင့် ပိုပြီး အခြေအနေဆိုးရွားခဲ့ရတယ်လို့ သိရှိခဲ့ရပါတယ်။

ဝူဟန်အာဏာပိုင်တွေကတော့ လက်ရှိ ရောဂါကူးစက်မှုမှာ လူအချင်းချင်း ကူးစက်ဖြစ်ပွားတယ်ဆိုတဲ့ တိကျခိုင်လုံတဲ့ သက်သေအထောက်အထား မတွေ့ရှိရဘူးလို့ဆိုပါတယ်။ စုံစမ်းစစ်ဆေးသူတွေကလည်း ယခုဖြစ်ပွားမှုဟာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မဟုတ်သလို အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ (Mers)လည်း မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်ခဲ့တာကိုတွေ့ရပါတယ်။

> **“နမိုးနီးယားရောဂါနဲ့ဆင်တူတဲ့ အဖျားရောဂါ ကူးစက်ဖြစ်ပွားသူ ၂၇ ဦးကို စတင်တွေ့ရှိခဲ့ရပါတယ်။ အဲဒီလို ဖြစ်ပွားရာကနေ ရက်အနည်းငယ်အကြာမှာ ကူးစက်ဖြစ်ပွားမှုဟာ ၅၉ ယောက်အထိ မြန်မြန်ဆန်ဆန် မြင့်တက်လာခဲ့ပါတယ်။ အထူးသဖြင့် ရောဂါကူးစက်တဲ့ လူနာတွေထဲမှာ ခုနစ်ဦးဟာ အရေးပေါ်အခြေအနေ ဖြစ်နေ”**

### ကူးစက်ခံရသည့် လက္ခဏာ

ယခုဖြစ်ပွားနေတဲ့ ထူးဆန်းတဲ့ ဗိုင်းရပ်ကူးစက်ခံရမှု လက္ခဏာတွေမှာ အဖျားကြီးတာ၊ အသက်ရှူခက်ခဲတာနဲ့ ဓာတ်မှန်ရိုက်ထားတဲ့ အဖြေတွေအရ အဆုတ်နှစ်ခြမ်းစလုံးမှာ ထိခိုက်ဒဏ်ရာဖြစ်တာတွေကို တွေ့ရှိရတယ်လို့ သိရပါတယ်။ ဘယ်လိုလူနာတွေမှာ ဖြစ်ပွားမှုရှိသလဲဆိုတာကို လေ့လာကြည့်ပြန်တော့ ရောဂါကူးစက်ခံရသူတွေထဲက လူနာတချို့ဟာ မြို့ထဲက ပင်လယ်စာအရောင်းဆိုင်တွေမှာ အလုပ်လုပ်ကြသူတွေ ဖြစ်တယ်လို့ ကျန်းမာရေးကော်မရှင်က ဖော်ပြထားပြီး ဒီအချက်အရ တိရစ္ဆာန်ကနေ လူကိုကူးစက်ခြင်းဖြစ်နိုင်တယ်လို့ ယူဆရတယ်ဟု ဆိုပါတယ်။

ဈေးထဲက တချို့ဆိုင်တွေမှာ ငှက်တွေ၊ မြွေတွေ၊ သမင်တွေ အပါအဝင် သားရဲတိရစ္ဆာန်တွေရောင်းချတာတွေလည်း ရှိနေတယ်လို့ တရုတ်သတင်းမီဒီယာတချို့က ဖော်ပြကြပါတယ်။ ပင်လယ်စာတွေရောင်းချတဲ့ အဲဒီဈေးကိုတော့ နှစ်သစ်ကူးနေ့ကတည်းက ပိတ်လိုက်ပါပြီ။

### အနီးကပ် စောင့်ကြည့်

အနီးအနားမှာရှိတဲ့ ဈေးဆိုင်ပိုင်ရှင်တွေက ရောဂါကူးစက်ဖြစ်ပွားမှုကို စိုးရိမ်တာမှန်ပေမယ့်လည်း ပုံမှန်အတိုင်း ရောင်းစရာရှိတာတွေကိုတော့ ဆက်ရောင်းနေရတာပဲလို့ ပြောကြပါတယ်။ ရောဂါကူးစက်မှာကို ကြောက်ပေမယ့်လည်း နှာခေါင်းစည်းတွေကို ကျွန်မတို့ မတပ်ဆင်ဘူး။ နှာခေါင်းစည်း တပ်တာက လုပ်ငန်းအတွက်အဆင်မပြေဘူး။ ပြီးတော့လည်း ဘာကိုမှ တိတိကျကျပြောနိုင်သေးတာမှ မဟုတ်တာလို့ ပင်လယ်စာရောင်းတဲ့ဈေးအနီးက မျက်မှန်အရောင်းဆိုင်ပိုင်ရှင် အမျိုးသမီး ဟွမ်က ဒီလိုဖြေကြားခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က ဒီကိစ္စနဲ့ပတ်သက်ပြီး အခြေအနေကို အနီးကပ်စောင့်ကြည့်နေသလို တရုတ်အာဏာပိုင်တွေနဲ့လည်း အနီးကပ်ချိတ်ဆက် ဆောင်ရွက်မှုရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။ နမိုးနီးယားအဆုတ်ရောင်ရောဂါ သို့မဟုတ် အမျိုးအမည်မသိရှိရသေးတဲ့ ရောဂါဖြစ်ပွားမှုတစ်ခုခု ဖြစ်နိုင်တဲ့ အန္တရာယ်ရှိ အခြေအနေမှန်သမျှကို ဆုံးဖြတ်နိုင်ဖို့ သတင်းအချက်အလက် လုံလုံလောက်လောက်မရရှိသေးဘူးလို့ အဖွဲ့က ပြောပါတယ်။

### အကြောင်းရင်းရှာဖွေ

ဟူဘေးပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ဝူဟန်ဟာ လူဦးရေ ၁၀ သန်းကျော် မှီတင်းနေထိုင်ရာ မြို့ပြအချက်အချာနေရာတစ်ခုပါ။ လက်ရှိမှာ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဆက်စပ်ပြီး အနီးကပ်လေ့လာစောင့်ကြည့်နေရတဲ့ သူ ၁၂၀ကို ကျန်းမာရေးအာဏာပိုင်တွေက ရွေးထုတ်ထားတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုပါတယ်။ ဝူဟန်အာဏာပိုင်တွေအနေနဲ့လည်း မြို့တွင်းက မိလ္လာရေဆိုးစနစ်တွေ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေစစ်ဆေးမှုတွေကို လုပ်ဆောင်နေသလို ဗိုင်းရပ်ပေါက်ဖွားရတဲ့ အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်နေဆဲပါပဲ။

### အဆိုးဆုံးအတွက် ပြင်ဆင်

ဒေသအတွင်း နေရာတိုင်းမှာရှိနေကြတဲ့ ဒေသခံပြည်သူတွေအားလုံးဟာ အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ထားရပါတယ်။ ဆားစ်ရောဂါဖြစ်ပွားမှုကို ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရဖူးတဲ့ ဟောင်ကောင်မှာဆိုရင် ဈေးဝယ်သူတွေကို နှာခေါင်းစည်းတွေ လိုက်လံဝေငှပေးနေပါတယ်။ မကြာသေးခင်ကမှ ဝူဟန်ကို သွားရောက်ခဲ့ကြတဲ့သူတွေထဲက အဖျားလက္ခဏာရှိတဲ့သူတွေနဲ့ တခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာတစ်ခုခု တွေ့ရတဲ့ လူနာ ၂၁ ဦးရှိတယ်လို့ ဆေးရုံသတင်းအရင်းအမြစ်တွေက ဖော်ပြပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ စင်ကာပူမှာဆိုရင် ဝူဟန်ကနေ ပြန်ရောက်ရှိလာတဲ့ ခရီးသွားပြည်သူတွေဟာ အပူချိန်စစ်ဆေးမှုခံယူဖို့လိုအပ်နေပြီး ဝူဟန်ကနေပြန်ရောက်လာတဲ့ အသက်သုံးနှစ်အရွယ် တရုတ်မိန်းကလေးငယ်တစ်ဦးကို သီးသန့်ထားရှိပြီး စစ်ဆေးနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာပဲ ၎င်းမှာ ကလေးငယ်တွေဖြစ်လေ့ရှိတဲ့ အသက်ရှူလမ်းကြောင်း ပိုးဝင်တဲ့လက္ခဏာမျိုး တွေ့ရတယ်လို့ အာဏာပိုင်တွေက ပြောခဲ့ပါတယ်။

လတ်တလောမှာတော့ အွန်လိုင်းအင်တာနက်အသုံးပြုသူတွေက ဒီရောဂါကူးစက်မှုဟာ လူအချင်းချင်းကနေ ကူးစက်ခြင်း ဟုတ်မဟုတ် အာဏာပိုင်တွေက ခိုင်မာသေချာတဲ့အဖြေတစ်ခု ပေးနိုင်ခြင်း ရှိ မရှိဆိုတာကို မေးခွန်းထုတ်နေကြပြီဖြစ်ပါတယ်။ ။

**ကိုးကား-သည်ဂါဒီယန်**

# ကချင်မြေကိုလာပါ တကယ်ပျော်မယ်နော်



မြစ်ကြီးနားမြို့ရှုခင်းကို အပေါ်စီးမှ တွေ့ရစဉ်။

## Truly Amazing The Northern Part of Myanmar, Kachin's Myitkyina

Thiha, the Traveller @ သီဟလုလင်

ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားကို အလုပ်ကိစ္စတွေနဲ့ ရှေ့ပိုင်းက ရောက်ဖူးခဲ့ပေမယ့် တစ်ခါမှ မလည်ဖြစ်ခဲ့ဘူး။ ဒီတစ်ခါတော့ သီတင်းကျွတ်ပိတ်ရက်လေးနဲ့ တိုက်ဆိုင်နေတာကြောင့် မြစ်ကြီးနားခရီးစဉ်လေး လိုက်သွားဖြစ်ခဲ့တယ်။ လိုက်သွားဖြစ်တယ်ဆိုတာက ဒီလိုဗျ။ ကျွန်တော်က Tour အစီအစဉ်နဲ့ လိုက်လေ့လိုက်ထနည်းပေမယ့် မြစ်ကြီးနားကို 2+1 VIP ကားနဲ့ သွားလည်ရမယ့် ခရီးစဉ်ဖြစ်တာမို့ စိတ်ဝင်စားပြီး သွားဖြစ်တာပါ။ မြစ်ဝကျွန်းပေါ်ကနေ မြန်မာပြည်မြောက်ဖျားထိဆိုတော့ ကားညောင်းအောင် စီးရမယ်ထင်ထားပေမယ့် ကားအကြာကြီးစီးရတဲ့တိုင် လမ်းခရီးတစ်လျှောက် မြင်ကွင်းတွေက အတော်လေးဆွဲဆောင်မှုရှိလို့ ပျင်းစရာဖြစ်မနေတာကို သတိပြုမိတဲ့ခရီးစဉ်ပဲ ဆိုပါတော့ဗျာ။

### ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနား

မြစ်ကြီးနားမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၆ ပေမှာရှိနေပြီး သိပ်မမြင့်တဲ့ တောင်ပေါ်မြို့လေးလို့ ဆိုရပါမယ်။ မေခနဲ့ မလိခ မြစ်နှစ်သွယ်ကနေ ဧရာဝတီမြစ်ကြီးဖြစ်ပေါ်လာတဲ့အနီးမှာ တည်ရှိနေတဲ့မြို့ဖြစ်လို့ မြစ်ကြီးအနားက မြို့အဖြစ် မြစ်ကြီးနားလို့ ခေါ်တွင်ခဲ့ကြတယ်လို့ မှတ်သားရပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်ကတည်းက တည်ရှိနေခဲ့ပြီး တရုတ်ပြည်နဲ့ ကုန်သွယ်ချက်မ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်ရဲ့မြို့တော်အဖြစ်ကိုတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဇန်နဝါရီလ ၁၀ ရက်နေ့မှာမှ တရားဝင်သတ်မှတ် ဖြစ်တည်လာတယ်လို့ မှတ်သားရပါတယ်။





မြစ်ကြီးနားမြို့လယ်ရှုခင်း

### ဘယ်လိုသွားမလဲ

မြစ်ကြီးနားမြို့ကို ရန်ကုန်၊ မန္တလေးကနေ အထူးကား 2+1 VIP, 1+1+1 VIP နဲ့ ပုံမှန်အထူးကား အမျိုးမျိုးရောက်ပါတယ်။ High Class ကားတွေကတော့ ရန်ကုန် – မြစ်ကြီးနား နေ့စဉ်ပြေးဆွဲပါတယ်။ ကားအမျိုးအစားလည်း အမျိုးမျိုးရွေးချယ်စီးနင်းလို့ ရပါတယ်။ မနောတံခွန်လည်း ရှိပါသေးတယ်။ မန္တလေးနဲ့ နေပြည်တော်က ဆိုရင်တော့ ဂျိန်းဖော့ရွှေမြေကားတွေ ရှိပါတယ်။ အမျိုးအစားအမျိုးမျိုး ရွေးချယ်စီးနင်းလို့ ရပါတယ်။ အချိန်အားဖြင့်တော့ ၂၄ နာရီဝန်းကျင် ကြာတတ်ပါတယ်။ တချို့လည်း မန္တလေး – မြစ်ကြီးနား ရထားစီးကြပါသေးတယ်။ လေယာဉ်ကတော့ အဆင်ပြေဆုံး ဖြစ်ပါလိမ့်မယ်။ ဈေးကလည်း အတော်မြင့်ကိုး။ အချိန်အားဖြင့်တော့ ၂ နာရီခွဲဝန်းကျင် ကြာပါတယ်။

### မြစ်ကြီးနားမြို့မှာ လည်ပတ်စရာ

မြစ်ကြီးနားတစ်ခွင် လည်ပတ်ဖို့ဆိုရင်တော့ ရန်ကုန်/မန္တလေးကနေ Travels & Tours တွေက သီးသန့်စီစဉ်ပေးနေတာတွေလည်း ရှိသလို ကိုယ့်အစီအစဉ်နဲ့ကိုယ်လည်း ဟိုရောက်မှ ကားငှားပြီး လည်ပတ်နိုင်ပါတယ်။ Travels & Tours တွေနဲ့ သွားတာကတော့ လူအများနဲ့ အသိမိတ်ဆွေဖွဲ့ရင်း ရောက်သင့်တဲ့နေရာ တစ်ခုမကျန် ရှင်းလင်းပြောပြပေးမယ့်သူနဲ့တကွ အချိန်မကုန်၊ ငွေကုန်နည်းနည်းနဲ့ ရောက်သွားနိုင်ပါတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်သွားရင်တော့ ကားခကအစ ပိုမိုကုန်ကျနိုင်တာတော့ အမှန်ပါ။ သီးသန့်တော့ ဖြစ်မှာပေါ့လေ။ ကဲ မြစ်ကြီးနားဝန်းကျင် ဘယ်တွေလည်ရမလဲ ကြည့်ရအောင်။

### မနောကွင်း

မြို့လယ်မှာ ထင်ထင်ရှားရှားရှိတဲ့ မနောကွင်းကို မြစ်ကြီးနားရောက်ရင် မဖြစ်မနေ လည်ပတ်ကြည့်ရမှာပါ။ ဒီကွင်းမှာ အခမ်းအနားကြီးတွေပဲ ပြုလုပ်လေ့ရှိပါတယ်။ မြင့်မားလှပတဲ့ မနောတိုင်ကြီးတွေကို တည်ထောင်ထားပြီး လာရောက်ကြတဲ့ ခရီးသွားဧည့်သည်တွေအတွက် ကချင်ပြည်နယ်ရောက်ကြောင်း အထင်ရှားဆုံးပြနိုင်တဲ့ အမှတ်သညာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီကွင်းမှာ မနောပွဲကို နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ ကချင်လူမျိုးတွေရဲ့ ပွဲတော်တွေထဲမှာ မနောပွဲဟာ အခမ်းနားဆုံးနဲ့ ရှေးအကျဆုံးလို့ ဆိုပါတယ်။ မနောပွဲကို လေးရက်ကနေ ရှစ်ရက်အထိ ကျင်းပလေ့ရှိပါတယ်။ မနောပွဲကို နှစ်စဉ် ဇန်နဝါရီလအတွင်း ကျင်းပလေ့ရှိတာပါ။ မနောကွင်းအတွင်းမှာလည်း မြန်မာ့ဂုဏ်ဆောင် လက်ဝှေ့အကျော် ကချင်တိုင်းရင်းသား အောင်လအန်ဆန်ရဲ့ ပုံတူရုပ်တုကြီးကိုလည်း ဂုဏ်ယူစရာ စိုက်ထူထားသေးလို့ အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်ပါသေးတယ်။ မနောကွင်းနောက်ဘက် အောက်ချိုင့်ဝှမ်းလေးထဲက စားသောက်ဆိုင်ဟာလည်း စားကောင်းတဲ့ဆိုင်ပါ။ Lung Ga Pa ဆိုတဲ့ဆိုင်ပါ။ ဧရာဝတီမြစ်မြင်ကွင်းနဲ့ စားကြရပါတယ်။

### လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်ကြီးနှင့် ရုပ်တော်မူ၊ လျှောင်းတော်မူ ဘုရားကြီးများ

မြစ်ကြီးနားမြို့မှာ ရှေးအကျဆုံးစေတီလို့ဆိုကြတဲ့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီကိုလည်း လာရောက်လည်ပတ်ကြပါတယ်။ လျှောင်းတော်မူဘုရားကြီးကို ဖူးမြော်သူလည်း များပါတယ်။ လျှောင်းတော်မူနဲ့အတူ ရုပ်တော်မူဘုရားကြီးလည်း ရှိပါသေးတယ်။ ဒီဘုရားမှာပဲ ဂျပန်စာနဲ့ရေးထိုးထားတဲ့ ကျောက်စာမျိုးတွေ ရှိပါသေးတယ်။ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တပ်တွေ စစ်ရှုံးလို့ ပြန်အဆုတ်မှာ ဂျပန်တပ်မတော် ၅၆ က ဂျပန်စစ်ပြန် မစ္စတာ မစ်ဆူမိဆာကာဂူချိက ကချင်စစ်မျက်နှာအတွင်း ကျဆုံးသွားတဲ့ ဂျပန်စစ်သားတွေ၊ စစ်အတွင်း သေဆုံးသွားတဲ့ တိုင်းရင်းသားတွေကို ရည်စူးပြီး လျှောင်းတော်မူဘုရားကို တည်ဆောက်လှူဒါန်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

### ဟိန္ဒူရွှေကျောင်း

မြစ်ကြီးနားမြို့မှာ ကျွန်တော် သဘောကျမိတဲ့ နေရာတစ်ခုပါ။ ဓာတ်ပုံရိုက်ဖို့ပေါ့။ ပြည်သူ့ရင်ပြင်နားမှာ တည်ရှိပါတယ်။ ရွှေရောင် ဟိန္ဒူဘုရားကျောင်းဆိုပေမယ့် ရွှေရောင် တောက်တောက်ကြီးမျိုး မဟုတ်ဘဲ သဘောကျစရာ အရောင်လေးပါ။ ကျောင်းကြီးက အသစ်တည်ဆောက်ထားတာလို့လည်း သိရပါတယ်။ အတော်လေး အမြင်ဆန်းပြီး အိန္ဒိယ Jaipur က အဆောက်အဦတွေကို သတိရမိစေသလိုပါပဲ။

### ပြည်သူ့ရင်ပြင်

မြစ်ကြီးနား ပြည်သူ့ရင်ပြင် အပန်းဖြေနေရာလေးကလည်း အပျင်းပြေသွားလည်ဖို့ သင့်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

### မြို့မဈေး

ဈေး (၁)၊ ဈေး (၂) ဆိုပြီး ရှိတယ်တဲ့။ ဈေး(၁)က အထည်အလိပ်လိုမျိုး လူသုံးကုန်နဲ့ ဈေး(၂)က စားသောက်ကုန်တွေ ရောင်းတယ်လို့ ကျွန်တော်တော့ မှတ်သားမိလိုက်ပါတယ်။ ရိုးရာအထည်တွေကိုတော့ ဈေး(၁)မှာ ဝယ်ခဲ့ရတာ မှတ်မှတ်ရရပဲ။ ခေါပုတ်လို အိမ်ပြန်လက်ဆောင်တွေကိုတော့ ဈေး(၂)မှာ ဝယ်ခဲ့ရတယ်။

### ညဈေး

မြစ်ကြီးနားညဈေးက နာမည်ကြီးပါ။ ခရီးသွားဧည့်သည်တိုင်း လာကြရပါတယ်။ ညဈေးနဲ့အတူ အထူးနာမည်ကြီးတာက ကြက်ဥကစော်ပါ။ ကျွန်တော် သောက်ဖူးနေကျ ကစော်နဲ့မတူတော့ နည်းနည်းတော့ ထူးဆန်းတယ် ထင်မိတယ်။ ဆန်ပြုတ်လေးလို သောက်လို့ကောင်းပါတယ်။ တန်းစီတိုးဝှေ့ လုယက်ဝယ်ယူကြရပါတယ်။ အစားအသောက်၊ အဝတ်အထည်၊ ကစားစရာ၊ သစ်သီး စတာတွေ အများဆုံးတွေ့ရတယ်။ အရက်ဘီယာဆိုင်ကလွဲရင် ညဘက်သွားစရာ တစ်ခုခုရှိတာမို့ ကျေနပ်စရာတော့ ဖြစ်စေပါတယ်။



မြစ်ကြီးနားမြို့ ညဈေး လူစည်ကားမှု

### အောင်ဇေရန်အောင်စေတီ၊ လောကအေးချမ်းစေတီနှင့် သပြေတစ်ထောင်

တပ်ဦးစေတီနဲ့ ဘုန်းကြီးကျောင်းလို့ ဆိုရပါမယ်။ မြစ်ကြီးနားလေဆိပ်အနီးမှာ တည်ရှိပါတယ်။ အောင်ဇေရန်အောင်စေတီနဲ့ ကပ်လျက်လေး လောကအေးချမ်းစေတီ တစ်ဆူရှိပါတယ်။ ပုဂံခေတ်လက်ရာလေး တည်ထားတာပါ။ အထူးခြားဆုံးက ရုပ်ပွားတော်ပေါင်းများစွာ တစ်နေရာတည်းမှာ တည်ရှိနေတာမို့ ဓာတ်ပုံရိုက်ရင်လည်း အတော်လှတဲ့ နေရာလေးပါ။

### Ja Jubilimasat Nawkuhting Nu ဘုရားကျောင်းကြီး

မြစ်ကြီးနားမှာ ခရစ်ယာန်ဘုရားကျောင်းတွေကတော့ များပါတယ်။ နှစ်သက်တမ်းရှည်ဘုရားကျောင်းကနေ မနေ့တစ်နေ့ကမှ ဆောက်ပြီးတဲ့ ဘုရားကျောင်းအထိ၊ ကျောက်ခဲလေးတွေ စီရီထားတဲ့ သေးသေးကျစ်ကျစ်ကနေ မိုးထိမြင့်မားတိုက်တာ ကြီးကြီးမားမားအထိ စုံနေတာပါပဲ။ ဒီဘုရားကျောင်းလေးရဲ့ တည်ဆောက်ဟန်လေးက ခေတ်မီနေပြီး မြစ်ကြီးနားမှာ အကြီးဆုံးဘုရားကျောင်းတွေထဲက တစ်ခုအပါအဝင်လို့ သိရပါတယ်။

### မင်းရပ် – ဂျာမေ့ဗဟိုဗလီကြီး

မြို့လယ်နားမှာပဲရှိနေတဲ့ ဂျာမေ့ ဗဟိုဗလီကြီးကတော့ မြစ်ကြီးနားမှာ အကြီးဆုံး ဗလီကြီးလို့ သိထားပါတယ်။ အနီးဝန်းကျင်မှာ ဆိုင်ခန်းလေးတွေနဲ့ စည်စည်ကားကားရှိပြီး စိတ်ဝင်တစား လေ့လာစရာတစ်ခုဖြစ်ပါတယ်။

### ကချင်ပြည်နယ်ဒေသထွက်ကုန် အရောင်းစင်တာ

ဒီလိုနေရာမျိုးလေးတွေ နေရာတိုင်းမှာ ရှိစေချင်မိတယ်။ ဒါပေမယ့် သေသေချာချာ သပ်သပ်ရပ်ရပ်လေး ဖြစ်စေချင်မိတယ်။ အမှတ်တရပစ္စည်းတွေ အရောင်းစင်တာကြီးတစ်ခုအသွင်နဲ့ ဆိုင်ခန်းများစွာ ရွေးဝယ်ဖို့ အဆင်ပြေလိုက်တာ။ ဒါတောင် ကျွန်တော်ရောက်သွားချိန်က ညပိုင်းဖြစ်နေတော့ ဆိုင်တချို့ ပိတ်ကုန်ပြီ။ ဒီတစ်နေရာတည်းတင် ကချင်ဒေသထွက် အဝတ်အထည်ကနေ ဆေးမြစ်၊ အစားအသောက်အထိ အစုံအလင် ရနေပါတယ်။ အရောင်းစင်တာကို အမြင်ကအစ ပြင်ဆင်လိုက်ရင် ပိုကောင်းမယ်လို့ ယူဆမိတယ်။ Tour ကားတွေ ရပ်လေ့ရှိတဲ့ နေရာတစ်ခုပါ။ *(ဆက်လက်ဖော်ပြပါမည်)*




## လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲနှင့် အခြားဆောင်းပါးများ

ဦးစိုင်းကျော်သူ၊ S ကျော်ခိုင် ရေးသားသည့် **“လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲနှင့် အခြားဆောင်းပါးများ”** စာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်၌ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးနှင့် ဆက်နွယ်သောဘဏ္ဍာရေးကို ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍ၊ မဲစာရင်းတိကျမှန်ကန်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီတစ်ခုဖွဲ့စည်းတည်ထောင်ခြင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာဆန်းစစ်ခြင်း၊ ဆိုရှယ်မီဒီယာ(Social Media)ကို အကျိုးရှိစွာ အသုံးပြုခြင်း၊ ရွေးကောက်ပွဲ အောင်နိုင်ရေး မဲဆွယ်စည်းရုံးခြင်း စသည့်ဆောင်းပါး ၂၅ ပုဒ်ကို ရေးသားထားသည်။ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသော ဆောင်းပါးများဖြစ်သဖြင့် နိုင်ငံသားအားလုံး ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာအုပ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ဖုန်း - ၀၆၇၃-၄၀၄၄၁၀ ၊ ၀၆၇၃-၄၀၄၂၁၅ နှင့် ၀၉-၅၁၉၀၅၄၅ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ရွှေစင်တစ်ရစ် မြတစ်ရစ် ဝတ္ထုတိုများ




ကလောင်အမည် ယိမ်းနွဲ့လျှံ ရေးသားထားပြီး ၂၀၁၇ ခုနှစ်က ပခုက္ကူ စာပေဆုဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိထားသော စာအုပ်တစ်အုပ်ဖြစ်သည်။ ဝတ္ထုတို ၁၁ ပုဒ်ပါဝင်ပြီး စာရေး သူဖြတ်သန်းခဲ့ရသော တပ်မတော်သားဘဝကို ထင်ဟပ်ပုံဖော်ထားသော ရသဝတ္ထုကောင်းများလည်း ပါဝင်သည်။ စာပေဗိမာန်မှ ပထမအကြိမ်အဖြစ် ထုတ်ဝေပြီး ငွေကျပ် ၇၅၀ ဖြင့် ဖြန့်ချိပေးနေပြီဖြစ်သည်။

## အပင်ဟူသမျှ ဆေးပင်

သမားတော်ကြီး ဦးသောင်းရွှေက တိုင်းရင်းဆေးပညာအရ ဆရာစားမချန် ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆေးဖက်မဝင်သော အပင်ဟူ၍မရှိ၊ အပင်တိုင်းသူ့နည်းသူ့ဟန်နှင့် ဆေးဖက်ဝင်ကြသည်။ အနောက်တိုင်းဆေးများ မပေါ်မီကာလတည်းကပင် ရှေးမြန်မာများသည် တိုင်းရင်းဆေးကို အသုံးပြုခဲ့ကြသည်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသည့်အတိုင်း စားလိုက်သော အစာတစ်လုတ်သည် ခန္ဓာကိုယ်အတွက် ဆေးဖြစ်စေရေး၊ အားဖြစ်စေရေးအတွက် စေတနာထားကာ အပိုင်းသုံးပိုင်းခွဲ တင်ပြထားသဖြင့် အသုံးချတတ်သူအတွက် အလွန်အသုံးဝင်နိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

မဇ္ဈိမစာပေမှ ပထမအကြိမ်အဖြစ် ထုတ်ဝေထားပြီး ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိပေးနေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**




# စာပေလောက ကြယ်တစ်ပွင့်ကြွေ

**မြန်မာစာပေနှင့် စာအုပ်ထုတ်ဝေရေးနယ်ပယ်တွင် ထင်ရှားကျော်ကြားပြီး မြန်မာစာပေနယ်အတွက် ကျေးဇူးများပြုခဲ့သော စာပေလောက စာအုပ်တိုက် ဦးစီးဆောင်ရွက်သူ ဦးမျိုးညွန့် ဇန်နဝါရီလ ၈ ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်က ကွယ်လွန်သွားခဲ့သည်။**



ဦးမျိုးညွန့်သည် ထူးခြားသစ်ဆန်းသော စိတ်ကူးသစ်များနှင့် စာအုပ်များစွာကို ထုတ်ဝေခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးနယ်ပယ်တွင် စာပေလောက စာအုပ်တိုက်ဟူသည့် အမည်ကို ခေတ်တစ်ခုအဖြစ် ထင်ရှားခဲ့စေသည်။

ဦးမျိုးညွန့်ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ရေနံချောင်းမြို့၌ မွေးဖွားခဲ့သည်။ အဖ သခင်ခင်ညွန့်နှင့် အမိ ဒေါ်ခင်လှ။ ရေနံချောင်းမြို့ အလယ်တန်းကျောင်း၌ ဒုတိယတန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မိဘများနှင့်အတူ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

ကိုးနှစ်သားအရွယ် ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ ဖခင်ဖြစ်သူနှင့်အတူ ဆူးလေဘုရားလမ်း စစ်ဘက်ကုန်စည်ဖြန့်ချိရေးရှေ့(ယခု ဆူးလေရှန်ဂရီလာဟိုတယ်)၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် စာအုပ်များတင်ကာ ရွှေ့လျားစာအုပ်ဆိုင်အနေဖြင့် စာအုပ်ရောင်းချခဲ့သည်။ ထိုအချိန်တွင် မအူကုန်းရှိ စိန့်မိုက်ကယ်ကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့ရင်း စာအုပ်သည်လုပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်တွင် ရာဇရုပ်ရှင်ရုံ(ယခု ဆာကူရာတာဝါ) နေရာ၌ နံရံကပ်စာအုပ်ဆိုင်ဖွင့်လှစ်ခဲ့သည်။ ထိုမှတစ်ဖန် ၁၉၆၂ ခုနှစ်မှသည် ၁၉၆၈ ခုနှစ်ထိ ရန်ကုန်မြို့ ၂၉ လမ်းအထက် လမ်းအမှတ်(၂၃၃)တွင် စာပေလောကစာအုပ်တိုက်ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့ ၃၃ လမ်း အထက်လမ်းတွင် စာပေလောကစာအုပ်တိုက်နှင့် ပုံနှိပ်လုပ်ငန်းကို ယနေ့အထိ ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။

ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကာလ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သော မိန့်ခွန်းအပြည့်အစုံကို စီစဉ်ပုံနှိပ်ဖြန့်ချိခဲ့သည်။ ထို့နောက် ရှစ်လေးလုံးအရေးတော်ပုံကာလတွင် ‘ဒို့အရေး’ နေ့စဉ်သတင်းစာကို ဆရာဖေမြင့်၊ ဆရာစိန်မျိုးမြင့်၊ ဆရာမြတ်ခိုင်၊ ဆရာသွေးသစ်၊ ဆရာမျိုးမြင့်ငြိမ်း စသူတို့နှင့်ပူးပေါင်းကာ စီစဉ်ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရေနံချောင်း မဲဆန္ဒနယ်က ဖခင်ဖြစ်သူ သခင် ခင်ညွန့် ပါဝင်ယှဉ်ပြိုင်သည့် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို စာပေဂီတပညာရှင်များ၊ ဒေသခံများနှင့်အတူ ဦးဆောင်လုပ်ကိုင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သတင်းလွှာ၊ လူငယ်ညီညွတ်ရေး တပ်ပေါင်းစုသတင်းလွှာတို့ကို ပုံနှိပ်ပေးမှုကြောင့် စာပေလောကပုံနှိပ်တိုက် လေးနှစ်တိုင် ချိပ်ပိတ်ခံခဲ့ရသည်။ ယင်းသို့ ပုံနှိပ်ခဲ့ခြင်းနှင့်ပတ်သက်၍ ထောက်လှမ်းရေးက အကြိမ်ကြိမ်ခေါ်ယူစစ်ဆေးခြင်းကို ခံခဲ့ရသည်။

၁၉၉၉ ခုနှစ် မတ်လတွင် ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာ မိုက်ကယ်အဲရစ် ဗျာပနအခမ်းအနား၌ ကမ်းဝေသည့် စာလွှာကို ပုံနှိပ်ခဲ့သည့်အတွက် စာပေလောက ပုံနှိပ်လုပ်ငန်းဆိုင်ရာ ပစ္စည်းတို့ကို ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဟု အမည်တပ်ကာ သိမ်းဆည်းခြင်းခံရပြီး ဒဏ်ငွေချမှတ်ခြင်းခံခဲ့ရသည်။

ယင်းနောက် ၂၀၀၉ ခုနှစ်တွင် ရွက်နုဝေမဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူ့ခေတ်ဂျာနယ်၊ ၂၀၁၄ ခုနှစ်တွင် ပြည်သူ့အရေး အပတ်စဉ်ဂျာနယ်နှင့် ယနေ့ထိတိုင် ပြည်သူ့အရေး လစဉ်ထုတ်ဂျာနယ်တို့ကို စာပေမိတ်ဆွေများနှင့်အတူ စီစဉ်ထုတ်ဝေခဲ့သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲများ(၂၀၁၄) တွင် ဒုတိယဥက္ကဋ္ဌ၊ နိုဘယ်မြန်မာစာပေပွဲတော်ကျင်းပရေးကော်မတီ(၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇) တို့တွင် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရွေးချယ်ရေး ကော်မတီ(၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈) အဖွဲ့ဝင်၊ မြန်မာ့ဂန္ထဝင်စာစဉ် ၁၀၀ တွင် စာတည်းနှင့် ထုတ်ဝေရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်အသီးသီးယူခဲ့ပြီး ၂၀၁၉ မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ဦးစီးခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဒေါ်စန်းစန်း(မိုးမိုးအင်းလျား)နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ဦး နေမျိုးညွန့်၊ ဇော်မျိုးညွန့်နှင့် သမီးတစ်ဦး သွယ်သွယ်မျိုးညွန့်တို့ ထွန်းကားခဲ့သည်။ ဒေါ်စန်းစန်း(မိုးမိုးအင်းလျား) ကွယ်လွန်ပြီးနောက် ဒေါ်ခင်မိုးခိုင်(စိုက်ပျိုးရေးဌာန)နှင့် အိမ်ထောင်ပြုကာ သမီး ဖြူစင်မျိုးညွန့်ကို မွေးဖွားခဲ့သည်။

စာပေလောက စာအုပ်တိုက်အနေဖြင့် စာအုပ်ပေါင်း ၄၈၀ ခန့် ကို ထုတ်ဝေခဲ့ပြီး မြန်မာစာအုပ်ထုတ်ဝေရေးလောကတွင် လေးစားရသော စာအုပ်တိုက်အဖြစ်တည်ရှိပါသည်။ ဦးမျိုးညွန့်(စာပေလောက) ကွယ်လွန်ခဲ့သည်မှာ မြန်မာနိုင်ငံတွင်းရှိ စာအုပ်စာပေမြတ်နိုးသူများနှင့် စာပေလောကအတွက် ကြီးမားသောဆုံးရှုံးမှုအဖြစ် ဝမ်းနည်းကြေကွဲဖြစ်ရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**စာအုပ်ပိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၁-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၀/၉၈၅ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၀/၁၀၀၀ ကျပ် | ၁၀၀၅/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၅၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၆၁ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၂၇ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၃ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၇ . ၆ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၄ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ . ၃၃၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ . ၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၆ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၂၁၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၉၇၈ | ၁၀၇၅၉၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၁၀၅၉၅ | ၄၀၇၈၀၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၆၄၅ | ၅၂၂၄၅၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၁၉၉၃ | ၄၅၇၀၆၅၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၁ | ၂၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်) ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးခေတ်မြန်မာစာပေများတွင် တွေ့ရှိရသောစက်များ (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

**စက်ဟုဆိုလိုက်လျှင် ယနေ့ခေတ်လူတို့က ရေနွေးငွေ့စွမ်းအား၊ စက်မှုစွမ်းအားနှင့် လျှပ်စစ်စွမ်းအားတို့ဖြင့် လည်ပတ်သော Engines နှင့် Machines စသည်တို့ကိုသာ ပြေး၍မြင်ယောင်ကြလိမ့်မည် ဖြစ်သည်။ ရှေးမြန်မာစာပေများ၌ တွေ့ရသော စက်များသည်ကား Engines နှင့် Machines များမဟုတ်ကြပေ။ စက်၊ စက်လက်နက်၊ စက်ယန္တရားဟူသော ဝေါဟာရတို့ကို ပျို့၊ လင်္ကာ၊ ကဗျာ၊ မော်ကွန်းစသည်တို့နှင့် ရာဇဝင်ကျမ်းများ၌ အထင်အရှား တွေ့ရှိရသည်။ ထိုစက်၊ စက်လက်နက် နှင့် စက်ယန္တရားများသည်ကား မည်သို့သောစက်များ ဖြစ်ကြသနည်း။**

စက်၊ စက္ကဟူသောသဒ္ဒါတွင် အနက် ၁၄ မျိုးရှိသည်ဟု ဝေါဟာရ လီနတ္ထဒီပနီက ဆိုသည်။ ယင်းတို့သည်ကား-

၁။ ရထားလှည်းဘီး
၂။ စက်လက္ခဏာ(ဘုရား၊မင်းစသောဘုန်းရှိသူတို့၏ ခြေထောက်ပါအမှတ်အသား)
၃။ ခမ္မစက်
၄။ အာဏာစက်
၅။ သင်တုန်းစက်
၆။ သမ္ပတ္တိစက် (ပြည့်စုံခြင်း)
၇။ စကြာရတနာ (ယာဉ်)
၈။ စက်ဝန်း
၉။ စွမ်းအားသတ္တိ
၁၀။ အိုးထိန်းစက်
၁၁။ လက်နက်
၁၂။ ဣရိယာပုတ်(အိပ်စက်)
၁၃။ အလှူ
၁၄။ အစု ... တို့ပင်ဖြစ်ကြသည်။

ရှေးမြန်မာစာပေများ၌ တွေ့ရှိရသောစက်တို့သည် အထက်ဖော်ပြပါ အနက် တစ်မျိုးမျိုးကိုဆောင်သော စက်များပင် ဖြစ်ကြသည်။ ထိုစက်များထဲမှ စက်၊ စက်လက်နက်၊ စက်ယန္တရားတို့နှင့် စပ်လျဉ်းသည်တို့ကို အောက်ပါအတိုင်း လေ့လာကြည့်သင့် ကြသည်။

သရေခေတ္တရာမြို့တည်စဉ်က- **"ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာပိန္နဲ၊ လူမင်းသူမြတ် ခုနစ်ပါးတို့ စောင်မ၍ သရေခေတ္တရာပြည် တည်သည့်ကာလ၊ သိကြား ပန်းလည်တိုင်ပြုသည်။ နဂါးကို စက်ကြိုးအမှတ် လှည့်သည်။ ဂဠုန်အာနုဘော်ကြောင့် နဂါးသုံးရစ်တွန့်သည်။ မြို့လည်းသုံးချက်တွန့် ရှိသည်။ သိကြားပန်းလည်တိုင်ပြု၍ စက်လည်သည့်နေရာတွင် ဘုရားတည်သည်။ ထိုဘုရားကို စက်ရာ ဘုရားဟူ၍ ယခုတိုင်ရှိသည်"** ဟု ရာဇဝင်ကျမ်းများက ဆိုသည်။

**ဒဏ္ဍာရီဆန်သော သိပ္ပံနည်းကျ အဆိုအမိန့်**

ဤအဆိုအမိန့်သည် ဒဏ္ဍာရီဆန်လှသော်လည်း သဘောတရားကို ဆင်ခြင်ပါက သိပ္ပံနည်းကျကြောင်း တွေ့ရှိရသည်။ ယနေ့ မျက်မှောက်ခေတ်တွင်လည်း ဘုရားစေတီများကို ထီးတင်ရာ၌လည်းကောင်း၊ ပိဋကတ်တော်များနှင့် ဓာတ်တော်များကို ပင့်ဆောင်လှူဒါန်းသည့် အခမ်းအနား စသည်တို့၌လည်းကောင်း သိကြားမင်း၊ ဗြဟ္မာမင်းနှင့် နတ်မင်းများအသွင် ဝတ်ဆင်ထားသော ပုဂ္ဂိုလ်များက ပင့်ဆောင်ကြသည်ကို တွေ့မြင်ကြရသည်။ ထို့ကြောင့်ပင် သရေခေတ္တရာမြို့တည်စဉ်က သိကြား၊ နဂါးနှင့် ဂဠုန်စသည်တို့ကလည်း အလားတူပင်ဖြစ်မည်ဟု ယူဆရသည်။

သတိပြုသင့်ကြသည်မှာ သိကြားကိုပန်းလည်တိုင် ပြု၍ နဂါးကို စက်ကြိုးအမှတ် လှည့်သည်ဟူသော အချက်ဖြစ်သည်။ မြို့ရာအဝန်းအဝိုင်းကိုရအောင် စက်ဝိုင်းရေးဆွဲသည့် နည်းပညာကို အသုံးပြုထားကြောင်း သိသာထင်ရှားလှသည်။ သိကြားအသွင် ဆင်ယင်ထားသူကို ဗဟိုအမှတ်အတည်ထား၍အလိုရှိသည့်အလျားအတိုင်းအတာရှိသော ကြိုး သို့မဟုတ် နဂါးသဏ္ဍာန်ကြိုးကို လှည့်ပတ်စေခြင်းဖြင့် မြို့အဝိုင်းရအောင် သတ်မှတ်ရေးဆွဲခဲ့ကြခြင်း ဖြစ်တန်ရာသည်။ ဂျီသြမေတြီပညာရပ်အရ ပြောရလျှင် သိကြားပန်းလည်တိုင်သည် စက်ဝိုင်း၏ ဗဟိုချက်ဖြစ်၍ နဂါးစက်ကြိုးသည် အချင်းဝက်ဖြစ်သည်ကို သိနိုင်သည်။ စက်ကြိုးသုံးကြိမ်တွန့်၍ မြို့ရာသုံးချက်တွန့်သည်ဟု ဆိုထားသောကြောင့် အချင်းဝက်တစ်သမတ်တည်းရှိမှ စက်ဝန်းက တညီတညွတ်တည်းရှိမည်ကို သိနားလည်ကြောင်း ပေါ်လွင် သည်။ ယနေ့ခေတ် အချင်းဝက်ဟု ခေါ်သည်ကို ရှေးတုန်းက စက်ကြိုးဟု ခေါ်ခဲ့ကြောင်း သိပ္ပံနည်းကျ ဆင်ခြင်ပါက မြန်မာတို့သည် သရေခေတ္တရာခေတ် အေဒီ ၄ ရာစု ဝန်းကျင်ကပင် ဂျီသြမေတြီပညာ အခြေခံရှိပြီး ဖြစ်ကြောင်း ကောက်ချက်ချနိုင်မည် ဖြစ်သည်။

မြေငလျင် ပြင်းထန်စွာလှုပ်ခြင်းကို **"နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် သည်းစွာသော အသံပြုကာ တုန်လှုပ်၏"** ဟု ရှေးစာပေ ပညာရှင်များက တင်စားဖွဲ့ဆိုခဲ့ကြသည်။ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရ မြန်မာတို့သည် ပျူမြို့ပြနိုင်ငံတော်ခေတ်ကပင် မြေအိုး၊ ကျောက်အိုးများ ပြုလုပ်သုံးစွဲ တတ်ခဲ့ကြကြောင်း သိရှိရသည်။ ထိုအိုးတို့ကို ဖုတ်ရာ၌ အိုးကိုချောမွတ်စေရန်နှင့် အလိုရှိရာပုံသဏ္ဍာန်ကို ရစေရန် တို့အတွက် လက်ခတ်နှင့် ရိုက်၍ လုပ်ဆောင်သည်က တစ်ဆင့် အိုးထိန်းစက်ရဟတ်ကို အသုံးပြုတတ်ခဲ့ကြရာ ထိုအိုးထိန်းစက် သို့တည်းမဟုတ် ရဟတ်သည် စဉ်ဆက်မပြတ် အရှိန်ဖြင့် လည်ပတ်သည့်သဘောကို ဆောင်သည်။ ထို့ကြောင့်ပင် ရှေးပညာရှင်များက အရှိန်ပြင်းစွာ လည်ပတ်တုန်ခါသည်ကို အိုးထိန်းစက်ရဟတ်နှင့် နှိုင်းကာ တင်စားဖွဲ့ဆိုခဲ့ကြရာ အိုးထိန်းစက် သို့တည်းမဟုတ် ရဟတ်စက်၏ အနက်သဘောတစ်ခုအဖြစ် ပါဝင်လာသည်။ အိုးထိန်းစက်ကို အသုံးပြုတတ်ခဲ့သဖြင့် မြန်မာတို့သည် ရှေးမဆွကပင် ရဟတ်နှင့်ဘီး၏ သဘောတရားကို ကောင်းစွာနားလည်ခဲ့ကြကြောင်းနှင့် လက်တွေ့အသုံးချ တတ်ခဲ့ကြကြောင်း သိသာလှသည်။

**သာမန်မဟုတ်သော စစ်လက်နက်များ**

စက်၏အနက် ၁၄ မျိုးတွင် လက်နက်ဟူသော အနက်လည်း အပါအဝင်ဖြစ်သည်။ သာမန်လက်နက်မျိုး မဟုတ်ဘဲ အလွန်ထက်မြက်ပြင်းထန်သော၊ ပိုင်းပိုင်းတိတိဖြတ်နိုင်သော စွမ်းအင်သတ္တိကြီးမားသော လက်နက်မျိုးကို ဆိုလိုကြောင်း တွေ့ရှိရသည်။ အနည်းငယ် ထုတ်နုတ်ပြရလျှင်-

- လက်အန်ဆန့်သော်၊ ပြည်ထောင်ဘော်လည်း၊ မပေါ်ဝံ့ကြီး၊ စက်နယ်လိုးမှု
- အရှင်လတ်လတ်၊ စက်နယ်ဖြတ်သား
- စက်နှင့် တိုင်းတတ်၊ ပိုင်းပိုင်းပြတ်မှု
- လှီးခုတ်စက်သွား၊ ဘုန်းတော်အားလည်း စသည်တို့ကို ရေးဖွဲ့ခဲ့ကြောင်း တွေ့ရှိကြရမည် ဖြစ်သည်။ ထို့ကြောင့်ပင် စက်သည် တိတိပိုင်းပိုင်း ဖြတ်နိုင်၊ လှီးနိုင်၊ ခုတ်နိုင်သော လက်နက် သို့မဟုတ် ထိုကဲ့သို့ ဖြတ်နိုင်၊ လှီးနိုင်၊ ခုတ်နိုင်ခြင်းကို ဆိုလိုခဲ့ခြင်းကြောင့် သိသာလှသည်။

ရှေးအဘိဓာန်ကျမ်းများ၌ **"စက်၊ လုံ၊ လှင်တန်၊ လုံမ အစရှိသည်တို့ကား လက်နက်အထူးတည်း။ စက်လက်နက် အစရှိသည်တို့ကား လက်နက်အထူးတည်း။ စက်၏အခြင်း အရာရှိသော လက်နက်အထူး သည် စက်လက်နက်မည်၏"** ဟု လာသည်။ စက်၏အခြင်းအရာရှိသော စက်လက်နက်ကား မည်သို့သော လက်နက် ဖြစ်မည်နည်း။ ရှေးစာပေတို့က ဤသို့ အဆိုအမိန့် ရှိခဲ့သည်။

ဗိဿနိုးနတ်မင်း အမြဲစွဲဆောင်သောကြောင့် စက္ကပါဏိ အမည်ရှိကြောင်း အဘိဓာန်ကျမ်း၊ အမရကောသ ကျမ်းများတွင် ရေးဖွဲ့ထားခဲ့သည်။ ဝဿဂတီမာရ်မင်းသည် ဒုရစက္က သင်တုန်းစက်လက်နက်စွဲကိုင်ကြောင်း သာသနာတော် ကျမ်းများတွင် ဆိုသည်။ ဒသနိပါတ်ဃဋ္ဋပဏ္ဍိတဇာတ်တွင် ကံသမင်းကြီးနှင့် ညီတော် ဥပကံသ အိမ်ရှေ့မင်းတို့ကို တူတော် ဝါသုဒေဝမင်းသားက စက်လက်နက်နှင့်ပစ်၍ အနိစ္စရောက်သည်ဟု ဆိုသည်။ မဟာပိန္နဲ နတ်မင်း စက်လက်နက်စွဲကိုင်ကြောင်း ဝန်ကြီးပဒေသရာဇာ၏ ဟိတကာရီလင်္ကာတွင် စပ်ဆိုထားခဲ့သည်။ ထို့ပြင် စက်လက်နက်အကြောင်းကို ဇိနာလင်္ကာရဋီကာ၊ အနာဂတဝင်ဋီကာတို့တွင် တွေ့ရှိရသည်။ ပင်းယခေတ် စတုရင်္ဂဗလ အမတ် စီရင်သော စက်ဂါထာတွင်လည်းကောင်း၊ ကျော်အောင်စံထားဆရာတော် စီရင်သော စက္ကင်္ဂဝိနိစ္ဆယ တွင်လည်းကောင်း တွေ့ရှိရသည်။ အဘိဓာန်ကျမ်း၊ အမရကောသကျမ်း၊ အဘိဓာန်ဋီကာ၊ အမရကောသဋီကာ ကျမ်းများတွင် အညီအညွတ် ဖွင့်ဆိုထားသည်။ ပုရာဏ်ကျမ်း ၁၈ စောင်တွင်လည်း စက်လက်နက်အကြောင်း ထင်ရှားစွာ လာသည်ကို တွေ့ရှိရသည်။

လက်တွေ့အားဖြင့် ရှေးမြန်မာ့သမိုင်းတစ်လျှောက်တွင် လုံ၊ လှင်ကန်၊ လုံမ အစရှိသော လက်နက်များကို အသုံးပြုခဲ့ကြကြောင်း ထင်ရှားသိသာသော်လည်း စက်လက်နက်စွဲကိုင်ဖူးကြောင်း အထောက်အထား အတိအကျကိုမူ မတွေ့ရပေ။ သို့ရာတွင် ဗဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက် မြန်မာသက္ကရာဇ် ၁၁၇၈ ခုနှစ် (၁၈၁၆) တွင် အိန္ဒိယမှဆက်သသော စက်လက်နက်ကို မြင်ဖူးတွေ့ဖူးသည်ဟု ဆိုသည်။

**မြန်မာရာဇဝင်ထဲမှ စစ်လက်နက်**

ဗဒုံမင်းလက်ထက်တွင် ကပိလတိုင်း ပဋ္ဌာလရာဇ်ပြည်သို့ စာပေကျမ်းဂန်များ အဆောင်အယူစေလွှတ်သော မင်းကျော်တမွတ်တို့သည် ပဋ္ဌာလရာဇ်မင်းက လက်ဆောင်တော်များနှင့် ထည့်အပ်လိုက်သော အမတ်ကြီး လာလာဒေဗီဒတ်နှင့်အတူ နေပြည်တော်သို့ ပြန်လာကြသည်။ ပဋ္ဌာလရာဇ်မင်း၏အမတ်ကြီး သယ်ဆောင်လာသော လက်ဆောင်တော်များတွင် ပြဒါးသေကိုခုတ်သည့်အလားသံတခဲနက်ဖြင့်ပြီးသည့် အမုစန္ဒလက်နက်လည်း ပါဝင်ခဲ့သည်။

**"အမုစန္ဒလက်နက်သည် စက်လက်နက်ဖြစ်၏။ ထိုလက်နက်သည် ပျဉ်းမာလှသောသံကို လုပ်သည်။ ပမာဏမှာ အကျယ်အဝန်းတစ်ထွာခန့်၊ ထွာကျော်ခန့်ရှိသဖြင့် အဝသို့ချည်း အသွားထားသည်။ စက်နားလက် ၂ သစ်ခန့် ဖြက်ရှိသည်။ အလွန်ထက်မြက်သည်။ ပစ်လွှတ်သောကာလ ပြင်းထန်လှသောကြောင့် လက်ရုံး၊ လည်တိုင်များကို ထိမှန်လျှင် ပိုင်းပိုင်းပြတ်သောဟူ၏။ ပဋ္ဌာလရာဇ်မင်း၏ အမတ်ကြီး လာလာဒေဗီဒတ်နှင့် အမှုထမ်းသူရဲကောင်းတစ်ကျိတ်တို့သည် မှူးတော်မတ်တော်တို့ရှေ့တွင် အရပ်ခုနစ်တောင်ခန့်ရှိသော ဆောက်ပင်တောကို ထိုစက်လက်နက်ဖြင့် ပစ်လွှတ်ပြသည်။ ထိခိုက်သမျှ သစ်ပင်သစ်ကိုင်းပိုင်းရရိုင်းပြတ်လေသည်"** ဟု မြဝတီမြို့စားဝန်ကြီး မင်းကြီးမဟာသီဟသူရက ပြောဆိုဖူးသည်ဟု သမိုင်းက ဆိုသည်။ ထို့ကြောင့် စက်လက်နက်သည် လက်တွေ့တွင်လည်းရှိကြောင်း ကောက်ချက်ချနိုင်မည်ဖြစ်သည်။

စက္ကံသည် စစ်သည်ဟူသောအနက်ကို ဆောင်သည်။ ထို့ကြောင့်ပင် အစွမ်းသတ္တိ ရှိခြင်း၊ လက်နက် စွဲကိုင်ခြင်း၊ စက်လက်နက်ကဲ့သို့ ရန်ပြောင့်ကိုဖြတ်တတ်ခြင်း အနက်တို့ကိုထောက်၍ ရှေးကစစ်မှုထမ်း သူရဲကောင်းတို့ကို စက်ပါသောဘွဲ့များ ပေးလေ့ရှိသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ရဲစက်ကျော်ခေါင်၊ ရဲစက်တံခွန်၊ ရဲစက်ပျံချီ၊ နတ်စက်လောင်မီး၊ စက်ထွတ်နရာ၊ လျှပ်တောက်စက်ခြည်၊ စက်ထွက်ပျံချီ၊ နတ်စက်သူ၊ စက်လွတ်ပျံထင်၊ ပျံချီစက်ရဲကျော်၊ ပျံချီစက်သွား၊ စက်ထွက်စံထား၊ စက်ထွက်ပုညာ၊ စက်လွှတ်ရဲသူ၊ စက်ထွတ်ကျော်သူ၊ စက္ကသိဒ္ဓိကျော်၊ စက္ကစန္ဒရကျော်၊ စက္ကသူရဲကျော်၊ စက်တိုင်ကျော်၊ ရွှေတောင်စက္က၊ တုရင်စက္ကကျော်၊ သာရစက္က၊ စက်မီးထိန်ကျော် စသည့်ဘွဲ့များ ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရသည်။ ။

**"စက္ကံသည် စစ်သည်ဟူသောအနက်ကို ဆောင်သည်။ ထို့ကြောင့်ပင် အစွမ်းသတ္တိရှိခြင်း၊ လက်နက်စွဲကိုင်ခြင်း၊ စက်လက်နက်ကဲ့သို့ ရန်ပြောင့်ကိုဖြတ်တတ်ခြင်း အနက် တို့ကိုထောက်၍ ရှေးကစစ်မှုထမ်း သူရဲကောင်းတို့ကို စက်ပါသောဘွဲ့များ ပေးလေ့ရှိသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ရဲစက်ကျော်ခေါင်၊ ရဲစက်တံခွန်၊ ရဲစက်ပျံချီ၊ နတ်စက်လောင်မီး၊ စက်ထွတ်နရာ၊ လျှပ်တောက်စက်ခြည်၊ စက်ထွက်ပျံချီ၊ နတ်စက်သူ၊ စက်လွတ်ပျံထင်၊ ပျံချီစက်ရဲကျော်၊ ပျံချီစက်သွား၊ စက်ထွက်စံထား၊ စက်ထွက်ပုညာ၊ စက်လွှတ်ရဲသူ၊ စက်ထွတ်ကျော်သူ၊ စက္ကသိဒ္ဓိကျော်၊ စက္ကစန္ဒရကျော်၊ စက္ကသူရဲကျော်၊ စက်တိုင်ကျော်၊ ရွှေတောင်စက္က၊ တုရင်စက္ကကျော်၊ သာရစက္က၊ စက်မီးထိန်ကျော် စသည့်ဘွဲ့များ ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရသည်"**

# လွိုင်လင်မြို့၌ တရားရုံးဝန်ဆောင်မှုသင်တန်းဖွင့်

**လွိုင်လင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့၌ ဖွင့်လှစ်သည့် တရားရုံးဝန်ဆောင်မှု သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ် တက်ရောက် အမှာစကား ပြောကြားသည်။ သင်တန်းသို့ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် အတွင်းရှိ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် တရားလွှတ်တော်မှ ကြီးမှူးကျင်းပသော နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် ရှင်းလင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်တရားလွှတ်တော် ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ခင်စိုးယုက နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**



# ပခန်းကြီးမြို့ဟောင်းဒေသအား သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများဆောင်ရွက်ရန် ဘတ်ဂျက်ငွေတောင်းခံထား

**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စေတီ၊ ပုထိုးများနှင့် နံရံဆေးရေးပန်းချီများ တည်ရှိရာ ပခန်းကြီးမြို့ဟောင်းဒေသအား သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြဆွေးနွေး၍ ယခုဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ငွေများ တောင်းခံထားကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်သောင်းက ပြောသည်။

အဆိုပါ ပခန်းကြီးမြို့ဟောင်းဒေသသည် ရှေးဟောင်းခံတပ်မြို့ဖြစ်သည့်အပြင် ဘုရား၊ စေတီ၊ ပုထိုးများနှင့် နံရံဆေးရေးပန်းချီများလည်း ပေါများစွာတည်ရှိနေခြင်းကြောင့် နိုင်ငံတကာခရီးသွားများ မကြာခဏ ဝင်ရောက်လေ့လာရာ နေရာဖြစ်သည့်အတွက် အမြင်တင့်တယ်စေရန်နှင့် ရှေးဟောင်းအမွေအနှစ် ဗိသုကာလက်ရာများ ပျက်စီးပျောက်ကွယ်ခြင်း မရှိစေရန် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်တွင် မေးခွန်းမေးမြန်း၍ ဘတ်ဂျက်တောင်းခံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ဒီဒေသမှာရှိတဲ့ ရှင်မတောင်ဒေသဖွံ့ဖြိုးရေးအတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်ချစ်သူများအဖွဲ့နဲ့ ကျွန်တော်တို့ ပူးပေါင်းပြီး ရေရရှိရေး၊ သစ်ပင်စိမ်းလန်းစိုပြည်ရေးနဲ့ ရှင်မတောင်ဒေသသွားတဲ့ လမ်းကိုလည်း ကတ္တရာလမ်းအဖြစ် ခင်းနေပါတယ်။ ဒါ့အပြင် ပခန်းကြီးမြို့ရိုးပတ်လမ်းကို ကျောက်စလစ်လမ်းခင်းဖို့ ဒီနှစ်ဘတ်ဂျက်ထဲမှာထည့်ပြီး တောင်းခံထားတယ်။ ဒါကြောင့် မြို့ရိုးလည်း လှပမယ်။ လမ်းတွေလည်း ကောင်းသွားမယ်။ ပခန်းကြီးမြို့ဟောင်းမှာရှိတဲ့ ဘုရား၊ စေတီတွေမှာ ပေါက်ရောက်နေတဲ့ သစ်ပင်ချုံနွယ်တွေနဲ့ တချို့ထင်ရှားတဲ့ ဘုရားတွေ၊ နံရံဆေးရေးပန်းချီတွေ တည်ရှိရာနေရာတွေကို အလွယ်တကူ သွားရောက်လေ့လာကြည့်ရှုလို့ ရအောင်ရှင်းလင်းပြီး မြင်ကွင်းကောင်းစွာ လေ့လာဖူးမြော်လို့ရသွားမယ်ဆိုရင် ယခုထက်ပိုမိုပြီး ခရီးသွားဝင်ရောက်ဖို့ ဆွဲဆောင်စရာဖြစ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**ရိုးရာလက်မှုလုပ်ငန်းများ လေ့လာနိုင်**

ထို့အပြင် အဆိုပါဒေသတွင် နိုင်ငံတကာခရီးသွားများအား ဆွဲဆောင်ပြသရန် ရှေးဟောင်းအမွေအနှစ်များသာမက ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ဆန်ကော၊ ဆန်ခါလုပ်ငန်း စသည့်ရိုးရာလက်မှုလုပ်ငန်းများကိုလည်း လေ့လာကြည့်ရှုစေမည် ဖြစ်သည်။

**အဆောက်အအုံပေါင်း ၃၃၃ ခုရှိ**

ပခန်းကြီး မြို့ဟောင်းဒေသကို သာသနာသက္ကရာဇ် ၃၆ ခုနှစ်တွင် သကျသာကီဝင်မျိုးနွယ် ဓနုသီဟမင်းသားတစ်ပါးမှ စတင်တည်ထောင်ခဲ့ပြီး မင်းဆက်ခုနစ်ဆက်စိုးစံခဲ့ကြောင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ၂၀၀၆- ၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ကောက်ယူခဲ့သည့် စာရင်းများအရ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ရှေးဟောင်းသာသနိက အဆောက်အအုံပေါင်း ၃၃၃ ခုရှိကြောင်း သိရသည်။ မင်းထက်အောင်(မန်းကိုယ်ပွား)



ပခန်းကြီးမြို့ဟောင်းဒေသရှိ စေတီ၊ ပုထိုးအချို့ကို တွေ့ရစဉ်။

# အရှေ့မြင်အနောက်မြင်တောင်ကို မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်း တက်ရောက်မည်

**မိတ္ထီလာ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လုပ်ပြင်ကျေးရွာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၇၇၅၂ ပေမြင့်သည့် အရှေ့မြင်အနောက်မြင်တောင်ပေါ်သို့ မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်း၏ ပဉ္စမအကြိမ်မြောက် တောင်တက်ခရီးစဉ်အဖြစ် ဇန်နဝါရီ ၁၉ ရက်တွင် တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရွာငံမြို့နယ်ထဲက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၇၇၅၂ ပေ ရှိတဲ့ အရှေ့မြင်အနောက်မြင်တောင်ပေါ်ကို မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းအနေနဲ့ ပဉ္စမအကြိမ်မြောက် တက်ရောက်တဲ့ တောင်တက်ခရီးအဖြစ် ဇန်နဝါရီ ၁၉ ရက်မှာ တက်ရောက်သွားမှာဖြစ်ပါတယ်။ ဇန်နဝါရီ ၁၈ ရက်မှာ မိတ္ထီလာက ထွက်ခွာပြီး လုပ်ပြင် ကျေးရွာမှာ တစ်ညအိပ် ရပ်နားပြီး နောက်တစ်နေ့ မနက်စောစောမှာ အရှေ့မြင်အနောက်မြင်တောင်ပေါ် စတင်တက်ရောက်မှာဖြစ်ပါတယ်။ မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းအနေနဲ့ ၂၀၁၉-၂၀၂၀ တောင်တက်ခရီးရာသီမှာ နောက်ဆုံးတက်ရောက်မယ့် မြေသားတောင်တက်ခရီးစဉ်လည်း ဖြစ်ပါတယ်။ ဒီတောင်တက်ခရီးစဉ်ပြီးရင် လာမယ့် ဧပြီလထဲမှာ ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးစဉ်ကို တက်ရောက်ဖို့ရှိပါတယ်"ဟု မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာမြတ်မင်းက ပြောသည်။



တောင်တက်ခရီးစဉ်တစ်ခုကို တက်ရောက်နေသော မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်များ။

မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် အရှေ့မြင် အနောက်မြင် တောင်ပေါ်သို့ ယခင်က လေးကြိမ် တက်ရောက်ခဲ့ဖူးပြီး စတုတ္ထအကြိမ်မြောက် တက်ရောက်သည့် ခရီးစဉ်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၅ ရက်က တက်ရောက်ခဲ့ခြင်းဖြစ်ကာ အသင်းဝင် ၁၃၈ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းသည် ၂၀၁၉-၂၀၂၀ တောင်တက်ခရီးရာသီတွင် ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခရွှေ အရှေ့တောင် အနောက်တောင်၊ လွယ်မိုင်းတောင်နှင့် လေးညအိပ် ပင်လယ်ကမ်းခြေ လမ်းလျှောက် ခရီးစဉ်များကို သွားရောက်ခဲ့ပြီးဖြစ်ကာ အသင်းအနေဖြင့် တောင်တက်ခရီးစဉ်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန် ရည်ရွယ်ပြီး Love Nature and Leave no Trace ဆောင်ပုဒ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – ချမ်းသာ(မိတ္ထီလာ)**

# စစ်ကိုင်း၊ မုံရွာနှင့် ယင်းမာပင်မြို့နယ် အထင်ကရနေရာများသို့ ၂၀၁၉ ခုနှစ်အတွင်း ပြည်ပခရီးသွားတစ်သိန်းကျော်လည်ပတ်

**မုံရွာ ဇန်နဝါရီ ၈**

စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်နှင့်ဝက်လက်မြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ ၂၀၁၉ ခုနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည် ၁၅၀၂၃၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးထံမှ သိရသည်။

**လိုအပ်သောပြင်ဆင်မှုများဆောင်ရွက်ထား**

"နိုင်ငံခြားခရီးသွားဧည့်သည်တွေ စိတ်အေးချမ်းသာစွာ ဝင်ရောက်လည်ပတ်နိုင်ဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း လုပ်ဆောင်ပေးနိုင်ခဲ့တဲ့အတွက် ခရီးသွားဝင်ရောက်လာမှုကလည်း တိုးတက်လာတယ်။ နောက်ထပ်နေရာအသစ်တွေကိုလည်း ထပ်မံအကောင်အထည်ဖော် လုပ်ဆောင်နေပါတယ်။ ပြည်ပ ခရီးသွားတွေက ပြည်တွင်းမှာရှိတဲ့ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ ချိတ်ဆက် ပြီး လာတာရှိတယ်။ တိုင်းဒေသကြီးအတွင်းမှာ အထင်ကရနေရာတွေ အများကြီး ရှိတယ်။ သူတို့ဘယ်လိုပဲလာလာ ဒေသခံပြည်သူတွေအတွက်တော့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုရှိလာမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း ပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိမင်းကွန်းဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၁၃၅၃၇၆ ဦး၊ မုံရွာမြို့နယ်အတွင်းရှိ မိုးညှင်းသံဗုဒ္ဓေဘုရားသို့ ၄၈၂၀၊ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်သို့ ၇၂၄၂ ဦး၊ ရွှေဘတောင်သို့ ၂၄၁၀၊ ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းသို့ ၂၅၈ ဦးနှင့် ရွှေဘိုမြို့ရှိ ရွှေဘိုနန်းတော်ကြီးသို့ ၁၂၅ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပုံမှန်ကာကွယ်ဆေးထိုး ၁၁ မျိုးအပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ဝမ်းပျက်/ဝမ်းလျှောရောဂါနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံမည်



**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါအားလုံး ဖြစ်ပွားသေဆုံးမှုများလျော့နည်း ပပျောက်စေရန် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းဖြင့် ၉၀ ရာခိုင်နှုန်းအထက် လွှမ်းခြုံမှုရရှိရန်ကြိုးပမ်းလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ဆေးနှစ်မျိုးဖြစ်သော ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးတို့ကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင်ထိုးနှံရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုအားကောင်းစေရန် တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေးပွဲမှ သိရသည်။ (ဝဲပုံ)

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများပြားခြင်း၊ ရွှေ့ပြောင်းနေထိုင်မှုများပြားခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် စိန်ခေါ်မှုများစွာရှိနေ၍ ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းလုပ်ဆောင်ရာတွင်လည်း အဟန့်အတားများအဖြစ် ကြုံတွေ့နေရလျက်ရှိသည်ဟု သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှနှစ်စဉ်မွေးဖွားလျက်ရှိသော အသက် တစ်နှစ်ခြောက်လအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့်ရောဂါ ၁၁ မျိုးအတွက် ကာကွယ်ဆေးများဖြစ်သော ပြင်းထန်တီဘီရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ မွေးကင်းစကလေးမေးခိုင်ရောဂါနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါဖြစ်ပွားသေဆုံးမှုကိုလည်း လျှော့ချပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် Rota Virus ကြောင့်ဖြစ်ပွားသောဝမ်းပျက်/ဝမ်းလျှောရောဂါအတွက် ကာကွယ်ဆေးနှင့်နှစ်လယ်ပိုင်းတွင် အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေး ၁၁ မျိုးထိုးနှံသောအချိန်တွင် ထည့်သွင်းထိုးနှံရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သက်စုမွန်က "ဝက်သက်နဲ့ဂျိုက်သိုးအပါအဝင် ထိုးနှံပေးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေ ဖြစ်ပွားမှုကြောင့် သေဆုံးမှုလျော့နည်းဖို့နဲ့ ငါးနှစ်အောက်ကလေးသေဆုံးမှုကို ထပ်မံလျော့ချဖို့ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေကို အသိပေးဆွေးနွေးတာပါ။ ရောဂါ ၁၁ မျိုးအပြင်၂၀၂၀ ပြည့်နှစ်မှာရောဂါနှစ်မျိုးဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးနဲ့ ဇူလိုင်လမှာ မြန်မာနိုင်ငံ၌ အမျိုးသမီးများအဖြစ်များတဲ့ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို အမျိုးသမီးငယ်လေးတွေကို စတင်ထိုးနှံပေးဖို့ရှိပါတယ်။ မြန်မာနိုင်ငံ၌ ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်တဲ့ လုပ်ငန်းကို ဆောင်ရွက်နိုင်ပါပြီ"ဟု ပြောသည်။

**သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**



## ရခိုင်အမွေအနှစ် ကြေးဆီမီးခွက် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ရခိုင်အမွေအနှစ် ကြေးဆီမီးခွက်အား ရခိုင်ပြည်သူများသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ အလှူရှင် ကွယ်လွန်သူ ဦးစံရွှေဘု၏ သမီး ဒေါ်ရီရီဇံ ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်အေးဇံက ရခိုင်အမွေအနှစ် ကြေးဆီမီးခွက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများထံ အလှူရှင်မိသားစုက ဆီမီးခွက်အား ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ရခိုင်အမွေ အနှစ်ဆီမီးခွက်၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရခိုင်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က “ဒီဆီမီးခွက်ဟာ ဝေသာလီခေတ်မှာ အသုံးပြုခဲ့တဲ့ ရေးဟောင်းပစ္စည်းတစ်ခုဖြစ်ပါတယ်။ ရှင်ဘုရင်တွေ သုံးစွဲခဲ့တယ်လို့ သိရပါတယ်။ ဒီပစ္စည်းကို စတင်တွေ့ရှိသူ ဦးစံရွှေဘု လက်ထက်ကတည်းက ထိန်းသိမ်းလာခဲ့ပြီး အခုဆိုရင်သူ့ရဲ့သမီး ဒေါ်ရီရီဇံက ဆက်လက်ထိန်းသိမ်းလာခဲ့တာ အခုဆို သူ့ရဲ့အသက်က ၁၀၀ ရှိပါပြီ။ သမီးဖြစ်သူ ဒေါ်ရီရီဇံက စစ်တွေ ယဉ်ကျေးမှုပြတိုက်မှာရှိတဲ့ ကွယ်လွန်သူဦးစံရွှေဘုရဲ့ သမိုင်းဝင်ဓာတ်ပုံနဲ့အတူ ထားရှိပြီး နောင်လာနောက်သားတွေကို ပြသချင်တဲ့ ဆန္ဒနဲ့လှူဒါန်းခဲ့တာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – ထိန်လင်း**

## သတ္တမအကြိမ်မြောက် တစ်သက်တာထုတ်ဝေသူဆု၊ အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ သတ္တမအကြိမ်မြောက် တစ်သက်တာထုတ်ဝေသူဆု၊ အကောင်းဆုံး ထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းက ဒစ်ဂျစ်တယ်နည်းပညာများ ပိုမိုအားကောင်းလာသည့်အပြင် စာဖတ်ပရိသတ်များ၏ လိုချင်သည့်ပုံစံများလည်း ပြောင်းလဲလာပါကြောင်း၊ ပရိသတ်လိုချင်သည့် ပုံစံကိုမည်သို့ လုပ်ဆောင်ပေးရမည်ကို ထုတ်ဝေသူများနှင့် စာရေးဆရာများက နည်းမျိုးစုံနှင့် စဉ်းစားဆောင်ရွက်လာပါကြောင်း၊ နိုင်ငံတကာတွင် စာအုပ်တစ်အုပ်ထုတ်မည်ဆိုပါက ကလေးများအတွက်၊ ဆယ်ကျော်သက်များအတွက်၊ လူကြီးများအတွက် ပုံစံတစ်မျိုးစီ ရိုက်နှိပ်ထုတ်ဝေလာပါကြောင်း၊ အလားတူ စာပေဖြန့်ချိသော ပုံစံများသည် ပြောင်းလဲလာပါကြောင်း၊ ထို့ကြောင့် မိမိတို့အသင်းအနေဖြင့် နိုင်ငံတကာက လုပ်ဆောင်နေသည်များကို သင်တန်းများပေးခြင်း၊ ဗဟုသုတမျှဝေခြင်း စသည်ဖြင့် နိုင်ငံခြားသား ပညာရှင်များ ခေါ်ယူပြီး ရန်ကုန်နှင့် မန္တလေးတို့တွင် မျှဝေသွားရန် အစီအစဉ်များရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးသိမ်းစိုးက ဆုရွေးချယ်မှုပုံစံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံး ထုတ်ဝေသူဆုကို သုခမိန်လှိုင်ရေးသားသည့် “ဆေးမင်ကြောင်မဂ္ဂဇင်းကဗျာများ” စာအုပ်ဖြင့် နှစ်ကာလများ စာပေစာအုပ်တိုက်၊ ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုကို စိတ်ကူးချိုချိုစာအုပ်ဆိုင်(မန္တလေး)နှင့် ၂၀၁၉ ခုနှစ်အတွက် တစ်သက်တာ ထုတ်ဝေသူဆုကို စာပေလောကစာအုပ်တိုက်တို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

**ဥမ္မာသန့်၊ ဓာတ်ပုံ – ဇော်မင်းလတ်**




## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းအငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**


ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ် စာပေ ပြပွဲ နှင့် စာအုပ် ဈေး ရောင်း ပွဲ

( တောင်ကုတ်မြို့ )

၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၀ ၊ ၁၁)ရက် (သောကြာ ၊ စနေ)နေ့
နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ဘက်စုံသုံးခန်းမ ၊ တောင်ကုတ်ဒီဂရီကောလိပ် ၊ တောင်ကုတ်မြို့။



ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(ကျုံပျော်မြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀ ၊ ၁၁)ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အောင်ဆန်းခန်းမ ၊ အ.ထ.က(၁) ၊ ကျုံပျော်မြို့။


## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက် ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာလ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာလ | ၈၄၄၇၄ | ၁၉၅၃၈ | ၁၀၄၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| | စုစုပေါင်း | ၂၁၄၆၁၉ | ၆၂၀၂၅ | ၂၇၆၆၄၄ | ၃၃၅၆၈၄ | ၈၀၀၄၅ | ၄၁၅၇၂၉ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့်နယ်စပ်ဝင်/ထွက် ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ | | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ ရေဆိပ် | ၆၀၆၄၃ | ၁၄၆၁၃ | ၇၄၇၄၁ | ၁၅၅၉၈ | |
| ၂ | မန္တလေးလေဆိပ် | ၁၃၇၁၀ | ၃၆၆၉ | ၄၂၀၄၆ | ၃၆၈၈ | |
| ၃ | နေပြည်တော်လေဆိပ် | ၄၂၇ | ၃၂၃ | ၁၁၅၅ | ၂၈၈ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၆၆၈ | ၈၃ | ၄၁၃၂ | ၉၁ | |
| ၆ | မြဝတီ | ၃၆၀၆ | ၇၂၉ | ၂၃၂၀ | ၅၁၅၆ | |
| ၇ | ကော့သောင်း | ၈၇၄ | ၈၀ | ၃၀၃၃ | ၆၁ | |
| ၈ | ထီးခီး | ၁၀၂ | ၂၈ | ၇၇ | ၃၃ | |
| ၉ | တမူး | ၄၄၀ | ၁၃ | ၄၄၃ | ၅၂ | |
| ၁၀ | ရိခေါဒါရ် | ၄ | ၀ | ၃ | ၀ | |
| | စုစုပေါင်း | ၈၄၄၇၄ | ၁၉၅၃၈ | ၁၂၇၉၅၀ | ၂၄၉၆၇ | |

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

"နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက၊

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် **"ဖခင်ကြီး သုဓမ္မမဏိဇောတဓရ ဦးထွန်းဖေ"**

အား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်−၁/၂၀၂၀ ဖြင့်မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏ သာသနာအတွင်း၌ပစ္စည်းလေးပါးဒါယိကာ၊ ဒါယိကာမအဖြစ် စဉ်ဆက်မပြတ်လှူဒါန်း သည့် လူပုဂ္ဂိုလ်များကို ချီးမြှင့်ပေးသောသာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့် သာသနာ နုဂ္ဂဟဘွဲ့ နှင့်သာသနာပြုဘွဲ့တံဆိပ် ဖြစ်သော **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ရရှိသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့်ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး − သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်
(နာယက "နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)

ချစ်သားသမီးများ −

| | | |
|---|---|---|
| ၁။ | ဦးမြင့်နိုင်+ဒေါ်အေးအေးနိုင် | ( Naing One Construction Materials Trading Co., Ltd ) |
| ၂။ | ဦးသက်နိုင်+ဒေါ်စောကေခိုင် | ( Thet Thit San Co., Ltd ) |
| ၃။ | ဒေါက်တာအေးအေးနိုင် | (တွဲဖက်ပါမောက္ခ−သမိုင်းဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) |
| ၄။ | ဦးဝင်းနိုင်+ဒေါ်နှင်းလဲ့ကြည်ပြာ | ( Yoon Iron & Steel Co., Ltd ) |
| ၅။ | ဦးထွန်းထွန်းနိုင် (MD) | ( Nyunt Myint Mo Industrial Co., Ltd) |
| ၆။ | ဒေါက်တာဌေးဌေးနိုင် | (ကထိက−ဓါတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) |
| ၇။ | ဦးမျိုးမင်းနိုင်+ဒေါ်ရွှေစင်ဌေး | ( Naing Seven Construction Materials Trading Co., Ltd ) |
| ၈။ | ဦးသန်းနိုင် (MD) | ( Naing Family Construction Materials Trading Co., Ltd ) |
| ၉။ | ဦးမျိုးမြင့်+ဒေါ်သန္တာဝင်း | ( Myo Naing-Nine Group of Companies Limited ) |
| ၁၀။ | ဦးဖြိုးဝေနိုင်+ဒေါက်တာနန်းခင်ဝတ်ရည် | (Naing New Generation Trading Co., ltd) |

ချစ်မြေးများ − ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါဂါး၊ ကူကူး၊ ကိုအုပ်၊ စနိုး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ပယ်ပယ်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်၊ ရွှန်းရွှန်း။

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် "အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ" ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | | |
|---|---|---|
| ဖေဖေ၊ မေမေ | - | ဦးမောင်ကျင် + ဒေါ်ခမ်းဆာ |
| အစ်ကိုကြီး | - | ဦးစိုင်းစိန်ဝင်း + ဒေါ်ခင်ဝင်းကြည် |
| အစ်ကိုလတ် | - | ဦးစိုင်းစိုးဝင်း + ဒေါ်နန်းအေးအေးခိုင် |
| မမ | - | ဦးမောင်မောင်ဦး + ဒေါ်နန်းစောမွန် |

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် KS DIAMOND Diamonds & Jewellery နှင့် မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ ဖခင်ကြီး **မုံရွာဆရာမိုး**အား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာ အခါသမယတွင် **"သီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါ်အစ္ဆရိယ ဉာဏ်(မိုးပြည့်စုံသီလရှင်စာသင်တိုက်)**
**ဦးဉာဏ်ထွန်း-ဒေါ်သန္တာထွေး**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၀ပြည့်နှစ်(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့ကို **ဦးဇော်ဝင်း ("ဇော်ထက်ပိုင်"** အင်ဂျင်နီယာနှင့်ဆောက်လုပ် ရေးအုပ်စုကုမ္ပဏီ)၊ **" စိန်ရွှေထိပ်တန်း"** ဆောက်လုပ်ရေးကုမ္ပဏီ၊ ZTM Company၊ **" ချမ်းမြေ့မေတ္တာ"** အထွေထွေ ရောဂါကုဆေးရုံ- သန်လျင်)တို့၏ ဥက္ကဋ္ဌ/CEO အား ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၊နိုင်ငံနှင့်အမျိုးဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးရဲထွန်း-ဒေါ်ညွန့်ညွန့်ကြည်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ**
**ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့**
**အဆောက်အအုံ ပြင်ပစစ်ဆေးရေးပညာရှင်အဖွဲ့(Third Party Inspection Team)အတွက်**
**လျှောက်လွှာများခေါ်ယူခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂-၈-၂၀၁၉ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၅၄/ ၂၀၁၉)ဖြင့် ဖွဲ့စည်းပေးခဲ့သော အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ High-Rise and Public Building Projects Committee (HPBC) ကိုပြန်လည်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ အသစ်ဖွဲ့စည်းထားသော HPBC အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း အထပ်မြင့်နှင့်အများပြည်သူသုံး အဆောက်အအုံများကို ချမှတ်ထားသော HPBC Guideline များအတိုင်းဆောင်ရွက်ရေး၊ ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိ သောအထပ်မြင့်ဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အသီးသီးတွင် ပြင်ပစစ်ဆေးရေးပညာရှင်အဖွဲ့(Third Party Inspection Team)များဖြင့် စစ်ဆေးဆောင်ရွက်ရန် လိုအပ်လာပါသည်။ HPBC ၏ (၇/CQHP/၂၀၁၉)စုံညီ အစည်းအဝေးဆုံးဖြတ်ချက်အရ အဆောက်အအုံ ပြင်ပစစ်ဆေးရေးပညာရှင်အဖွဲ့(Third Party Inspection Team)များခေါ်ယူ၍ စစ်ဆေးရန် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆောက်အအုံ ပြင်ပစစ်ဆေးရေးပညာရှင်အဖွဲ့ (Third Party Inspection Team)အဖြစ် လုပ်ကိုင်လိုသော ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် HPBC တွင်မှတ်ပုံတင်နိုင်ရေး အတွက် ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထားလျက် သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အထပ်မြင့်နှင့်အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(HPBC)ရုံး၊ Receptionတွင်လည်းကောင်း၊ ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်၍လည်းကောင်း စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ပညာရှင်များ၊ အဖွဲ့အစည်းများဆိုသည်မှာ DICA တွင်မှတ်ပုံတင်ထားသောပညာရှင်များ အဖွဲ့(သို့မဟုတ်)အဖွဲ့အစည်းများကိုဆိုလိုသည်။ တစ်ဦးချင်းလာရောက်ဆောင်ရွက်ခြင်းကိုလက်ခံမည် မဟုတ်ပါ။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ (၁)အတွင်းရေးမှူး (HPBC) Ph- 09-250191638
(၂) တွဲဖက်အတွင်းရေးမှူး(HPBC) Ph- 09-254278737
(၃) Inspection Team (HPBC) Ph-09-2131621,09-260205606
(၄) Reception Counter Ph- 018-245670

**ဥက္ကဋ္ဌ**
**အထပ်မြင့်နှင့်အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး**
**စီမံကိန်းများကကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့**
**HPBC**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 54W/37432 ယာဉ်လက်ဝယ်ရှိသူ Sein Sabi Phyu Co,Ltd ၅/ဝလန(နိုင်)၅၉၀၉၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရွှေဘို)**

MYANMAR CONSTRUCTION
MCEF
ENTREPRENEURS FEDERATION

## အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၏ နာယကကြီးများ၊ ဒု-ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များထဲမှ ၄-၁-၂၀၂၀ရက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-(၁/၂၀၂၀)အရ **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့ချီးမြှင့်ခံရသည့် **ဒေါက်တာခင်ရွှေ** (ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)၊ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့** ချီးမြှင့်ခံရသည့် **ဦးကိုကိုထွေး**(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်)၊ **ဦးသိန်းဟန်**(MD, Tokyo Pipe)နှင့် **ဦးဝိတ်**(ဥက္ကဋ္ဌ၊ Sea Paing Co.,Ltd)၊ **သီရိသုဓမ္မမဏိဇောတဓရဘွဲ့** ချီးမြှင့်ခံရသည့် **ဒေါက်တာမောင်မောင်ဦး**(MD) (Myanmar Infrastructure Development Co.,Ltd.)၊ **သီရိသုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခံရသည့် **ဒေါ်ရည်ဝိုင်းဦး** (MD, Wyne Int'l Co.,Ltd.) နှင့် **ဒေါ်ကြည်ခင်** (ဒု-ဥက္ကဋ္ဌ၊ Original Group of Companies) ၊ **သီဟသုဓမ္မမဏိဇောတဓရဘွဲ့** ချီးမြှင့်ခံရသည့် **ဦးကြည်စိုး**(MD,AMP Construction Co., Ltd)တို့အား အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အထက သရက်တပင် အဌမတန်း(A)မှ မနှင်းနွယ်ဇင်၏ ဖခင်အမည်မှန်မှာ ဦးစိုးသန်း ၇/မလန(နိုင်)၀၀၅၈၅၈ ဖြစ်ပါကြောင်း။

**ဦးစိုးသန်း**

## မွေးသက္ကရာဇ်အမှန်

မြေပုံမြို့နယ်၊ ခေါင်းဖြူအုပ်စု၊ ဒဂုံကျေးရွာနေ (ဘ)ဦးမောင်သန်းထွန်း၏ သမီး မသန်းသန်းမိုး ၁၁/မပတ(နိုင်) ၀၇၉၄၄၁၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ၂၃-၅-၁၉၉၈ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၉ယ/၁၈၄၇၁ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၇/လပတ(နိုင်)၀၀၀၃၈၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပလ-၂၂)၊ မြေကွက်အမှတ်(၁၁၂၃)၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်(၁၁၂၃)၊ ဗိုလ်အောင်ကျော်လမ်း၊ အလယ်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးကိုကိုနိုင်(ခ)ဦးဝင်းနိုင် ၁၄/ပပတ(နိုင်)၁၁၁၅၃၁ အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန် မြေအား အမည်ပေါက် ဦးကိုကိုနိုင် (ခ)ဦးဝင်းနိုင် (ခင်ပွန်း)သည် ၅-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်သဖြင့် ဇနီး ဒေါ်ငွေငွေ ၁၄/ပပတ(နိုင်)၁၁၁၅၃၀မှ တစ်ဦးတည်းသော တရားဝင်ဇနီးမယား ဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ(ထောက်ခံကျမ်းကျိန်လွှာ) အမည်ပေါက်၏ သေစာရင်းလက်မှတ်နှင့် နှစ်(၆၀)မြေ ငှားစာချုပ်ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဒဂုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀ပြည့်နှစ် ဇန်နဝါရီလတွင်ပြုလုပ်မည့်(၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ဒဂုံ တက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂၀-၁၂- ၂၀၁၉ရက် စတင်လက်ခံမည်ဖြစ်ပြီး ၁၀-၁-၂၀၂၀ရက်မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ဒဂုံတက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ကျွန်တော်များ Saw Trading Co.,Ltd သို့ အခွန်ကင်းလွတ်ခွင့်ရရှိရန် ထုတ်ပေးထားသော အတည်ပြုအမိန့်အမှတ် ကရန(၀၀၅/၂၀၁၈)(၁၇-၁၀-၂၀၁၈)ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**Saw Trading Co.,Ltd**
**ကွင်းအမှတ် ၁၈၊ မြေကွက်အမှတ် ၂၊**
**စံဖရီးကျေးရွာအုပ်စု၊ စက်မှုဇုန် ၂၊ ဘားအံမြို့၊ ကရင်ပြည်နယ်**
**ဖုန်း-၀၉-၄၅၀၅၅၄၄၅၅၊၀၉-၇၆၁၇၀၁၇၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်(၁၇/၁)၊ မြေကွက်တည်နေရာအမှတ်(၁၇/၁)၊ မြင်သာ(၂)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးအောင်ခင်(BF-၀၁၀၉၆၆)၁၂/ဥကတ(နိုင်)၁၀၃၂၂၂အမည်ပေါက် နှစ် (၆၀)ဂရန်မြေအားအမည်ပေါက် ဦးအောင်ခင်(BF-၀၁၀၉၆၆) ၁၂/ဥကတ(နိုင်) ၁၀၃၂၂၂သည် ၂၁-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်အေးရွှေ ၁၂/ဥကတ(နိုင်) ၁၀၃၂၂၁မှ ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ ၁၀/၅၈၉/၂၀၁၉(၇-၁၀-၂၀၁၉)သေစာရင်း၊ ဦးအောင်ခင် အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လေလံကြော်ငြာစာအား ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ အတွဲ(၅၉)၊ အမှတ်(၀၉၇)၊ ၅-၁-၂၀၂၀ ရက်ထုတ် စာမျက်နှာ (၂၉)တွင် ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဈေးဆိုင်ခန်းများနှင့်အရပ်ရပ်လုပ်ငန်းများ လေလံခေါ်ယူခြင်း ခေါင်းစဉ်ပါအပိုဒ်(၂)ရှိ "၂၀၂၀ ပြည့် နှစ် ဖေဖော်ဝါရီ ၁၅ရက်မှ ၁၇ရက်အထိ" စာသားအစား "၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၁၅ရက်မှ ၁၇ရက်အထိ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘုရားပွဲတော်ကျင်းပရေးကော်မတီ**

## အမှားပြင်ဆင်ချက်

၈-၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၄ပါ တရားလွှတ်တော်ရှေ့နေ ဦးဝဏ္ဏဇော်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာစာအား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က/ခ) ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ(၄)လမ်း၊ အမှတ်(၁၂၅)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၄၄-ကျောက်ကျင်း)၊ ဦးပိုင်အမှတ်(၂၃၃၊ ၂၃၄)၊ ဧရိယာ(၀ဒသမ၀ ၅၅)ဧကရှိ အမှုတွဲအမှတ်၊ ၃၅၁ V၂၀၀၇-၂၀၀၈ အရ ဦးစောမောင်တင် အမည်ပေါက်ရရှိထားသော ဝင်းမြေအား ဒေါ်သင်းသင်းလှိုင် အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်/အမည်ပြောင်း)လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ မဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာ သည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်/အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အနောက်မြို့ပတ်(၈)လမ်းနေ ဦးစံအောင်-ဒေါ်စန်းလှတို့၏သမီး၊ မအိသီရိစံ ၇/နတလ(နိုင်)၁၀၆၁၆၀ သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကိုလည်း (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးစံအောင်-ဒေါ်စန်းလှ**

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀) ဖြင့်
(၇၂) နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** ကို
ထိုက်ထိုက်တန်တန်ချီးမြှင့် အပ်နှံခြင်းခံရပါသော
ဒေါ်လွင်လွင်ဝေ (Vice Chairman- A1 Group of Companies)
နှင့်
**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** ကို
ထိုက်ထိုက်တန်တန်ချီးမြှင့် အပ်နှံခြင်းခံရပါသော
ဒေါ်ရည်ပိုင်းဦး ( Executive Director - A1 Group of Companies)
တို့အား အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း အမျိုးဘာသာ သာသနာအကျိုးများကို သက်ရှည်ကျန်းမာစွာဖြင့်
ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း၊ လုပ်ငန်းစီးပွါး ပိုမိုတိုးတက်ဖြစ်ထွန်း အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Terabit Wave Co.,Ltd.
Yadanarbon Fibre Services Co.,Ltd.
Com & Com Co.,Ltd.
A1 CAPITAL Co.,Ltd.
ဝန်ထမ်းမိသားစုများ

---

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၂၀ အရ

**ဦးနေထက်သိန်းနိုင်**
(Chairman, First Yoe Yoe Lay Trading Co., Ltd.)
ရိုးရိုးလေးဟိုတယ်များဥက္ကဋ္ဌ သည်

**သီဟသုဓမ္မ မဏိဇောတဓရဘွဲ့**

တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသဖြင့်
အထူးပင်လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်
ဈေးသူ ဈေးသားများနှင့်အတူ
နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို
ဆထက်ထမ်းပိုးတိုး၍
ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျိုက်ထီးရိုးတောင်ခြေ ဈေးသူ ဈေးသားများ

---

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် KS DIAMOND Diamonds & Jewellery နှင့် မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ ဖခင်ကြီး **မုံရွာဆရာမိုးအား** (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **"သီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

ဒေါ်ခင်ထွေး-ပါရမီဆေးဆိုင်မုံရွာ
ကိုငြိမ်းချမ်းဝင်း-မယုမွန်မွန်ဟိဏ်း(Hein Mobile-မုံရွာ)

---

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ...
- " သီရိသုဓမ္မသိင်္ဂီ " ဘွဲ့တံဆိပ်ရ ဒေါက်တာဒေါ်ဌေးဌေးနိုင် ( မောရိယတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး )
- " သီဟသုဓမ္မ သိင်္ဂီ " ဘွဲ့တံဆိပ်ရ ဒေါ်အေးမြင့်သန်း ( အောင်ရတနာ သင်္ကန်းတိုက် )
- " သုဓမ္မ မဏိဇောတဓရ " ဘွဲ့တံဆိပ်ရ ဒီဗိုင်းနာ ကိုထွန်းထွန်းလင်း တို့အား မိသားစုတို့နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဗိုလ်မှူးကျော်ကိုကိုရှိန်း + ဒေါ်မိုးပြည့်ပြည့်ဖြိုး
KS DIAMOND Diamonds & Jewellery
မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9328၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/1957 Toyota Mark II Jzx100 Saloon (4x2)Rယာဉ်လက်ဝယ်ရှိသူ ဦးမြင့်တင် ၁၂/မဂဒ(နိုင်)၀၀၂၇၉၀က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့နယ် အောင်ဇေယျရပ်ကွက် မြိုင်မာလာလမ်းနေ (ဘ) ဦးထွန်းထွန်းဝင်း၏သား မောင်အောင်သီဟထွန်းနှင့်မောင်သီဟထွန်း ၁၀/သဖရ(နိုင်)၁၁၆၆၁၄ သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

မောင်အောင်သီဟထွန်း(ခ)
မောင်သီဟထွန်း

---

### ဖခင်အမည်မှန်

မြဝတီမြို့၊ အထက(ခွဲ)ဝါးတော တတိယတန်းမှ မောင်ရဲထက်မြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၇/ကတခ (နိုင်) ၁၉၄၂၂၆ ဖြစ်ပါကြောင်း။

ဦးအောင်နိုင်ဝင်း

---

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်ခရိုင် မိုးမောက်မြို့ အထက မြို့သစ်၊ နဝမတန်း(B)မှ မောင်ကျော်သက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစံကျော် ၁၁/ကတန(နိုင်) ၀၆၁၂၈၆ ဖြစ်ပါ ကြောင်း။

ဦးစံကျော်

---

### ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့ အထက(စကု) နဝမတန်း(ခ)မှ မောင်မင်းခန့်မောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၈/မသန (နိုင်) ၀၆၅၂၆၅ ဖြစ်ပါကြောင်း။

ဦးဝင်းကိုကို

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၈၆၀၃ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအော်စကာ ဂျက်ဆင် ၃/မဝတ(နိုင်)၀၁၉၉၉၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မြဝတီ)

---

### ပျောက်ဆုံးကြောင်း

Myanmar Best Food & Beverage Co.,Ltd ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကတ်မူရင်း No.28019(23-05-12) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၀၁၀၁

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့်

**သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို

ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော

## ဦးကျော်မြင့်

**(သူရဲကောင်းမှတ်တမ်းဝင်) ခိုလုံလီရှောတိုင်းရင်းသား ဥက္ကဋ္ဌ နှင့် ပင်လုံညီလာခံ ကိုယ်စားလှယ်** အား

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ရှေ့အနာဂါတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာစွာဖြင့်

ချစ်သော မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုးဘာသာအကျိုးတို့ကို ဆထက်တိုး၍

သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ဝင်းမြင့် (မန်နေးဂျင်းဒါရိုက်တာ) (Royal Pan Say Co.,Ltd)

ချစ်သမီးကြီး - မသီတာဦး + သားမက် ကိုကျိန်တာ (Hot Pot King)

ချစ်သားကြီး - ကိုညာဏ်လင်းဦး (ပန်းဆေးပြည်သူ့စစ်ခေါင်းဆောင်) +
ချွေးမ မအားဟုန် (ခေတ္တ မူဆယ်)

ချစ်သားလတ် - ကိုဇော်လင်းဦး (ဒါရိုက်တာ) (Royal Pan Say Co.,Ltd) +
ချွေးမ - OOI CHUAN MEI @ Jesslyn

ချစ်သားငယ် - ကိုထွန်းလင်း (ဒါရိုက်တာ) (Royal Pan Say Co.,Ltd)

ချစ်မြေးမကြီး - Victoria @ Vi Vi (Grade 6, ISY)

ချစ်မြေးမကြီး - ရန်မင်းမင့် @ Elizabeth Yang (Grade 4, YIS)

ချစ်မြေးကြီး - Victor @ Lu Lu (Grade 2, Network School)

ချစ်မြေးလေး - Jaron @ ရန်မင်ကျယ် (Gymboree)

ချစ်မြေးလေး - ရန်မင်ခိုင် @ ခိုင်ခိုင်

ချစ်မြေးမလေး - ရန်မင်လျံ @ Jolene Yang

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ချီးမြှင့်ခံရသော စွန်းလွန်းကျောင်းဒါယိကာမကြီး ဒေါ်တင်တင် (ရွှေမိုးပရိဘောဂတိုက်) တာမွေမြို့နယ်အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဆရာတော်သံဃာတော်များ**
**သီလရှင်၊ စွန်းလွန်းယောဂီများ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်**
**၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး အမတဒါယိကာတင်မွေမိမာန်တော်ကြီး၏ ဒါယိကာမကြီး သုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်အား **သီရိသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဆရာတော်သံဃာတော်များ**
**သီလရှင်၊ စွန်းလွန်းယောဂီများ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်**
**၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် **သုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ချီးမြှင့်ခံရသော စွန်းလွန်းကျောင်းဒါယိကာမကြီး HATHIBONG ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဆရာတော်သံဃာတော်များ**
**သီလရှင်၊ စွန်းလွန်းယောဂီများ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်**
**၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် **သုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ချီးမြှင့်ခံရသော စွန်းလွန်းကျောင်းယောဂီဆောင်ဒါယိကာမကြီး BENEDICTE PHAM ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဆရာတော်သံဃာတော်များ**
**သီလရှင်၊ စွန်းလွန်းယောဂီများ**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်**
**၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်လတ်မင်း(Director-Shwe Byain Phyu Co.Ltd)အား ၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရွှေဗျိုင်းဖြူ ကုမ္ပဏီလီမိတက်**
**ဝန်ထမ်းများ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအိအိဝင်း ၈/မဘန(နိုင်) ၁၆၄၁၇၉၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးကိုကို ၈/မဘန(နိုင်) ၁၆၉၄၈၄၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သိန်းဇော် ၈/မဘန (နိုင်)၁၃၄၁၉၄၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေရှိုင်းအောင် ၈/မတန (နိုင်)၀၇၀၂၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် ၁၄ ရပ်ကွက်၊ အကွက်အမှတ် ၇၆၊ ဥမ္မာဒန္တီအကွက်၊ ဦးပိုင်အမှတ် B-၂၉၉၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိမြေကို ဦးချိုလေး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# အလိမ္မာ စာမှာရှိ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9009 Honda Civic SL(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသီတာ ၁၂/ဒပန(နိုင်)၀၁၃၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၈၄၁+၁၈၄၂)၊ ဧရိယာ ၀ ဒသမ ၁၉၂ ကေရှိမြေအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)၊ လားရှိုးမြို့၏ ၈-၁၁-၂၀၁၀ရက်စွဲပါ မြေပေးမိန့် (၉၆၅/၂၀၁၀)ဖြင့် ဒေါ်ရွှယ်ဂျာ(ခ) မေရီသို့ မြေနေရာချထားပေးပြီးဖြစ်၍ ဒေါ်ရွှယ်ဂျာ(ခ)မေရီ ၁၃/လရန(နိုင်)၀၁၈၇၁၃ အမည်ဖြင့် မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/တိုးချဲ့၊ မြေကွက်အမှတ်-၈၆၁၊ အကျယ်အဝန်း-၄၀ပေx၆၀ပေရှိ ဦးအောင်တင်အမည်ပေါက်ပါမစ်မြေအနက်မှ (အရှေ့ဘက်ခြမ်း)၁၀ပေx၆၀ပေရှိ ပါမစ်မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း **ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ် ဇဝနဒီပ ရပ်ကွက်မှမြေဧရိယာ (၀ဒသမ၁၁၀)ကေရှိ ဒေါ်သန်းသန်းချစ် ၇/တငန (နိုင်)၀၃၅၃၂၀ (ဘ) ဦးကြည်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၄၁၂၆) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂/၁-၂-၂၀၁၆ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးထွန်းထွန်းစိုး ၇/ပတန(နိုင်)၀၉၈၂၂၀ (ဘ)ဦးသန်းစိုးမှ ဒေါ်အိမ့်သက်စံ ၉/ပဗသ(နိုင်) ၀၀၇၃၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၃၆၁)၊ မြေဧရိယာ ၀ဒသမ၃၄၄ကေရှိ မြေကွက်အား ဒုတိယဗိုလ်မှူးကြီးရဲနိုင် အမည်ဖြင့် ၁၉-၃-၂၀၃၉ ရက်ထိ နှစ် (၃၀) မြေငှားဂရန် သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး၊ ၁-၁-၂၀၁၂ ရက်တွင် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ထံမှ ဦးရန်ရှိကျူကလည်းကောင်း၊ ၆-၃-၂၀၁၆ ရက်တွင် ဦးရန်ရှိကျူထံမှ ဦးသိန်းအောင်ကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးသိန်းအောင် ၁၁/တကန(နိုင်)၀၀၀၅၁၆ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် ၁၀-၉-၂၀၁၉ ရက်စွဲပါ ကျမ်းကတိသစ္စာပြုဆိုလွှာအမှတ် (၆၄၃/၂၀၁၉) ကို ၁၃-၉-၂၀၁၉ ရက်စွဲပါ ကျမ်းကတိသစ္စာပြုဆိုလွှာ မှတ်ပုံတင်အမှတ် (၆၄၄/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)ဖြင့် တောင်ကုတ်မြို့၊ ကိုင်းရှည်ရပ်ကွက်၊ စေတျာရာမဓမ္မရိပ်သာကျောင်း **ဆရာတော် ဘဒ္ဒန္တသူရိယဓဇ** အား

**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်

ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်းနေ

**ဦးကျော်သူအား** **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်

**ဦးခင်သိန်းအား** **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်

**ဒေါ်ကျန်တင်အား** **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်ရပါကြောင်း-

**ဦးဝါယာမိန္ဒ**
**တောင်ကုတ်ဆရာတော်**
**ခေတ္တ/U.S.A**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၉၄

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | နှင့် | ၁။ ဒေါ်ဇာဇာငြိမ်း |
| | | ၂။ ဦးစောလွင် |
| | | ၃။ ဦးလှကြည် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမ၊ အမှတ်(၃၃/ခ)နေ (၁)တရားပြိုင် ဒေါ်ဇာဇာငြိမ်း၊ ရွှေပြည်သာမြို့နယ်၊ (၉) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၂၀၇/က)နေ (၂) တရားပြိုင် ဦးစောလွင်နှင့် ရွှေပြည်သာမြို့နယ်၊ ဇေယျာဝတီလမ်း၊ အမှတ် ၁၂/၃၃/၁၀/၈၈၁(ခ) နေ (၃)တရားပြိုင် ဦးလှကြည် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်ကြူကြူဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ပဒိုင်ကျေးရွာအုပ်စု၊ ပဒိုင်လေးကျေးရွာ၊ ကွင်းအမှတ် (၉၁၂)၊ ဦးပိုင်အမှတ် (၅)၊ ဧရိယာ ၀ ဒသမ ၂၁၆ ဧကရှိမြေသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(V) ၁၉၉/၂၀၁၆-၂၀၁၇ အရ ကျွန်တော်ဦးဆန်းမြင့် ၁၀/သဖရ (နိုင်) ၀၁၉၂၅၇ အား နှစ် ၃၀မြေငှားဂရန် ချထားပေးခဲ့သောမြေ ဖြစ်ပါသည်။ ကျွန်တော်၏ ဂရန်စာချုပ်မူရင်းသည် အိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မိတ္တူမှန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများသည် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးဆန်းမြင့်**
**၁၀/သဖရ(နိုင်)၀၁၉၂၅၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၉၁၈)၊ မြေအကျယ်အဝန်း (၄၁ပေx၆၀ပေ)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်စိန် (MIRGN-000996)(၁၂/မဂတ(နိုင်)၀၄၀၄၆၇ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်စိုးမင်း ၁၂/ဗတထ(နိုင်)၀၁၅၉၃၆ မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဥ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
မြစ်ကြီးနားမြို့နယ်တရားရုံး၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၅၂

| | | |
|---|---|---|
| ဒေါ်ကော့ဖန် | နှင့် | ဦးရှုရွယ်မုန်ဘန် |
| (တရားလို) | | (တရားပြိုင်) |

အထက်ပါအမှုမှ တရားပြိုင် ဦးရှုရွယ်မုန်ဘန်၊ အမှတ် (၁၆၈)၊ တပ်ကုန်းအရှေ့ မြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကော့ဖန်က လိမ်လည်အတုပြုလုပ်ထားသော မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက် (၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၃ ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ဘူမိဗေဒအထူးပြုဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်သီဟအောင်၏ဖခင် ဦးမောင်ဆွေနှင့် ဦးမောင်ရွှေ ၆/ကစန(နိုင်)၀၄၀၄၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဆွေ(ခ)ဦးမောင်ရွှေ**

## ဖခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ စစ်ပြဲကျေးရွာ၊ အထက(ခွဲ) စစ်ပြဲကျောင်း၊ သတ္တမတန်းမှ မောင်ဇာနည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၆/ကသန(နိုင်) ၁၁၃၉၇၂ ဖြစ်ပါကြောင်း။ **ဦးဝင်းရွှေ**

## ဖခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ စစ်ပြဲကျေးရွာ၊ အထက(ခွဲ) စစ်ပြဲကျောင်း၊ အဋ္ဌမတန်းမှ မောင်ဝင်းမောင်ကောင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၆/ကသန(နိုင်) ၁၁၃၉၇၂ ဖြစ်ပါကြောင်း။ **ဦးဝင်းရွှေ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ဝိုင်း၊ မြေကွက်အမှတ် (၉၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးမြင့်ဇော်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သူဇာရှိန် (ဘ)ဦးတင်ရှိန် ၉/မထလ (နိုင်)၂၀၅၁၈ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၂၇/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ ယုဇနလမ်း၊ အမှတ်(၂)နေ ဦးသိန်းထွန်း ၁၀/မလမ(နိုင်)၀၀၇၁၉၂ ၏သမီး မညိုမီသိန်းထွန်း ၁၀/မလမ(နိုင်)၁၆၉၁၁၁ သည် မိဘစကားနားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသည်။ ထို့ကြောင့် မိဘများက မညိုမီသိန်းထွန်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသိန်းထွန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
ရန်ကုန်
ဘွဲ့နှင်းသဘင်အခမ်းအနားဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရန်
အိတ်ဖွင့်တင်ဒါကြော်ငြာစာ

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁-၂-၂၀၂၀ ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၃၁-၁-၂၀၂၀ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်ဖွင့်ရက်

| | | |
|---|---|---|
| တင်ဒါပိတ်ရက် | - | ၁၅-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ၁၃:၀၀ နာရီ |
| တင်ဒါဖွင့်ရက် | - | ၁၅-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ၁၄:၀၀ နာရီ |

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၁-၆၄၅၇၅၃၊ ၆၄၅၇၄၆၊ ၆၄၅၇၄၄၊ ၆၄၅၇၄၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## Medi Myanmar Group Ltd မှ
## တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့်ရှိသော Products များအား ရောင်းချနေမှုအပေါ် တားမြစ်ခြင်း

Medi Myanmar Group Ltd အမှတ် (၄၆)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ Medi Myanmar Group Ltd သည် မြန်မာနိုင်ငံတွင် အောက်ဖော်ပြပါ အမှတ်တံဆိပ်ကုန်ပစ္စည်းကို KINOBIOTECH ၏ လွှဲအပ်မှုဖြင့် တစ်ဦးတည်း တင်သွင်းဖြန့်ချိခွင့်ရရှိထားသော ကုမ္ပဏီ ဖြစ်ပါသည်။

ယင်းဖြန့်ဖြူးရောင်းချသော အောက်ပါ-

**"KINOHIMITSU"**

အမည်ရှိသော အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းအမျိုးမျိုးကို ဈေးကွက်ထဲတွင် မိမိတို့၏အရောင်းဆိုင်များပေါ် တင်၍ ဖြန့်ဖြူးရောင်းချနေခြင်းများကိုသော်လည်းကောင်း၊ Online မှတစ်ဆင့် ရောင်းချခြင်းသော်လည်းကောင်း တွေ့ရှိနေပါသည်။

အဆိုပါရောင်းချမှုကြောင့် တစ်ဦးတည်းကိုယ်စားလှယ်ကုမ္ပဏီဖြစ်သည့် Medi Myanmar Group Ltd အနေဖြင့် ဆုံးရှုံးနစ်နာမှုများ ရှိလာရပါသည်။ ထိုကဲ့သို့သော ဆုံးရှုံးနစ်နာမှုများကြောင့် အထက်ပါဈေးကွက်တွင် ရောင်းချနေသော ဖော်ပြပါအမှတ်တံဆိပ်ကုန်ပစ္စည်းကို ရောင်းချမှုကိစ္စအဝဝအား လုံးဝမပြုလုပ်ပါရန် ယခုကြေညာသည့်ရက်မှစ၍ တောင်းဆိုအပ်ပါသည်။ ထိုသို့လိုက်နာခြင်းမရှိဘဲ ဆက်လက်ရောင်းချနေသည်ကို တွေ့မြင်ကြားသိရပါက ဥပဒေကြောင်းအရ လိုအပ်သည့် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ငြိမ်းကျော်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၉၉၈)**
**အခန်းအမှတ်-၀၀၇၊ အင်းလျားလိတ်ဟိုတယ်၊**
**၃၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2400 Honda Fit GE6 H/S ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၇/ညလပ(နိုင်)၀၁၄၃၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ မအူတောကျေးရွာ၊ ရွာပတ်လမ်းရှိ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာနေ ဦးထွန်းမြ၊ ဦးကျော်ဝင်း၊ ဒေါ်ကြည်လေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ၏ မိဘများသည် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာ၊ ရွာပတ်လမ်းရှိ အိမ်အမှတ်(၈)၊ အရှေ့လားသော်-ဦးညီညီစိုး၊ အနောက်လားသော်-ဦးထွေး၊ တောင်လားသော်-ဦးစိုးမြင့်၊ မြောက်လားသော်-လမ်းအလားလေးရပ်အတွင်းရှိ အရှေ့အနောက်ပေ (၄၀)xတောင်မြောက်ပေ (၁၀၀)အကျယ်အဝန်းရှိမြေနှင့် ၎င်းမြေပေါ်ရှိ အိမ်၊ မီးဖိုဆောင်အဆောက်အအုံများ ပိုင်ဆိုင်ကြောင်း သိရှိရပါသည်။ မိဘများကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သည့် မောင်နှမ(၄)ဦးတွင် အငယ်ဆုံးသားဖြစ်သူ ဦးတင်ထွန်း (ဘ)ဦးမောင်တင်သည် နေထိုင်စရာအခက်အခဲရှိသဖြင့် အထက်ပါနေအိမ်နှင့် ခြံဝိုင်းအား ဦးတင်ထွန်းအား သက်ဆုံးတိုင်နေထိုင်ရန် အစ်ကို၊ အစ်မများမှ ခွင့်ပြုထားခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါနေအိမ်နှင့်ဝိုင်းခြံမြေမှာ ဦးတင်ထွန်း (ဘ)ဦးမောင်တင် အပါအဝင် မောင်နှမ(၄)ဦး၏အမွေဆိုင် ဝိုင်းခြံမြေနှင့်အိမ် ဖြစ်ပါသောကြောင့် ကျွန်ုပ်အမှုသည်များ၏ သဘောဆန္ဒခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းတို့ (လုံးဝ)မပြုလုပ်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းမြ** | **၉/ပမန(နိုင်)၀၆၀၂၅၀** | **ဒေါ်နွယ်နွယ်ဦး LL.B,DBL** |
| **ဦးကျော်ဝင်း** | **၉/ပမန(နိုင်)၀၆၀၀၂၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၈၆/၁၄)** |
| **ဒေါ်ကြည်လေး** | **၉/ပမန(နိုင်)၀၉၇၈၁၄** | **ဇေယျာသီရိမြို့နယ်၊** |
| | | **ဖုန်း-၀၉-၂၅၀၉၅၅၅၇၁** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/9268 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ထုတ်ကုန်/သွင်းကုန် မှတ်ပုံတင်ကတ်ပျောက်

ကျွန်တော်များ ဆုထားစံကုမ္ပဏီလီမိတက်၏ ထုတ်ကုန်/သွင်းကုန် မှတ်ပုံတင်ကတ်သည် ကသာမြို့အတွင်း ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၂၁၆၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/5890 Toyota Landcruiser Prado, (S/W)(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်း ၁၃/လရန(နိုင်) ၁၂၈၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးဇန်လျန်ဘွေ (ဘ)ဦးငွန်အိပ် ၄/ထတလ(နိုင်)၀၃၁၉၉၅ သည် အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် (၂၈၁/၂၀၁၉) ၄-၄-၂၀၁၉ ရက်စွဲအရ ဒေါ်သိင်္ဂီလှ (ဘ)ဦးလှမြင့် ၂/လကန(နိုင်)၀၀၈၄၃၂ ထံမှ လက်ခံထားသော နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ထုတ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇန်လျန်ဘွေ**
**ဖုန်း-၀၉-၉၇၄၀၀၄၆၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် ၁၂၇၇၊ ဒေါ်ရင်မြ (ဘ)ဦးသိန်း(ISN-၀၈၂၀၁၇) မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ ဒေါ်ရင်မြ (ဘ)ဦးသိန်းမြေကွက်အား ဘဏ်ငွေကျေကြောင်း ဘဏ်ထောက်ခံစာတင်ပြ၍ မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်(ဂရန်)မူရင်းတို့အား လဲလှယ်ခွင့်ပြုပေးပါရန် လိုအပ်သောစာရွက်စာတမ်းများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းကို မြေငှားစာချုပ်(ဂရန်)မူရင်းဖြင့် လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၈၊မြေကွက်အမှတ်(၂၁၂)၊မြေကွက်တည်နေရာအမှတ်(၂၁၂)၊ပုလဲရတနာလမ်း၊(၁၈)ရပ်ကွက်၊ဒဂုံတောင်မြို့နယ်၊ဦးခင်မောင်ထွေး(ISN-၂၀၄၀၃၂)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေမြေအားဂရန်မြေအမည်ပေါက် ဦးခင်မောင်ထွေး(ISN-၂၀၄၀၃၂)ခင်ပွန်းဖြစ်သူကွယ်လွန်၍ဇနီးဖြစ်သူဒေါ်ထူးထူးခင်(၁၂/ဗတထ(နိုင်)၀၂၂၈၂၃)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းကျမ်းကျိန်လွှာအမှတ် ၃၄၅၉/၂၀၁၉(၁၁-၉-၁၉)၊ထောက်ခံကျမ်းကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုလူဦးရေစာရင်း၊ဂရန်မူရင်း၊သေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်(မြေပုံကူး) လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် ဗောဓိရိပ်ငြိမ်တောရ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ဖြစ်တော်မူသော **ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ** မဟာကမ္မဋ္ဌာနာစရိယ(ဗုဒ္ဓါရုံ)အရှင်သူမြတ်အား **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ချီးမြှင့်ပူဇော်ခံရသည့်အတွက် တပည့်သာဝကများမှ အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်း ထပ်ဆင့်ပူဇော်အပ်ပါသည်။

**ဦးခေမာစာရ(လက်လုပ်တောင်တောရဆရာတော်)**
**သာသနာ့ဟိတကာရီအဖွဲ့(လက်လုပ်တောင်)**
**ဗောဓိဟိတကာရီသာသနာပြုအဖွဲ့(နေပြည်တော်)**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ၂၀၂၀ပြည့် နှစ် ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် **ဒေါ်ပိုးအိဖြူမောင်** ကို **"သီဟသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်အား ထိုက်ထိုက် တန်တန် ချီးမြှင့်ခံရသည့်အတွက် အတိုင်းမသိ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်းနှင့် ဆတက်တိုး၍ သာသနာပြုနိုင်ပါစေကြောင်း အထူးဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗောဓိရိပ်ငြိမ်တောရ ဒါယကာ/ဒါယိကာမများနှင့်**
**ဗောဓိဟိတကာရီ သာသနာပြုအဖွဲ့(နေပြည်တော်)**

## အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် ဗောဓိဟိတကာရီသာသနာပြုအဖွဲ့(နေပြည်တော်)၏ အဖွဲ့ဝင် **ဒေါ်ငယ်ငယ်ထွေး** ကို **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အတိုင်းမသိ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်းနှင့် ဆတက်တိုး၍ သာသနာပြုနိုင်ပါစေကြောင်း အထူးဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဗောဓိဟိတကာရီသာသနာပြုအဖွဲ့(နေပြည်တော်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်8M/5670 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1340 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ၂၀၂၀ပြည့် နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် **ဒေါ်စိုးသန္တာ** ကို **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အတိုင်းမသိ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်းနှင့် ဆတက်တိုး၍ သာသနာပြုနိုင်ပါစေ ကြောင်း အထူးဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

**ဗောဓိရိပ်ငြိမ်တောရ ဒါယကာ/ဒါယိကာမများနှင့်**
**ဗောဓိဟိတကာရီ သာသနာပြုအဖွဲ့(နေပြည်တော်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/9949 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးသစ်ဈေး၊ မြေညီထပ် ဆိုင်အမှတ် (၁၁၅၊ ၁၃၇၊ ၁၃၈) ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဦးနိုင်ဝင်း ၁၂/လသန(နိုင်)၀၀၂၃၆၂ ၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် အမှတ်(S–18372/ S–18370/ S–18371) စာအုပ်(၃)အုပ်မှာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း–၀၉–၄၂၀၂၀၇၄၇၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅/၂၁၅)၊ ဦးအောင်ဇေယျလမ်း၊ (၈)ရပ်ကွက်ရှိ အကျယ်ပေ(၄၀×၆၀)ရှိခြံနှင့်အိမ်အား ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်လှစိုးနွယ်[၁၂/သခန (နိုင်) ၀၀၀၂၀၆]ထံမှ ကျွန်ုပ် ဦးရန်ရှင်းအောင်[၁၂/အစန(နိုင်)၁၉၇၀၁၆]မှဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် မည့်သူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရန်ရှင်းအောင်[၁၂/အစန(နိုင်)၁၉၇၀၁၆]**
**အမှတ်(၆၀၆)၊ စလမ်းမြောက်၊ ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၈၅၇၇၅**

### ပျောက်ဆုံးကြောင်း

ဦးသိန်းညွန့်၏သား မောင်လှိုင်မြင့်ဦး ၉/မလန(နိုင်)၁၂၈၀၈၉ ၏ ပတ်စ်ပို့စာအုပ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၇၉၀၈၀၅၈၁**

## အိတ်ဖွင့်တင်ဒါပိတ်ရက် ပြောင်းလဲကြောင်းကြော်ငြာခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉–၂၀၂၀)ခု၊ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး (New Yangon Specialist Hospital)အတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ပိတ်သိမ်းမည့်ရက်ပြောင်းလဲကြောင်း ကြော်ငြာအပ်ပါသည်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ယခင်တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | ၈–၁–၂၀၂၀ရက်၊ မွန်းတည့် ၁၂နာရီ |
| ပြောင်းလဲပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၆–၂–၂၀၂၀ရက်၊ မွန်းတည့် ၁၂နာရီ |
| ဆက်သွယ်ရန်ဖုန်း | – | ၀၆၇–၃၄၁၁၅၁၀၊ ၀၆၇–၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




## ဦးငွေ
## လဝက(ငြိမ်း)
## အသက်(၉၄)နှစ်

ပန်းတနော်မြို့နယ်၊ ရွာသစ်နေ(ဦးဘိုးဝ-ဒေါ်ဖွားညွန့်)တို့၏သား၊ (ဒေါ်ခင်ပု)၊ (ဦးသန်း)၊(ဦးဆန်း)၊ (ဦးရွှေ)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေပြည်အေးလမ်း၊ အမှတ်(၁၂၊ မြေညီ)နေ (ဒေါ်သင်းကြည်၊ ဒေါ်သိန်းနု)တို့၏ခင်ပွန်း၊ (ဦးတင်မောင်ဝင်း -ဒေါ်အေးအေးကြည်)၊ (ဦးမောင်မောင်လွင်-ဒေါ်သန်းသန်းဌေး)တို့၏ဖခင်၊ ဦးကျော်ဇင်ဝင်း(Lizstar Co.,Ltd)-ဒေါ်ပောမာနိဦး(M.L.A International School)၊ ညီညီမောင်(စမ်းချောင်း)၊ မနန်းခမ်းကီးတို့၏အဘိုး၊ မောင်ဒါနလင်း၊ မသင်းဆုသဒ္ဒါ (အထက-၂၊ ဒဂုံ)တို့၏အ ဘိုး ဦးငွေသည် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေပုဒ်မ အမိန့် ၅၊ နည်း ဥပဒေ ၁ နှင့် ၅)
### ဒက္ခိဏခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၁၇၈

ဦးမျိုးဆွေ **နှင့်** ဒေါ်အေးအေးမာ ပါ-၄
**(တရားလို)** **(တရားပြိုင်များ)**

ဒေါ်အေးအေးမာ၊ ဦးတင်ထွေးလှ၊ ဦးဖြိုးဝေထွန်း၊ ဒေါ်အေးသက်ဇော် မြမြင့်မိုရ် ပညာရေးဝန်ဆောင်မှုကုမ္ပဏီ စက္ကူ၊ စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းအမျိုးစုံဖြန့်ချီရေးအမှတ် (၃၂၃၀၉)၊ ပေါင်းလောင်းလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်နေ အတူနေမိသားစုများ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အတိုးမဲ့ချေးငွေကျပ် (၃၃၀၀၀၀၀၀/-)နှင့် နစ်နာကြေးငွေကျပ် (၁၇၀၀၀၀၀၀/) စုစုပေါင်းငွေကျပ် (၅၀၀၀၀၀၀၀/-) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၃ ရက် (၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချိုဝင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
ဒက္ခိဏခရိုင်တရားရုံး

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၆

ဦးအောင်စိုး(ခ)ဦးမူရှုကရန် **နှင့်** ၁။ ဦးဝင်းတီ
၂။ ဦးအောင်မြတ်သူ
**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ချောင်းဝကျေးရွာ၊ ကွင်းအမှတ်-၁၀၆ နေ ဦးအောင်မြတ်သူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးအောင်စိုး(ခ)ဦးမူရှုကရန်က ဤရုံး၏ဇာရီမှုအမှတ်-၃၄၁/၂၀၁၉ တွင် ဝရမ်းကပ်ထားသောပစ္စည်းအပေါ် တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၅၈ အရ ဝရမ်းခွာလိုမှု လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက် (၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့နယ်ခွဲ၊ သဇင်ကျေးရွာရှိ ကွင်းအမှတ်-၁၉၈၈၊ သဇင်ကွင်း၊ ဦးပိုင်အမှတ် (N/21)၊ ဧရိယာ ၄ ဒသမ ၉၂ဧကေ၊ မြေအမျိုးအစား ဟိုတယ်မြေနှင့်ပတ်သက်၍ အမည်ပေါက်သူ ဒေါ်စန်းစန်းရီ (ဘ) ဦးဟံစိန် ၁၂/ဗတထ(နိုင်)၀၁၉၇၂၅ က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၃-၁၂-၂၀၁၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၉၄၂/၂၀၁၈) ဖြင့် အထူးကိုယ်စားလှယ်လွှဲစာကို ဒေါ်ဇာခြည်အောင် (ဘ)ဦးတိုးတိုးအောင် ၁၂/ဥကမ(နိုင်) ၁၇၂၂၈၁ သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ အထက်ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၉၄၂/၂၀၁၈) ကို လွှဲအပ်ထားသူ ဒေါ်စန်းစန်းရီက ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးဝင်း(ထုံးဘို) | ဦးသက်နိုင် | ဒေါ်ဗျူးလာဦး |
|---|---|---|
| LL.B,D.B.L | LL.B | LL.B,D.I.L |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဥ်-၈၆၃၅/၂၀၁၂ | စဥ်-၄၄၇၁၅/၂၀၁၄ | စဥ်-၄၉၂၂၄/၂၀၁၇ |

**MYO WIN & ASSOCIATES LAWFIRM**
အမှတ် (၁၂၈/၁၃၀)၊ ပထမထပ်၊ ၃၅လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း +၉၅၁၃၈၀၂၀၄၊ +၉၅၉၆၉၆၆၀၄၅၀၇၊ +၉၅၅၁၅၀၀၅၂၊ +၉၅၉၄၄၈၀၀၇၆၁၅
http;//www.myowinlawfirm.com,myowinlawfirm@gmail.com,

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာဦးမျိုးညွန့်(စာပေလောက)
## အသက်(၇၃)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်၊ မြန်မာ့ဂန္ထဝင်အတွဲ (၁၀၀)စာစဉ်ထုတ်ဝေရေးကော်မတီဝင် ဆရာကြီးဦးမျိုးညွန့်(စာပေလောက)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ဆရာကြီးကောင်းရာသုဂတိလားပါစေ။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊ လမ်း၊ တံတားတို့၏ သာသနာ့ဒါယကာကြီး
## ဦးသန်းလွင်
### ပီတိလူမှုကူညီရေးအသင်း(စမ်းချောင်း)၏ အသင်းနာယကကြီး

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်၃၁နေ ဦးသန်းလွင်သည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပီတိလူမှုကူညီရေးအသင်း(စမ်းချောင်း)**
**အသင်းသူ၊ အသင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းလွင်
## (ဥက္ကဋ္ဌ၊ ထူးသစ်၊ ငွေဇာပုလဲကုမ္ပဏီ)
## အသက်(၇၅)နှစ်

ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ၊ ဒုဥက္ကဋ္ဌ(၃)ဦးဇော်လင်း၏အစ်ကို ဦးသန်းလွင်(ထူးသစ်၊ ငွေဇာပုလဲကုမ္ပဏီ-ဥက္ကဋ္ဌ)သည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ**
**လှိုင်သာယာမြို့နယ်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်ဝင်း(KN) အသက်(၆၄)နှစ်
### သီဟသုဓမ္မမဏိဇောတဓရ၊
### သီရိသုဓမ္မမဏိဇောတဓရ
### မြန်မာပြည်သားဟော့ အအေးခန်းနှင့် ရေခဲစက်ရုံပိုင်ရှင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဖွဲ့စုံ(၈)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(ဆ/၂၀) နှင့် အမှတ်(၈၁) တက္ကသိုလ်ရိပ်သာလမ်းနေ(ဦးကြာ-ဒေါ်ကံရီ)တို့၏သားကြီး၊ သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းဇော်အောင်-မခင်သန္တာဝင်း၊ (မောင်အောင်ကိုကိုဝင်း)-မမေခိုင်အေး၊ (မောင်ရဲထွဋ်ဝင်း)၊ မနီနီရွှေဝင်း (ခေတ္တ U.S.A)၊ မောင်ညီနိုင်ဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ ဟိန်းနန္ဒာဝင်း၊ အိချယ်ရီဝင်း၊ ဆုမြတ်ကလျာဝင်း၊ အိမ့်မြတ်မာလာဝင်းတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ကမ္ဘာအေး နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ကမ္ဘာအေးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်ဝင်း(KN)
### သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
### မြန်မာပြည်သားဟော့ အအေးခန်းနှင့် ရေခဲစက်ရုံပိုင်ရှင်
### အသက်(၆၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျွဲဇင်းကျေးရွာနေ (ဦးကြာ-ဒေါ်ကံရီ)တို့၏သားကြီး၊ ဦးဆန်း ဝင်း-ဒေါ်ကြည်ဝင်းတို့၏မောင်၊ ဦးဝင်းမြင့်-ဒေါ်စန်းမြင့်၊ ဒေါ်ရွှေကြည်၊ ဒေါ်သင်းရီ၊ ကိုသန်းလွင်၊ မငြိမ်းထွေး-မောင်ခင်မောင်သိန်းတို့၏ အစ်ကို၊ တူ၊ တူမ ၁၆ယောက်တို့၏ဘကြီးသည် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကမ္ဘာအေး နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ကမ္ဘာအေးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## (၂၂) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင် (ငြိမ်း)

တုနှိုင်းမမီသော အနန္တကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့တာ
ယနေ့ ၉-၁-၂၀၂၀ ရက်မှာ (၂၂)နှစ်တိတိပြည့်ခဲ့ပါပြီ၊ ကြီးမားလှသော
ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။
ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသော
မေတ္တာတရားကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်
ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့ (၂၂)နှစ်ပြည့်မှာ
နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့်သဃ်နိုင်းကျွန်းရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးသင်
ပညာရေးကျောင်းတွင် ပြုလုပ်သည့် အလှူဒါန၊
ကောင်းမှုကုသိုလ်အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။
မြင့်မြတ်အေးချမ်းသော ဘုံဘဝမှာ သာစုခေါ်ပါ ဖေဖေ.....

**ချစ်ဇနီးသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးညွန့်(စာပေလောက)
## အသက်(၇၃)နှစ်

ဆရာဦးမျိုးညွန့်(စာပေလောကစာအုပ်တိုက်) (၂၀၁၉ခုနှစ် တစ်သက်တာထုတ်ဝေသူဆုရှင်)သည်၈-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက်၈:၃၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

### ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊မုခ်ဦး၊ ပိဋကတ်(၃)ပုံ၊ ကြေးပိဋကတ်(၃)ပုံ၊ ဘုန်းကြီးကျောင်းလမ်း၊ သာသနာ့ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်ရွှေ(ငြိမ်း) အသက်(၆၉)နှစ်
### အင်ဂျင်နီယာဌာန(ရေ/သန့်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် ၂၀/၂(မြေညီထပ်)နေ (အငြိမ်းစား စာတိုက်ဝန် ဦးကျော်ရင်- ဒေါ်ညွန့်ရီ)တို့၏ သမီး၊ (ဒေါ်မေကျော်)၊ (ဗိုလ်မှူးဝင်းကျော်)-ဒေါ်တင်ရွှေ၊ ဒေါ်တင်တင်ရီတို့၏ညီမ၊ ဦးကျော်မင်းဦး၊ ကိုလူဇော်-မအေးသီတာကျော်၊ မောင်မင်းညွန့်စိုးတို့၏ အဒေါ်၊ မဟေမာန်နှင်းသုန်၊ မောင်ကျော်မြတ်ထွဋ်တို့၏ ချစ်လှစွာသော ဘွားလေးသည် ၇-၁-၂၀၂၀ရက် နံနက် ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါက်တာဒေါ်ခင်သက်နီ (မြစ်ကြီးနား)
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### ဂုဏ်ထူးဆောင်ပါမောက္ခ
### ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်း (၂၀၄)နေ (ဦးနီ-ဒေါ်မြသင်)တို့၏ချစ်လှစွာ သောသမီး၊ Dr.ဦးဝင်းမော်-ဒေါ်သန်းသန်းနီ၊ ဦးညွန့်မောင်-ဒေါ်ရီရီစံ၊ ဒေါ်အုန်းအုန်းနီ၊ ဒေါ်အေးအေးနီ၊ ဦးညွန့်ဝေ-ဒေါ်ညိုညိုမြတ်၊ ဒေါ်ဆွေဆွေနီတို့၏ညီမ၊ ဦးအန်ထော်နီ၊ ဦးတင်မောင်နီ-ဒေါ်နန့်ဇူဇာနားတို့၏အစ်မ၊ ဦးကျော်စွာဝင်း-ဒေါ်ဂျိမ်းကွာ(S' pore)၊ Dr. ကျော်ထွန်းအေး-Dr.ထက်နွယ်ဝင်း(U.K)၊ ဒေါ်ခိုင်သဇင်ဝင်း(U.S.A)၊ ဒေါ်ထင်လင်းငယ်(Mega Co)၊ Dr.ထွဋ်အောင်ဝေ(U.K)တို့၏ ချစ်လှစွာသော အဒေါ်သည် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၁၂:၃၂နာရီတွင် ဘန်ကောက်မြို့ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း)
## ကြည်း-၂၂၄၇၇(တေဇ-၁၇)
## အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ ဦးစိုးလွင်-(ဒေါ်ကြည်ကြည်)တို့၏သားကြီး၊ သထုံမြို့နေ ဦးစိန်ရွှေ-ဒေါ်နန်းခင်တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီး နေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏အစ်ကို၊ ဒေါက်တာအောင်ဇော်ဖြိုး-မဆောင်းသက်ဇွန်စိုး၊ မောင်ပြည့်စုံဟိန်းတို့၏ဖခင်၊ မောင်ပြည့်ဖြိုးမောင်၏အဘိုး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၇၁၁)နေ ဒေါ်နော်ချယ်ရီ၏ခင်ပွန်း၊ ဗိုလ်မှူးဝင်းနေစိုး[(ငြိမ်း)၊ (ဌာနမှူး-ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ]သည် ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/6259 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ ရပ်ကွက်၊ မြေကွက်အမှတ် ၂၃/ခ၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ မြေကွက်တည်နေရာအမှတ် ၂၃/ခ၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၁၁၁၄၂၂ အမည်ပေါက် နှစ်၆၀ မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ဝင်း(ဖခင်)နှင့် ဒေါ်ခင်အေးကြည်(မိခင်)တို့ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၅၆၅၁/၁၉(၂၂-၄-၂၀၁၉)ဖြင့် ပိုင်ဆိုင်လာသူ သမီးများဖြစ်သည့် (၁)ဒေါ်ဇာလီတင်ဝင်း ၁၂/လသယ(နိုင်)၀၃၈၃၇၅ နှင့် (၂) ဒေါ်ရွှန်းလဲ့တင်ဝင်း ၁၂/လသယ(နိုင်)၀၆၃၀၈၈ တို့မှ နှစ်၆၀မြေငှားစာချုပ်ဂရန်မူရင်းမှာ ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါသဖြင့် အမှုတွဲအမှတ်-လသ/၁၀/၄၀၈/၉၅ (၃-၂-၉၅) အရ (၅-၃-၉၆) ရက်မှစ၍ ထုတ်ပေးခဲ့သည့် မူလနှစ်၆၀မြေငှားစာချုပ်ဂရန်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အမှတ်(၇၈)၊ (၈)လမ်း၊ သဘော်ာကျင်းရပ်ကွက်နေ ဦးသက်လွင် - ဒေါ်စန္ဒာအောင် တို့၏သား မောင်နိုင်မင်းထက် ၁၂/သကတ(နိုင်)၁၉၅၅၇၇ သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား မိဘများနှင့် မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်လွင်**

**သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးညွန့်
### အသက်(၇၃)နှစ်
### စာပေလောကစာအုပ်တိုက်နှင့်ပုံနှိပ်တိုက်

ရန်ကုန်မြို့နေ ဒေါ်ခင်မိုးခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေမျိုးညွန့်၊ ဒေါ်သွယ်သွယ်မျိုးညွန့်၊ ဦးဇော်မျိုးညွန့်၊ မဖြူစင်မျိုးညွန့်တို့၏ချစ်လှစွာသောဖခင် ဦးမျိုးညွန့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဇနီး ဒေါ်ခိုင်နွယ်ဦးမိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးမင်းသိုက်
### ပုံနှိပ်ကျွမ်းကျင်-၄(စက်)
### ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
### အသက်(၄၄)နှစ်

ဒေါ်တင်တင်မိုး၏ချစ်လှစွာသောခင်ပွန်း ဦးအေးမင်းသိုက်သည် ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှဆွေ
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
### ခရိုင်ဦးစီးဌာနမှူး(ငြိမ်း)
### အသက်(၈၅)နှစ်

(ဦးဘိုးဇံ-ဒေါ်ဖွားပေါ)တို့၏သား၊ (ဦးအုန်းစိန်-ဒေါ်လှရှိန်)တို့၏သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်၊ ကျောက်ပန်းတောင်းလမ်း၊ အမှတ်(၂၇၉/ခ)နေ ဒေါ်ရီရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေသင်းလှိုင်(ပညာရေးကောလိပ်၊ မိတ္ထီလာ-ငြိမ်း)၊ ဒေါ်ဆွေမိနိုင်(Suntac Co,Ltd)၊ ဦးကျော်ဆွေမို(ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်သူဇာတင်၊ ဦးကျော်ကျော်မွန်(မန္တလေးတိုင်းပညာရေး)-ဒေါ်မင်းမင်းမြတ်ဆွေ(မန္တလေးအဝေးသင်တက္ကသိုလ်)တို့၏ဖခင်၊ မောင်မင်းရဲမွန်၊ မရွှန်းလဲ့မင်းမွန်တို့၏အဘိုးသည် ၈-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မိတ္ထီလာမြို့ မြင်တော်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်၊ ကျောက်ပန်းတောင်း လမ်း၊ အမှတ်(၂၇၉/ခ)၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ညို(ပညာရေး-ငြိမ်း)(ကလော၊လှိုင်ကော်)၊
### ကယားပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
### ပြည်နယ်အတွင်းရေးမှူး(ငြိမ်း)
### အသက်(၆၆)နှစ်

ရွှေညောင်မြို့နေ (ဦးညီပု-ဒေါ်မြသီ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၂၇၀)၊ ရှင်စောပုလမ်း၊(၁၆)ရပ် ကွက်နေ ဦးတင့်ကြူ(လ/ထ မြို့နယ်ပညာရေးမှူး-ငြိမ်း)(အထက်တန်းရှေ့နေ)၏ချစ်လှစွာသော ဇနီး၊ ဗိုလ်ကြီး ဖုန်းမြင့်ဝင်း(ငြိမ်း)-ဒေါ်မီမီတင့်ညို၊ ဗိုလ်မှူးအောင်လွင်မျိုး(ယာယီတပ်ရင်းမှူး)-ဒေါ်ဂျူလိုင်တင့်ညိုတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မရွှန်းလဲ့မြတ်နိုး၊ မောင်ခန့်ဇေယျ၊မောင်ရဲမင်းမြတ်၊မောင်မင်းထွဋ်မြတ်တို့၏ အဘွားသည် ၇-၁-၂၀၂၀ရက်(အင်္ဂါ နေ့)ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁:၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၀ရက်(စနေနေ့)နံနက်တွင် အမှတ်(၂၇၀)၊ ရှင်စောပုလမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။(နေ အိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်စန်းမြင့်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၇၁)နေ ဦးဝင်းမြင့်-ဒေါ်ကြူကြူသိန်းတို့၏ညီမ၊ ဦးကျော်မိုး-ဒေါ်စုစုခိုင်၊ ဦးစောဆမ်ဆမ်ကျား-ဒေါ်ကြည်ကြည်ဝင်း၊ မအိပန်းနုဝင်းတို့၏အဒေါ်၊ မနော်ဒယ်မီမိုး၊ မနော်ဂျူလိုင်မိုးတို့၏ အဘွား၊ (ဦးစိန်ဝင်း)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်ဆန်းဝင်း)-ဒေါ်အိအိမွန်၊ ရဲအုပ်ဟန်ဝင်းအောင်-ဒေါ်အိအိခိုင်တို့၏မိခင်၊ မောင်သီဟနိုင်၊ မောင်အောင်ပြည့်စုံဦးတို့၏အဘွားသည် ၈-၁-၂၀၂၀ရက် နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်သိန်း
### ချမ်းသာဆေးတိုက်
### (ကျောက်ဖြူမြို့)
### အသက်(၆၃)နှစ်

ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ (ဦးစံကျော်ဖြူ-ဒေါ်အိမ်ချမ်းမ) တို့၏သားထွေး၊ (ဦးရွှေလူးဖြူ-ဒေါ်ချမ်းသာ)တို့၏သားသမက်၊ ဒေါ်ရွှေလှ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးထင်လင်းကျော်-ဒေါ်ညိုညိုဝင်းအေး၊ မအိအိကျော်၊ မောင်နိုင်လင်းကျော်၊ မနှင်းနှင်းကျော်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၉နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တရားနာယူပြီး မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၁၀/က၊ မြေညီထပ်)နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမျိုးညွန့်
### စာပေလောကစာအုပ်တိုက်နှင့်ပုံနှိပ်တိုက်
### အသက်(၇၃)နှစ်

